# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၂)၊ အမှတ် (၀၉၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားသို့ တက်ရောက်ဂုဏ်ပြု

**နေပြည်တော် ဇန်နဝါရီ ၃**

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက် မိန့်ခွန်းပြောကြားပြီး ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များကို ချီးမြှင့်အပ်နှင်းသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သီရိပျံ့ချီ စည်သူ မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူမိုးအောင်နှင့်ဇနီး၊ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်လက်ခံရယူကြမည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများ တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✪

**ယနေ့ ဖတ် စ ရာ**


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ — သဝဏ်လွှာ စာ - ၅

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း — ဘွဲ့တံဆိပ်တော်များ စာ - ၆

ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း — ဂုဏ်ထူးဆောင်ဘွဲ့ စာ - ၁၂

# စိန်ရတုမှသည် ကမ္ဘာတည်သရွေ့

ယနေ့သည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ၇၅ နှစ်တာသမိုင်းတွင် အကြီးကျယ် အခမ်းနားဆုံးဖြစ်သည့် စိန်ရတုလွတ်လပ်ရေးနေ့ အောင်ပွဲသဘင်ကို နိုင်ငံ၏ မြို့တော်ဖြစ်သည့် နေပြည်တော်တွင် ဆင်ယင်ကျင်းပသည့်နေ့ဖြစ်သည်။ နှစ်စဉ် လွတ်လပ်ရေးနေ့အခမ်းအနားများကို နိုင်ငံတစ်ဝန်း၌ ကျင်းပရခြင်းသည် နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရေးအတွက် ရာစုနှစ်နှင့်ချီ၍ အသက်၊ သွေး၊ ချွေးတို့ပေးဆပ်ကာ ရုန်းကန်ကြိုးပမ်းခဲ့ကြသော ဘိုးဘွားတို့၏ ကျေးဇူးတရားတို့ကို အောက်မေ့သတိရကြရန်၊ အခြားကမ္ဘာ့နိုင်ငံများနှင့်တန်းတူ လွတ်လပ်သော နိုင်ငံ၊ လွတ်လပ်သော နိုင်ငံသားများဟူသည့် ဘဝကို လေးစားမြတ်နိုး တန်ဖိုးထားနိုင်ကြစေရန်၊ ငြိမ်းချမ်းသာယာဝပြောသော၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို နိုင်ငံသားများ၊ တိုင်းရင်းသားများအားလုံးက တစည်းတလုံး၊ တညီတညွတ်တည်း ကြိုးပမ်းတည်ဆောက်နိုင်ကြစေရန်ဟူသည့် ရည်ရွယ်ချက်များ ပါဝင်ကိန်းအောင်းလျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံ၏ ဥပဓိရုပ်ပြည့်စုံစေရန်အတွက် (၁) ပိုင်နက်နယ်နိမိတ်၊ (၂) ယင်းနယ်နိမိတ်အတွင်း နေထိုင်ကြသည့် ပြည်သူများ၊ (၃) အချုပ်အခြာအာဏာနှင့် (၄) အုပ်ချုပ်သူအစိုးရ ဟူသော အင်္ဂါလေးရပ်နှင့် ပြည့်စုံဖို့လိုသည်။ ယင်းအင်္ဂါလေးရပ်အနက် တစ်ခုခုချို့ယွင်းပါက နိုင်ငံဟူသော အဆင့်အတန်းမှ လျောကျရတော့သည်။ နယ်ချဲ့လက်အောက်ကျရောက်ခဲ့ရသည့် မြန်မာနိုင်ငံ၏ သမိုင်းကို ပြန်ကြည့်လျှင်ပင် ဤသဘောကို ထင်ထင်ရှားရှား တွေ့မြင်နိုင်သည်။ နိုင်ငံ၏အမည်ကို “ဘားမား” ဟူသော မပီမသ အသံထွက်ဖြင့် ခေါ်ဝေါ်သတ်မှတ်ခံရပြီး နယ်ချဲ့သိမ်းပိုက်ခံထားရပြီးဖြစ်သည့် အိန္ဒိယ၏ပြည်နယ်တစ်ခုအဖြစ် သွတ်သွင်းခံခဲ့ရသည့်အတွက် ထိုကာလသည် ကမ္ဘာ့မြေပုံပေါ်တွင် မြန်မာနိုင်ငံပျောက်ကွယ်သွားရသည့် ကာလ၊ မြန်မာနိုင်ငံသားတို့သည်လည်း အိန္ဒိယ၏ ပြည်နယ်သားအဖြစ် သတ်မှတ်ခံခဲ့ရသည့် ကာလဖြစ်သည်။

နယ်ချဲ့လက်အောက်ခံ ကျွန်နိုင်ငံတစ်ခုထက် အဆင့်နိမ့်သည့် နိုင်ငံ၊ တစ်နည်းအားဖြင့် ကျွန်သပေါက်နိုင်ငံဘဝသို့ ရောက်ရှိခဲ့ရသည့် မိမိတို့ ဘိုးဘွားများ၏ နာကြည်းခံပြင်းမှုများနှင့် တိုင်းတစ်ပါးသားတို့၏ ဖိနှိပ်မှုများကြောင့် ထွက်ပေါ်လာသည့် တိုင်းချစ် ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်တို့ကို နှောင်းလူတို့ အပြည့်အဝ နားလည်နိုင်ရန် မလွယ်။ လွတ်လပ်ရေးအတွက် ရုန်းကန်တွန်းလှန်မှုများမှ ထွက်ပေါ်လာသည့် “ကမ္ဘာမကြေ၊ မြန်မာပြည်၊ ဒါဒို့ပြည်၊ ဒါဒို့မြေ၊ ဒို့ပိုင်တဲ့မြေ” ဟူသော သီချင်းစာသားက ယနေ့တိုင် သီဆိုသူ မြန်မာနိုင်ငံသား တို့၏ ရင်ထဲတွင် ကြက်သီးမွေးညင်းထစေသည်အထိ ဘိုးဘွားတို့၏ တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်တို့က ပူးကပ်လှုံ့ဆော်နှိုးဆွပေးနေဆဲဖြစ်သည်။

မျက်မှောက်ကမ္ဘာတွင် မိမိတို့သည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အဖြစ် ရပ်တည်လျက်ရှိသည်။ နိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်ရေးအတွက် နိုင်ငံ၏စွမ်းအားသုံးရပ်ဖြစ်သည့် နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအား၊ ကာကွယ်ရေးစွမ်းအားတို့ တောင့်တင်းခိုင်မာစေရန် တည်ဆောက်လျက်ရှိသည်။ အခြားတစ်ဖက်တွင်လည်း ပြည်တွင်းပြည်ပ အဖျက်အင်အားစုများက မိမိတို့နိုင်ငံကို ပြိုကွဲပျက်စီးစေရန်၊ အရှုံးနာလန်မထူနိုင်သည့် နိုင်ငံဘဝသို့ ကျရောက်စေရန် ဖိနှိပ်မှုများ၊ ကြံစည်ကြိုးပမ်းမှုများ၊ ဖျက်ဆီးမှုများကို အတွင်းအပြင် ပူးပေါင်း၍ ပြုလုပ်လျက်ရှိကြသည်။

နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ရာတွင် လည်းကောင်း၊ ပြည်တွင်းပြည်ပ အန္တရာယ်များမှ ကာကွယ်ရာတွင် လည်းကောင်း ပြည်တွင်းစည်းလုံးညီညွတ်မှုကသာလျှင် အဓိကအကျဆုံး အင်အားဖြစ်သည်ကို သတိမူကာ ဘယ်သူခွဲခွဲ မပြိုကွဲနိုင်သော စည်းလုံးညီညွတ်မှုကို တစ်ခဲနက်တည်ဆောက်နိုင်ကြစေရေး မြန်မာ့အလင်းက (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် ဆန္ဒပြုအပ်ပါကြောင်း။

မြေကမ္ဘာ ရှည်ကြာသည်အထိ ပြည်မြန်မာ အစွန့်ရှည်စွာ တည်ပါစေသတည်း။

## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန် ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး “ရှေ့သို့ချီမည်၊ ပန်းတိုင်ဆီ” (Keep Moving Forward to Achieve Our Goal) ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြု ပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာစေရေး။

## ၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၃

၂၀၂၃ ခုနှစ်၊ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၂၆ရက်မှစ၍ ဖိတ်ခေါ်ခဲ့ပြီး ဒီဇင်ဘာ ၂၈ ရက် ညနေ ၄ နာရီတွင် နောက်ဆုံးပေးပို့ရန် ဖိတ်ခေါ်ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် လွတ်လပ်ရေးရရှိရန် ကြိုးပမ်းဆောင်ရွက် ခဲ့မှု၊ သမိုင်းမှတ်တမ်းတစ်လျှောက် အစဉ်အလာကြီးမားခဲ့သည့် လွတ်လပ်ရေးနေ့၏ ပုံရိပ်များနှင့် လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ရမည့် မွန်မြတ်သော ရည်ရွယ်ချက်များ စသည့် လွတ်လပ်ရေး၏အနှစ်သာရကို ဖော်ကျူးရေးထားသည့် ဆောင်းပါး ၉၆ ပုဒ်ဖြင့် ပြိုင်ပွဲဝင် ၉၆ ဦးက ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ဆောင်းပါးပြိုင်ပွဲဝင် ဆောင်းပါးများအား မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ စာပေပညာရှင်ကြီးများက စိစစ်အကဲဖြတ်ကြရာ ပထမဆု ဘုန်းမောင်ဝင်း (ဖျာပုံ)၊ ဒုတိယဆု ငြိမ်းချမ်းမေ၊ တတိယဆု ရင်ငြိမ်းအေး (မေတ္တာမြေ) တို့က ရရှိခဲ့ကြပြီး အထူးဆုများအဖြစ် တင်ကိုဝင်း၊ မနေသစ် (ပခုက္ကူ)၊ မင်းသန်းနိုင်(မုဒုံ)၊ မင်းလပြည့် (ဟားခါး)၊ မောင်(ပုလဲမြေ)တို့က အသီးသီးရရှိကြသည်။

ဆုရရှိသူများအား ပြန်ကြားရေးဝန်ကြီး ဌာနက ဆုများ ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်အား ထပ်မံအသိပေး အကြောင်းကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၃

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

## ဆက်ကမ်းကာကွယ်ကြစို့

* ဤရေဤမြေ၊ ဤအခြေဟု
တည်နေပိုင်နက်၊ အမွေဆက်ကို
လက်ဝယ်ပိုင်ကြ၊ လွတ်ရေးရဖို့
များစွာသက်သွေး၊ ရင်းခဲ့ပေးမှ
ကိုယ့်ရေးကိုယ့်ရာ ၊ အချုပ်ခြာနှင့်
မြန်မာဟူဘိ ၊ ဂုဏ်သိမ်ရှိသည်
သိကြအများ လွန်ထင်ရှား...။

* ဤရေဤမြေ ၊ ဤအခြေဟု
တည်နေပိုင်းခြား ၊ မွေခံများကို
တစ်ပါးသူ့အောက် ၊ ပြန်မရောက်ဖို့
စောင့်ရှောက်ခဲ့ကြ ၊ ပြန်တွေးဆလည်း
များစွာသက်တွေ ၊ ရင်းခဲ့လေမှ
တည်နေချုပ်ခြာ ၊ ခွန့်တည်လာ၍
မြန်မာဟူဘိ ၊ ဂုဏ်သိမ်ရှိသည်
သိကြအများ လွန်ထင်ရှား...။

* ဤရေဤမြေ ၊ ဤအခြေဟု
တည်နေနောင်လည်း ၊ ခွန့်ရှည်မြဲဖို့
လှိုက်လှဲရင်လှ ၊ မျိုးမြန်မာတို့
ထင်စွာသမိုင်း ၊ တွေးဆင့်နှိုင်း၍
နက်ရှိုင်းစွာမြင် ၊ သတိယှဉ်လော့
ဆင်ကြံကြံကြ ၊ ပယောဂတည့်
နေ့ညမဟူ ၊ ညစ်ဉာဏ်ထူတို့
အတူပေါင်းစု ၊ ယုတ်မာမှုလျှင်
အနုတစ်ခန်း ၊ အကြမ်းတစ်လီ
အကြည်တစ်နည်း
ဝေးနီးဆုံလျက် ၊ ဉာဏ်နီနက်ဖြင့်
ထိုးနှက်တစ်ဆုံး ၊ ချုပ်ခြာဆုံးလိမ့်။

* အို . . .
အချိန်ယခု ၊ စိန်ရတုတည့်
စုစည်းထင်လာ ၊ မင်္ဂလာတို့
ရင်လှသို့တိုင် ၊ ပွဲတင်လှိုင်အောင်
ခိုင်မာမြဲမြံ ၊ သန္နိဋ္ဌာန်ကား
နိုင်ငံအရှည် ၊ အစွန့်တည်ဖို့
နောင်ညီသွေးသား ၊ မြန်မာများတို့
မခြားစိတ်ဝမ်း ၊ လွတ်လပ်ပန်းကို
ဆက်ကမ်း ကာကွယ်ကြမည်တည်း. . .။ ။

မောင်စိမ်းနောင်(လယ်ဝေး)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အမှတ်(၈၂) ခြေလျင်တပ်ရင်းမှ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၃၈၂၉၃ ဒုတိယဗိုလ်မှူးကြီး နိုင်ဘိုဘို အား သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အမှတ်(၅၈၅) ခြေမြန်တပ်ရင်းမှ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၄၁၂၄၇ ဗိုလ်မှူးဝင်းကျော် အား သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အမှတ်(၃၁၉) ခြေမြန်တပ်ရင်းမှ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၇၂၇၅၄ ဗိုလ်ကြီး စောရန်နောင် အား သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အမှတ်(၅၆) စစ်ရေယာဉ်စုမှ ကိုယ်ပိုင်အမှတ်၊ ၂၇၄၂၃ အုပ်ခွဲတပ်ကြပ်ကြီး/၁၃ သိန်းနိုင် ကိုယ်စား တပ်ကြပ်ကြီး အောင်ကျော်မင်း အား သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အမှတ်(၁၃) ခြေလျင်တပ်ရင်းမှ ကိုယ်ပိုင်အမှတ်၊ တ- ၄၉၃၉၅၀ ဒုတိယတပ်ကြပ် လဲန်လျန်ဆန်း ကိုယ်စား ဇနီး ဒေါ်သက်ဝေထွန်း အား သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အမှတ်(၂၆၈) ခြေလျင်တပ်ရင်းမှ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၃၅၉၆၇ ဗိုလ်မှူးကြီး ဝေမျိုးပိုင် ကိုယ်စား ဇနီး ဒေါ်မေခိုင်မွန် အား သူရဲကောင်းလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။

***ရှေ့ဖုံးမှ***

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာ့သမိုင်းစဉ်တစ်လျှောက်ရဲစွမ်းသတ္တိ ပြည့်ဝသည့် မျိုးချစ်သူရဲကောင်းများစွာ ပေါ်ထွက်ခဲ့ကြကြောင်း၊ ထိုကဲ့သို့ အမျိုးကိုချစ်သည့် သူရဲကောင်းများမြောက်မြားစွာ ပေါ်ထွက်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် မိမိတို့နိုင်ငံသားများ၏ တိုင်းပြည်နှင့် လူမျိုးအပေါ်ထားရှိသည့် သစ္စာတရားများကို တွေ့ရှိရမည်ပင်ဖြစ်ကြောင်းနှင့် ထိုက်တန်သည့် ဘွဲ့ထူးဂုဏ်ထူးများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

မိမိတို့တပ်မတော်သည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါက်ဖွားလာသည့် ပြည်ထောင်စု တပ်မတော်ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးရရှိအောင် ကြိုးစားခဲ့ရသည့်နည်းတူ လွတ်လပ်ရေးကို မဆုံးရှုံးရအောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည့် တပ်မတော်လည်းဖြစ်ကြောင်း၊ လွတ်လပ်ရေးရပြီးစကာလသည် နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နိုင်ငံတည်ရှိမှုအတွက် အစိုးရိမ်ရဆုံးကာလဖြစ်ခဲ့ကြောင်း၊ လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ်ရပ်တည်နိုင်ရေးအတွက် တပ်မတော်သည် တိုင်းပြည်နှင့်လူမျိုးအတွက် ရှိသည့်အင်အား၊ ရှိသည့်ခွန်အားများနှင့် အစွမ်းကုန် ဖြေရှင်းခဲ့ရကြောင်း၊ ရောင်စုံသောင်းကျန်းသူများကြောင့် လွတ်လပ်ရေးကြီး ထပ်မံမဆုံးရှုံးရစေရန်နှင့် ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးခြင်းမဖြစ်ရစေရန် တပ်မတော်သားများအနေဖြင့် အသက်ပေါင်းများစွာ ရင်းနှီးပေးဆပ်ခဲ့ပြီး ကာကွယ်ထိန်းသိမ်းခဲ့ကြရကြောင်း။

လွတ်လပ်ရေးရပြီးချိန်မှ ယနေ့ကာလအထိတိုင် တပ်မတော်အနေဖြင့် သစ္စာလေးချက်ကို ဦးထိပ်ပန်ဆင်ပြီး အစဉ်အလာ(၁၂)ရပ်နှင့်အညီ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်၏ ခေတ်အဆက်ဆက် အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်မှုများကို လေ့လာကြည့်မည်ဆိုပါက နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်သည့် အမျိုးသားနိုင်ငံရေး တာဝန်များကိုသာ ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း။

ထိုကဲ့သို့ သမိုင်းပေးတာဝန်များအပေါ်တွင် ရဲဝံ့ပြောင်မြောက်သည့် သူရသတ္တိနှင့် အသက်သွေးချွေးပေါင်းများစွာ ပေးဆပ်စွန့်လွှတ်ခဲ့ကြသူများကို နှစ်စဉ် လွတ်လပ်ရေးနေ့ရောက်တိုင်း နိုင်ငံတော်နှင့်တပ်မတော်က ဂုဏ်ပြုချီးမြှင့်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ပေးခြင်းသည် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းပင်ဖြစ်ကြောင်း။

ယနေ့အခမ်းအနားတွင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၃၂ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၂ ဦး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၃၉ ဦးတို့ကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ရဲဗလတံဆိပ်ရရှိသူ ၁၈၁ ဦး၊ စီမံထူးချွန်တံဆိပ်ရရှိသူ ၁၁၀၊ လူမှုထူးချွန်တံဆိပ်ရရှိသူ ၁၂ ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ်ရရှိသူ ၄ ဦး၊ ဝန်ဆောင်စီးပွား ထူးချွန်တံဆိပ်ရရှိသူ ၁၀ ဦး၊ သိပ္ပံပညာထူးချွန်တံဆိပ်ရရှိသူ ၄ ဦး၊ ဆေးပညာ ထူးချွန်တံဆိပ်ရရှိသူ ၁ ဦးနှင့် နည်းပညာထူးချွန်တံဆိပ်ရရှိသူ ၇၄ ဦး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၁၃၆ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၄၀၄ ဦးတို့ကိုလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား သက်ဆိုင်ရာတိုင်းမှူးများက တစ်ချိန်တည်းတစ်ပြိုင်တည်း ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

မိမိတို့ချီးမြှင့်ခြင်းခံရသည့် တပ်မတော်ဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ၏ တန်ဖိုး၊ ပိုင်းဖြတ်၍မရသည့် လေးနက်မှုကို မျိုးဆက်သစ်များမှျဝေခံစား၍ရအောင် လက်ဆင့်ကမ်းအမွေပေးသွားကြရန်၊ တပ်မတော်၏ နိုင်ငံတော် ကာကွယ်ရေးနှင့် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့ထံကျရောက်လာမည့် တာဝန်များနှင့် ပတ်သက်ပြီး ကျေပွန်အောင် ဆက်လက်ထမ်းဆောင်သွားကြရန်၊ လွတ်လပ်ရေး၏တန်ဖိုး၊ လွတ်လပ်ရေး၏အမွေကို သိရှိနားလည်ပြီး ဒို့တာဝန် အရေးသုံးပါးကို ထာဝစဉ်ကာကွယ် စောင့်ရှောက်မည်ဟူသည့် ယုံကြည်ချက်၊ ခံယူချက်နှင့် တပ်မတော်သားကောင်းများဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၃၂ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၂ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၃၉ ဦးတို့ကို ဆုတံဆိပ်နှင့် လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

***စာမျက်နှာ ၄ သို့***



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဒုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးမှ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၂၉၃၅၈ ဗိုလ်မှူးကြီး အောင်ဇော်မိုး အား ဂုဏ်ထူးဆောင်လက်မှတ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် မကွေးလေတပ်စခန်းဌာနချုပ်မှ ပြန်တမ်းဝင်အမှတ်၊ လေ ၂၃၈၁ ဗိုလ်မှူးကြီး ကျော်အောင် အား ဂုဏ်ထူးဆောင်လက်မှတ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အမှတ်(၃၀၁) ခြေမြန်တပ်ရင်းမှ ပြန်တမ်းဝင်အမှတ်၊ ကြည်း ၄၇၇၄၁ ဗိုလ်မှူး လှိုင်မျိုးအောင် ကိုယ်စား ဇနီး ဒေါ်ဝေမာမြင့် အား ဂုဏ်ထူးဆောင်လက်မှတ် ပေးအပ်ချီးမြှင့်စဉ်။

❋ သမိုင်းပေးတာဝန်များအပေါ်တွင် ရဲဝံ့ပြောင်မြောက်သည့် သူရသတ္တိနှင့် အသက်သွေးချွေး ပေါင်းများစွာ ပေးဆပ်စွန့်လွှတ်ခဲ့ကြသူများကို နှစ်စဉ် လွတ်လပ်ရေးနေ့ရောက်တိုင်း နိုင်ငံတော်နှင့် တပ်မတော်က ဂုဏ်ပြုချီးမြှင့်မှုများ ပြုလုပ်ပေးလျက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အမှတ်(၄) ကာကွယ်ရေးပစ္စည်းစက်ရုံမှ ကိုယ်ပိုင်အမှတ်၊ ဖ၃၅၆၈၉ အရာခံဗိုလ် ကျော်မျိုးခိုင် အား ဂုဏ်ထူးဆောင်လက်မှတ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အမှတ်(၇၀၁၃) သံချပ်ကာ တိုက်ခိုက်ရေးတပ်ရင်းမှ ကိုယ်ပိုင်အမှတ်၊ ဖ၃၉၂၆၆ တပ်ကြပ်ကြီး သက်ခိုင် အား ဂုဏ်ထူးဆောင်လက်မှတ် ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၃ မှ*

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်နှင့် လက်မှတ်များ ရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်ခံရသူများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။

**ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်**

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့်လက်မှတ်များ ချီးမြှင့်ခံရသူများကို ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်သည်။

**ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၂၃၅၁ ဦးရှိ**

တပ်မတော်တွင် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်ရရှိသူများအနေဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလအထိ အောင်ဆန်းသူရိယဘွဲ့ရရှိသူ ၆ ဦး၊ သီဟသူရဘွဲ့ရရှိသူ ၅၁ ဦး၊ သူရဘွဲ့ရရှိသူ ၅၅၄ ဦး၊ သီဟဗလတံဆိပ်ရရှိသူ ၆ ဦး၊ သူရဲကောင်းမှတ်တမ်းဝင်ရရှိသူ ၁၈၆၀၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၂၀၅၀၊ စစ်သေနာပတိချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၃၃၉ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၃၁၂၅ ဦး၊ စစ်သေနာပတိချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၉ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၂၃၅၁ ဦး ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၃

**၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘောဒီးယားပြည်သူများနှင့်အတူ မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နှုတ်ခွန်းဆက်သပါကြောင်း ပြောကြားလိုပါသည်။

လွန်ခဲ့သည့် နှစ်ပေါင်း(၆၇) နှစ်ကျော်ကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အပြန်အလှန်လေးစားမှုနှင့် နားလည်မှုတို့ကို အခြေခံ၍ နွေးထွေးချစ်ကြည်သည့် ဆက်ဆံရေးများ ရှိခဲ့ကြပါသည်။ မိမိတို့နှစ်နိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့် အာဆီယံအပါအဝင် အခြားသော ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ မူဘောင်အောက်မှ ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများအား ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် တိုးတက်သာယာဝပြောစေရေးအတွက် ဆုမွန်ကောင်း ပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါသည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် အဆွေတော်ထံသို့ လှိုက်လှဲစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ကို စည်းနှောင်ထားသည့် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအတွင်း ဗလာဒီဗော့စတော့မြို့၌ မိမိတို့၏နှစ်ဖက်တွေ့ဆုံမှုက အပြည့်အဝ ခိုင်မာစေခဲ့ပါသည်။

နှစ်နိုင်ငံအကြား ရရှိထားပြီးဖြစ်သည့် သဘောတူညီချက်များသည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့် ဒေသတွင်းတည်ငြိမ်မှုနှင့် လုံခြုံမှုတိုးမြှင့်စေရေးတို့အတွက် နယ်ပယ်စုံရှိ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်စေနိုင်ရန် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာ၍ အောင်မြင်မှုများရရှိပါစေကြောင်းနှင့် မြန်မာပြည်သူများ ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ နီပေါနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများအတွက် ဆုမွန်ကောင်းပို့သအပ်ပါသည်။ အဆွေတော်အနေဖြင့် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူများလည်း တိုးတက်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေးလ် မီရှူစတင် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အမျိုးသားရုံးပိတ်ရက်အခါသမယတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ ကိုယ်စားနှင့် မိမိတို့မှ အဆွေတော်ထံသို့ နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံကို ချစ်ကြည်ရင်းနှီးသည့် မိတ်ဖက်ဆက်ဆံရေးဖြင့် စည်းနှောင်ထားပါသည်။ နှစ်နိုင်ငံအစိုးရများအကြား တက်ကြွသည့် ပူးတွဲဆောင်ရွက်မှုများသည် ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာနှင့် လူသားချင်းစာနာမှုဆိုင်ရာ နယ်ပယ်များရှိ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေမည်ဖြစ်ပြီး အလားအလာရှိသော စီမံကိန်းများတိုးမြှင့်စေရန် အခြေအနေကောင်းများကိုဖြစ်ထွန်းရရှိမည်ဟု ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပြီး အရေးကြီးသော လုပ်ငန်းတာဝန်များတွင် အောင်မြင်မှုသစ်များ ရရှိပါစေကြောင်းနှင့် မြန်မာပြည်သူများ ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း လှိုက်လှဲစွာ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ နီပေါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ပူးရှ်ပါ ကာမယ်လ် ဒါဟဲလ် ပရာချန်ဒါ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခါသမယတွင် နီပေါပြည်သူများနှင့် နီပေါအစိုးရကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများအတွက် ဆုမွန်ကောင်း ပို့သအပ်ပါသည်။ အဆွေတော်အနေဖြင့် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် ချစ်ခင်ရင်းနှီးသည့် မြန်မာပြည်သူများလည်း ဆက်လက်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၃

**၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများက နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။**

### နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ လဗ် ရော့ဗ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် အဆွေတော်ထံ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှု အပြန်အလှန်နားလည်မှုတို့ဖြင့် ဖော်ကျူးထားသည့် အပြုသဘောဆောင်သည့် တက်ကြွသော မြန်မာ - ရုရှား ဆက်ဆံရေးအပေါ် မိမိတို့အနေဖြင့် ကျေနပ်အားရမိပါသည်။ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လတွင် နေပြည်တော်၌ မိမိတို့၏ ဆွေးနွေးမှုများအတွင်း ရရှိခဲ့သည့် သဘောတူညီချက်များအောက်မှ ယုံကြည်စိတ်ချရသည့် နိုင်ငံရေးဆွေးနွေးပွဲနှင့် ထိတွေ့ဆက်ဆံမှုများကို စဉ်ဆက်မပြတ် မြှင့်တင်သွားရန် မျှော်လင့်လျက်ရှိပါသည်။ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကို ခိုင်မာစေခြင်းက မိမိတို့နှစ်နိုင်ငံ ပြည်သူများ၏ အဓိကအကျိုးစီးပွားများကို ထွန်းကားစေမည်ဖြစ်ပြီး အရှေ့တောင်အာရှနှင့် အာရှ-ပစိဖိတ်ဒေသတစ်ခုလုံး၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရာတွင်လည်း အကျိုးပြုစေမည်ဟု ယုံကြည်ပါသည်။

အဆွေတော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများအားလုံး ကျန်းမာ၊ အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

## သာပေါင်းမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**သာပေါင်း ဇန်နဝါရီ ၃**

သာပေါင်းမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ဒီဇင်ဘာ ၂၉ ရက်က အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လဲ့လဲ့ဝင်းက လူငယ်စကားဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်များနှင့် အကြောင်းအရာတို့ကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများက တစ်ဦးချင်းဆွေးနွေးကြရာ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက ဆွေးနွေးချက်များကို ပြန်လည်မေးမြန်းကြကာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်း(သာပေါင်း)ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးနိုင်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေးနံရံကပ်စာစောင်များ ပြသထားရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၁ / ၂၀၂၃**
**၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်**
**(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်ဖော်ပြပါ ထင်ရှားကျော်ကြား၍သြဇာတိက္ကမကြီးခဲ့ပြီး ပျံလွန်တော်မူပြီးဖြစ်သော ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းလိုက်ပါသည်-

**အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တဉာဏဓဇ(လယ်တီဆရာတော်ကြီး)၊ မဟာလယ်တီကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တဇနကာဘိဝံသ(တောင်မြို့မဟာဂန္ဓာရုံဆရာတော်ကြီး)၊ မဟာဂန္ဓာရုံကျောင်း၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တဝိမလ(မိုးကုတ်ဆရာတော်ကြီး)၊ မင်္ဂလာကျောင်းတိုက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တသောဘန(မဟာစည်ဆရာတော်ကြီး)၊ မဟာစည်သာသနာ့ရိပ်သာကျောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဒေါက်တာဘဒ္ဒန္တသီလာနန္ဒာဘိဝံသ (ပါဠိ-ရှိမန်ဆရာတော်ကြီး)၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ် (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တကုမာရ၊ ကျောက်ဆည်ဝေဘူချောင်ကျောင်း၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တကဝိ၊ စွန်းလွန်းဂူကျောင်းတိုက်၊ စွန်းလွန်းကျေးရွာ၊ မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တဥတ္တမ၊ ရွှေစေတီကျောင်းတိုက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်

၄။ ဘဒ္ဒန္တဥက္ကဋ္ဌ၊ သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၊ နှောကုန်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဘဒ္ဒန္တဝိစာရ၊ ဝေဠုဝန်ကျောင်းတိုက် ၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၂ / ၂၀၂၃**
**၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်**
**(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ က အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း၊ ပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းလိုက်ပါသည်-

**အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တလာဘသန၊ လှည်းဘီးစာသင်တိုက်၊ ကန်ဖျားရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တအာဒိစ္စဝံသ၊ ဝဲကြီးစာသင်တိုက်၊ ဝဲကြီးကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၃။ ဘဒ္ဒန္တသိရိန္ဒ၊ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်စာသင်တိုက်၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တသာသနာဘိဝံသ၊ သုဓမ္မဝတီအုဌ်ကျောင်း၊ မိုးကောင်းတိုက်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တစက္ကိန္ဒာဘိဝံသ၊ နဂါးကျောင်းစာသင်တိုက်၊ အနောက်ပိုင်းရပ်ကွက်၊ ကျောက်ဖြူမြို့၊ ရခိုင်ပြည်နယ်

၆။ ဘဒ္ဒန္တဂုဏိကာဘိဝံသ၊ ကံသုံးဆင့်စာသင်တိုက်၊ အမှတ်(၁/က) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဘဒ္ဒန္တဂုဏာလင်္ကာရာဘိဝံသ၊ စိန္တာမုနိစာသင်တိုက်၊ အမှတ် (၁) ရပ်ကွက်၊ ကျောက်မဲမြို့၊ ရှမ်းပြည်နယ်

၈။ ဘဒ္ဒန္တဝိသုဒ္ဓ၊ ဘိုးသိန်းတန်စာသင်တိုက်၊ ညောင်ပင်ရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၉။ Most Venerable Prof. Kumburugamuwe Vajira Maha Thero, Vidyalankara Pirivena, Peliyagoda, Kelaniya ၊ သီရိလင်္ကာနိုင်ငံ

၁၀။ Somdet Phramahathirachan, Prachetuphon Wimon–mangkalaram ၊ ထိုင်းနိုင်ငံ

**အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တဝိဇ္ဇာနန္ဒာဘိဝံသ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ရှင်ဖြူရှင်လှကျေးရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တပဏ္ဍာဝံသ၊ ရွှေဘုန်းရှိန်သီကျောင်းတိုက်၊ နန်းဦးမြို့သစ်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တနာရဒ၊ မော်တောင်စာသင်တိုက်၊ တပ်ပြင်ရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တဝိလာသ၊ ကန်ဦးစာသင်တိုက်၊ ရေဆင်းကျေးရွာ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

၅။ ဘဒ္ဒန္တဝိပုလ၊ ဦးဆင်ကြီးကျောင်း၊ မြို့မ (၁) မင်းတဲရပ်ကွက်၊ ပြွန်တန်ဆာမြို့၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တသူရိယာဘိဝံသ၊ မင်းကျောင်းစာသင်တိုက်၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တသုမင်္ဂလ၊ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တကောဝိဒ၊ ရွှေမဥ္ဇူကျောင်းတိုက်၊ ညောင်စာရေးကျေးရွာ၊ ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၉။ ဒေါက်တာဘဒ္ဒန္တဝိစက္ခဏာလင်္ကာရာဘိဝံသ၊ သာမဏေကျော်စာသင်တိုက်၊ ဥဿာမြို့သစ် အမှတ်(၆/၁၈)ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တဝိဇယ၊ စတုဘုမ္မိကမဂ္ဂင်ရိပ်သာကျောင်းတိုက်၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တဝိလာသာဘိဝံသ၊ စလင်းဝိဘဇ္ဇဝါဒီကျောင်းတိုက်၊ မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တကေသရ၊ သာသနဝေပုလ္လပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ရန်မျိုးအောင်ရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး

၁၃။ ဒေါက်တာဘဒ္ဒန္တဉာဏောဘာသ၊ တပ်ဦးမဟာဂန္ဓာရုံကျောင်းတိုက်၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

၁၄။ ဘန္ဒန္တကောသလ္လ၊ အတုလရန်အောင်စာသင်တိုက်၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၁၅။ ဘဒ္ဒန္တကလျာဏ၊ မဟာဗောဓိစာသင်တိုက်၊ အမှတ်(၆) ရပ်ကွက်၊ သံတွဲမြို့၊ ရခိုင်ပြည်နယ်

၁၆။ ဘဒ္ဒန္တကဝိဓဇာဘိဝံသ ၊ သုခကာရီစာသင်တိုက်၊ အမှတ် (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇။ ဒေါက်တာဘဒ္ဒန္တဝိသုတာဘိဝံသ၊ ဝါးရုံတောသာသနပါလစာသင်တိုက်၊ ပြည်တော်သာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ဒေါက်တာဘဒ္ဒန္တဝိနယာလင်္ကာရ၊ မဟာဝိနယာလင်္ကာရကျောင်းတိုက်၊ အမှတ် (၆၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၉။ ဘဒ္ဒန္တက္ကန္ဒပါလ၊ တိပိဋကပုလဲရောင်ရှိန်စာသင်တိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တဂရုဝံသာဘိဝံသ၊ ဓမ္မဝိဟာရပထမကျော်စာသင်တိုက်၊ အမှတ်(င/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၁။ ဘဒ္ဒန္တကလျာဏ၊ မြို့မစာသင်တိုက်၊ အမှတ်(၂)ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

၂၂။ ဘဒ္ဒန္တပညာဓိက၊ မောင်းထောင်ကျောင်းစာသင်တိုက်၊ အမှတ် (၂) ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၂၃။ ဘဒ္ဒန္တဉာဏသဃရီ၊ ဗိနာဇုရီရှောရှန်ကျောင်းတိုက်၊ ဗိနာဇုရီရပ်ကွက်၊ ရာဥဇာန်မြို့၊ စစ်တကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ

၂၄။ Most Venerable Tilakananda Mahathera, Moghban Shakyamuni Buddha Vihara Rupakari, BaghaiChhari Upazilla, Rangamati Hill District, CHT၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ

၂၅။ Most Venerable Dr. Ittepana Dhammalankara Mahanayaka Thero, Dharmavijayaloka Maha Viharaya, Rukmale, Pannipitiya၊ သီရိလင်္ကာနိုင်ငံ

၂၆။ Most Venerable Omare Kassapa Anunayaka Thero, Ilangamgoda Ancient Rajamaha Viharaya, Vidyaniketha Pirivena, Sapugoda, Kamburupitiya၊ သီရိလင်္ကာနိုင်ငံ

၂၇။ Most Venerable Balangoda Sobhitha Nayake Thero, Vidyodaya Pirivena ကျောင်းတိုက်၊ ကိုလံဘိုမြို့၊ သီရိလင်္ကာနိုင်ငံ

၂၈။ ဘဒ္ဒန္တပိယာနန္ဒ၊ ကန္ဒုဗောဓမဟာစည်ဝိပဿနာတရားရိပ်သာကျောင်းတိုက်၊ ဒေလ်ဂေါဓမြို့၊ သီရိလင်္ကာနိုင်ငံ

၂၉။ ဘဒ္ဒန္တဉာဏုတ္တရ၊ ဂျောရှင်းအန်းဝိပဿနာတရားရိပ်သာ၊ ထေရဝါဒဓမ္မစာရီမြန်မာကျောင်းတိုက်၊ အိအိဂျီမရပ်ကွက်၊ ဟိုခိုတမြို့၊ ဂျပန်နိုင်ငံ

၃၀။ Most Venerable Prof. Muwaetagama Gnanananda Thero, Sirivijita Maha Viharaya, New Elpitiya South Gelioya Kandy ၊ သီရိလင်္ကာနိုင်ငံ

**တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တဝီရိယာနန္ဒ၊ မင်းကွန်းတိပိဋကကျောင်းတော်၊ အမှတ်(၁၂) ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တပညာစက္က၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ လောဓမ္မရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်

၂။ ဘဒ္ဒန္တဝဏ္ဏိသရ၊ ပရိယတ္တိသဒ္ဓမ္မဝါစီမင်းကျောင်းစာသင်တိုက်၊ အမှတ် (၁) ရပ်ကွက်၊ ကြာအင်းဆိပ်ကြီးမြို့၊ ကရင်ပြည်နယ်

၃။ ဘဒ္ဒန္တကုဏ္ဍလ၊ သဒ္ဓမ္မနန္ဒစာသင်တိုက်၊ ပင်းကြိုင်းစံပြကျေးရွာ၊ ပင်လည်ဘူးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တဝိဇ္ဇောဒယ၊ ဃောသိတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကညံ့ရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တဇဝနတိက္ခ၊ ပါဠိတက္ကသိုလ်မင်္ဂလာဇေယျာစာသင်တိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်

၆။ ဘဒ္ဒန္တသဒ္ဓမ္မောဒယ၊ ဘိုကြီးကုန်းစာသင်တိုက်၊ ဘိုကြီးကုန်းကျေးရွာ၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တသုန္ဒရ၊ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်စာသင်တိုက်၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တဝဏ္ဏိတ၊ ဥဿာသီရိစာသင်တိုက်၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တကုမာရ၊ မဟာသုခိတာရာမစိန်ပန်းကျောင်းတိုက်၊ စာစီကျောင်းရပ်ကွက်၊ စလင်းမြို့၊ မကွေးတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တနန္ဒောဘာသ၊ မဟာဝိဇိတာရာမရန်အောင်မင်းကျောင်းစာသင်တိုက်၊ ကျောင်းတိုက်စုရပ်ကွက်၊ ရမည်းသင်းမြို့၊ မန္တလေးတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တပညာဓိက၊ ဒဟတ္တောစာသင်တိုက်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တစန္ဒ၊ ရတနာဒေဝသာရုံ(ခြသေ့်ကျောင်းတိုက်)၊ ကမာဝက်မြို့၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်

၁၃။ ဘဒ္ဒန္တဇဝန၊ ဇရပ်ပြင်စာသင်တိုက်၊ အမှတ် (၁) ရပ်ကွက်၊ လေးတောင်မြို့၊ ရမ်းဗြဲမြို့နယ်၊ ရခိုင်ပြည်နယ်

၁၄။ ဘဒ္ဒန္တပညာဝရ၊ ဓမ္မစေတီစာသင်တိုက်၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၅။ ဘဒ္ဒန္တဝါယမိန္ဒ၊ ရွှေမြယာစာသင်တိုက်၊ ရွှေမြယာကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ဘဒ္ဒန္တပညာဓဇ၊ သာယာကုန်းပြာသာဒ်ကျောင်းတိုက်၊ အမှတ် (၂) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇။ ဘဒ္ဒန္တခေမာစာရ၊ ရွာမစာသင်တိုက်၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တပဏ္ဍိတ၊ ကျောက်ပန်းတောင်းကျောင်းစာသင်တိုက်၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၉။ ဘဒ္ဒန္တသာသနဝရ၊ စိန်ရတနာဓမ္မာစရိယစာသင်တိုက်၊ မြို့မကျောင်းလမ်းရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

၂၀။ ဘဒ္ဒန္တဝိသုဒ္ဓ၊ ရွှေညောင်ပင်တောရစာသင်တိုက်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၁။ ဒေါက်တာဘဒ္ဒန္တကေတု၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၂။ ဒေါက်တာဘဒ္ဒန္တပုညနန္ဒ၊ သီရိမင်္ဂလာမန်ဆူ(ရှမ်း)စာသင်တိုက်၊ အမှတ် (၁၂) ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

၂၃။ ဘဒ္ဒန္တဇောတိသ၊ ပိန္နဲကွင်းကျောင်းတိုက်၊ ပိန္နဲကွင်းကျေးရွာ၊ ကြံခင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၂၄။ ဘဒ္ဒန္တဝိဝေကာနန္ဒ၊ သဒ္ဓမ္မဇောတိကာရုံစာသင်တိုက်၊ ဟိုင်းကြီးကျွန်းမြို့၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီး**

၂၅။ ဘဒ္ဒန္တသောဘဏ၊ မိုဂျီကမ္ဘာ့အေးစေတီကျောင်း၊ မြန်မာဘုန်းတော်ကြီးကျောင်းတိုက်၊ ခိတကျူးရှူးမြို့၊ ဂျပန်နိုင်ငံ

**သီလရှင်ဆရာကြီးများ**

၂၆။ ဒေါ်ယုစန္ဒာ၊ ထေရဝါဒဗုဒ္ဓသာသနာပြုစန္ဒာရာမ သီလရှင်စာသင်တိုက်၊ ကျွန်းတောရပ်ကွက်၊ မိုးကောင်းမြို့၊ ကချင်ပြည်နယ်

၂၇။ ဒေါ်နန္ဒမာလာ၊ ခေမာသိရီသီလရှင်စာသင်တိုက်၊ မြသလွန်ကုန်းမြေ၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး

၂၈။ ဒေါ်ခေမာစာရီ၊ ဓမ္မဝိဟာရီ သီလရှင်စာသင်တိုက်၊ မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

**မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တပိဏ္ဍောလဝံသ၊ သာဝတ္ထိစာသင်တိုက်၊ မင်္ဂလာရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်

၂။ ဘဒ္ဒန္တနာဂဝံသ၊ ခွယ်ကဘောင်ပညာ့ဥယျာဉ်ကျောင်းတိုက်၊ အမှတ် (၉) ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်

၃။ ဘဒ္ဒန္တစက္ကိန္ဒ၊ ဟံသာဂီရိစာသင်တိုက်၊ ဝါးချက်ကျေးရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တခေမိန္ဒ၊ ဓမ္မပါရဂူပါဠိတက္ကသိုလ် ကျောင်းတိုက်၊ ဆူးလေကုန်းရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တသီလာစာရ၊ မဟာဇောတိကာရာမကျောင်းတိုက်၊ ဘုန်းစိုးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တနရသီဟ၊ ဘုရားငါးဆူစာသင်တိုက်၊ ကန်ဖျားရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တကောဏ္ဍည၊ ငွေတောင်တောရစာသင်တိုက်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၈။ ဘဒ္ဒန္တစာရိတ္တ၊ သဒ္ဓမ္မဝေပုလ္လစာသင်တိုက်၊ ဒက္ခိဏသီရိရပ်ကွက်၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်

၉။ ဘဒ္ဒန္တသာသနဇောတိ၊ ကန်တော်မင်္ဂလာစာသင်တိုက်၊ သရက်တောရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တရာဇိန္ဒ ၊ ပန်းလှိုင်စာသင်တိုက်၊ ပန်းလှိုင်ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၁၁။ ဒေါက်တာဘဒ္ဒန္တတေဇနိယာလင်္ကာရ၊ မဟာဂန္ဓာရုံစာသင်တိုက်၊ အမှတ်(၁)ရပ်ကွက်၊ မြို့လှမြို့၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တဇဋိလ၊ ရွှေစေတီပါဠိတက္ကသိုလ်တိုက်သစ်၊ ရွှေကြာငုံရပ်ကွက်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တသုမန၊ အောင်မြေရတနာကျောင်းတိုက်၊ ကန်သာရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး

၁၄။ ဘဒ္ဒန္တသုဇန၊ မှန်ကင်းစာသင်တိုက်၊ အမှတ်(၄)ရပ်ကွက်၊ စကုမြို့၊ မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၅။ ဘဒ္ဒန္တအရိန္ဒမ၊ ဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက်၊ ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

၁၆။ ဘဒ္ဒန္တယသဓမ္မ၊ အလိုတော်ပြည့်စာသင်တိုက်၊ အမှတ်(၇) ရပ်ကွက်၊ ညောင်ဦးမြို့၊ မန္တလေးတိုင်းဒေသကြီး

၁၇။ ဘဒ္ဒန္တပညာသာမိ၊ မဟာရွှေစေတီစာသင်တိုက်၊ ကြက်မင်းတွန်ရပ်ကွက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တကေသရ၊ မြို့လယ်ရွှေစည်းခုံစာသင်တိုက်၊ ရပ်ကွက်ကြီး (၄)၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

၁၉။ ဘဒ္ဒန္တပညာဝံသ၊ စံဝတီကျောင်းတိုက်၊ ငြိမ်းချမ်းသာစံကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တဝေပုလ္လသာမိ၊ မဟာဝိဇိတာရုံစာသင်တိုက်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၁။ ဘဒ္ဒန္တဝရဉာဏာလင်္ကာရာဘိဝံသ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၂။ ဘဒ္ဒန္တနန္ဒန၊ ဇိနရုံသီစာသင်တိုက်၊ ကွမ်တာကျေးရွာ၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်

၂၃။ ဒေါက်တာဘဒ္ဒန္တခေမာဝံသ၊ ဘုရားသုံးဆူစာသင်တိုက်၊ တောင်သူစုရပ်ကွက်၊ ကျိုက်ထိုမြို့၊ မွန်ပြည်နယ်

၂၄။ ဘဒ္ဒန္တဓမ္မိက၊ တောင်ရွှေရွာကျောင်းတိုက်၊ ကုန်တန်းရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်

၂၅။ ဘဒ္ဒန္တဇောဂရ၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ကျောက်ကြီးကျေးရွာ၊ သံတွဲမြို့နယ်၊ ရခိုင်ပြည်နယ်

၂၆။ ဘဒ္ဒန္တကဥ္စန၊ လှိုင်ရတနာစာသင်တိုက်၊ အမှတ် (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၇။ ဘဒ္ဒန္တမေဓာဝီ၊ ပါဠိတက္ကသိုလ်သီရိမင်္ဂလာ ပျော်ဘွယ်စာသင်တိုက်၊ အမှတ် (၂) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၈။ ဘဒ္ဒန္တကဝိန္ဒာစာရာဘိဝံသ၊ တုလွတ်စံစာသင်တိုက်၊ သိမ်ဖြူမြီးရထားရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၉။ ဘဒ္ဒန္တဝါသေဋ္ဌ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ အမှတ် (၄၂) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၀။ ဒေါက်တာဘဒ္ဒန္တဇနက၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ် (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၁။ ဘဒ္ဒန္တတိက္ခဉာဏ၊ ငွေကြာရုံစာသင်တိုက်၊ အမှတ် (၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၂။ ဒေါက်တာဘဒ္ဒန္တတိက္ခ၊ လင်းလွန်းပင်စာသင်တိုက်၊ လင်းလွန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၃။ ဘဒ္ဒန္တဝဇိရဉာဏ၊ ထိန်ထိန်ဝင်းစာသင်တိုက်၊ အမှတ်(၁၅) ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၄။ ဒေါက်တာဘဒ္ဒန္တ ဝိနယာစာရ၊ ဇေယျာသုခစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ အမှတ် (၇) ရပ်ကွက်၊ နမ့်ခမ်းမြို့၊ ရှမ်းပြည်နယ်

၃၅။ ဘဒ္ဒန္တစာရိန္ဒ၊ နားကုန်းကျောင်းစာသင်တိုက်၊ နားကုန်းကျေးရွာ၊ လင်းခေးမြို့နယ်၊ ရှမ်းပြည်နယ်

၃၆။ ဘဒ္ဒန္တပညာဗလ၊ မကုဋ္ဌဝတီစာသင်တိုက်၊ အမှတ် (၇) ရပ်ကွက်၊ ကျောက်မဲမြို့၊ ရှမ်းပြည်နယ်

၃၇။ ဘဒ္ဒန္တအာဒိစ္စာဘိဝံသ၊ ရွှေဟင်္သာတောရစာသင်တိုက်၊ အမှတ် (၇) ရပ်ကွက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီး**

၃၈။ ဘဒ္ဒန္တကုသလ၊ လင်ဂျူးတောင်ဗုဒ္ဓသာသနာပြုကျောင်း၊ ဟောင်ကောင်မြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

**သီလရှင်ဆရာကြီးများ**

၃၉။ ဒေါ်ကလျာသိင်္ဂီ၊ သမိဒ္ဓေါဒယသီလရှင်စာသင်တိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄၀။ ဒေါ်အညေသီ၊ ဒေသဝတီသီလရှင်စာသင်တိုက်၊ လယ်တီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄၁။ ဒေါ်နန္ဒမာနီ၊ ပြင်ကြီးသာသနဝေပုလ္လသီလရှင်စာသင်တိုက်၊ တပင်ရွှေထီးရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၄၂။ ဒေါ်ခေမာသီ၊ သာသနဝေပုလ္လကာရီပရဟိတ သီလရှင်စာသင်တိုက်၊ စက်မှုဇုံကွက်သစ်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး

၄၃။ ဒေါ်သုစိန္တီ၊ ရတနာပုံစံကျောင်း သီလရှင်စာသင်တိုက်၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄၄။ ဒေါ်မာလာသိင်္ဂီ၊ ဇောဓိမဏ္ဍိုင်သီလရှင်စာသင်တိုက်၊ မဟာနွယ်စဉ်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄၅။ ဒေါ်တုလဝတီ၊ သမိဒ္ဓေါဒယသုခိတာရာမ ဒေါ်ဉာဏစာရီမြန်အောင်သီလရှင်စာသင်တိုက်၊ မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တသူရိယာလင်္ကာရ၊ သာသနာ့ဝန်ဆောင်မြို့ဦးကျောင်းတိုက်၊ ရန်ကြီးအောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တဝဏ္ဏိတာနန္ဒ၊ လောဓမ္မစာသင်တိုက်၊ လောဓမ္မရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်

၃။ ဘဒ္ဒန္တဥတ္တမ၊ ရွှေသာလျောင်းစာသင်တိုက်၊ အမှတ် (၄) ရပ်ကွက်၊ ဘုရားသုံးဆူမြို့၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကရင်ပြည်နယ်

၄။ ဘဒ္ဒန္တပဏ္ဍိတ၊ သုဝဏ္ဏဂိရိတိုင်တစ်ရာကျောင်းတိုက်၊ အမှတ်(၄) ရပ်ကွက်၊ ဘုရားသုံးဆူမြို့၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကရင်ပြည်နယ်

၅။ ဘဒ္ဒန္တဝိသုဒ္ဓါစာရ၊ ရွှေရတနာစာသင်တိုက်၊ ပုဂံရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တပဏ္ဍိတ၊ ရွှေဖောင်ဦးစာသင်တိုက်၊ ရန်ကြီးအောင်ရပ်ကွက်၊ ဇီးကုန်းမြို့၊ ကန့်ဘလူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တပညာစာရ၊ သီရိမင်္ဂလာစာသင်တိုက်၊ ရန်ကြီးအောင်ကွက်သစ်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တဇဋိလ၊ ရန်ကင်းစာသင်တိုက်၊ ရန်ကင်းရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တကောဝိဒ၊ တိပိဋကာလင်္ကာရကျောင်းတိုက်၊ အောင်ချမ်းသာရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တအဂ္ဂဉာဏ၊ နိဗ္ဗာန်အေးစာသင်တိုက်၊ ပိတောက်ရွှေဝါရပ်ကွက်၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တပညာသိရီ၊ ဇေယျဝတီကျောင်းတိုက်၊ ပိန္နဲတောရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တဇာဂရ၊ မာန်အောင်စာသင်တိုက်၊ ရန်အောင် (၂) ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်

၁၃။ ဘဒ္ဒန္တကုသလ၊ ရတနသိဒ္ဓိစာသင်တိုက်၊ မင်္ဂလာရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်

၁၄။ ဘဒ္ဒန္တကာရုည၊ မစိုးရိမ်တိုက်သစ်၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

၁၅။ ဘဒ္ဒန္တဉာဏုတ္တရ၊ မဟာဝိဇိတာရုံစာသင်တိုက်၊ အောင်ဇမ္ဗူရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

၁၆။ ဘဒ္ဒန္တအဂ္ဂိနန္ဒ၊ ဒက္ခိဏာရာမအသောကာရုံတောင်ကျောင်းစာသင်တိုက်၊ မြို့မ(၄)ရပ်ကွက်၊ ညောင်လေးပင်မြို့၊ ပဲခူးတိုင်းဒေသကြီး

၁၇။ ဒေါက်တာဘဒ္ဒန္တသြဘာသ၊ ဝင်္ကဘာတောရ(ဘ/က)စာသင်တိုက်၊ နဝဒေးရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး

၁၈။ ဒေါက်တာဘဒ္ဒန္တသီဟနာဒါလင်္ကာရ၊ ဓမ္မာလင်္ကာရသာမဏေကျော်စာသင်တိုက်၊ ဗိုလ်ဘုန်းရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၁၉။ ဘဒ္ဒန္တဉာဏိသရ၊ မဟာပညာဗိမာန်စာသင်တိုက်၊ ရှမ်းကုန်း/ကြေးနန်းတန်းရပ်ကွက်၊ ရွှေကျင်မြို့၊ ပဲခူးတိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တစန္ဒာဝရ၊ မဟာဂန္ထဝင်စာသင်တိုက်၊ အုန်းတောရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး

၂၁။ ဘဒ္ဒန္တကေသဝ၊ စလင်းစာသင်တိုက်၊ အမှတ် (၁၀) ရပ်ကွက်၊ ချောက်မြို့၊ မကွေးတိုင်းဒေသကြီး

၂၂။ ဘဒ္ဒန္တဝိလာသဂ္ဂ၊ ဆုကြီးပန်ကျောင်းတိုက်၊ အမှတ်(၁၅)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး

၂၃။ ဘဒ္ဒန္တသုဝဏ္ဏ၊ ပြည်တော်သာစာသင်တိုက်၊ ပြည်တော်သာရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး

၂၄။ ဘဒ္ဒန္တပညာသာရ၊ ဘေးလုံစာသင်တိုက်၊ နီပါးတန်းရပ်ကွက်၊ တံတားဦးမြို့၊ မန္တလေးတိုင်းဒေသကြီး

၂၅။ ဘဒ္ဒန္တသောဘိတ၊ မဟာဗောဓိကုန်းစာသင်တိုက်၊ ကတင်ကျေးရွာ၊ ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၆။ ဘဒ္ဒန္တဝိစက္ခဏ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါ်နဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၇။ ဒေါက်တာဘဒ္ဒန္တဝိဇ္ဇောဘာသာလင်္ကာရာဘိဝံသ၊ ပေါင်းလောင်းလေးတောရပရိယတ္တိ၊ပဋိပတ္တိကျောင်းတိုက်၊ ပေါင်းလောင်းလေးကျေးရွာ၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၈။ ဘဒ္ဒန္တဃောသိတ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါ်နဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၉။ ဒေါက်တာဘဒ္ဒန္တဝါယာမာနန္ဒ၊ ရွှေဆံနွယ်ရတနာဖြိုးဝေစာသင်တိုက်၊ ကင်းလတ်ကျေးရွာ၊ စဥ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃၀။ ဘဒ္ဒန္တပညာဇောတ၊ မဟာဝိဇိတာရုံစာသင်တိုက်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃၁။ ဘဒ္ဒန္တမဏ္ဍလ၊ ဝိသုဒ္ဓါရုံရေဦးစာသင်တိုက်၊ ယဉ်တော်ကျေးရွာ၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃၂။ ဘဒ္ဒန္တဝိသုတ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ရွှေမြိုင်သီရိရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၃၃။ ဘဒ္ဒန္တစန္ဒောဘာသ၊ လမ်းမတော်ကျောင်းစာသင်တိုက်၊ ကွေ့ဝမ်းကျေးရွာ၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်

၃၄။ ဘဒ္ဒန္တဝိဇ္ဇာနန္ဒ၊ မြစေတီစာသင်တိုက်၊ မောင်ငံရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၃၅။ ဘဒ္ဒန္တဝရိန္ဒ၊ ကျိုက်ဒေတမော့ဇရတ်သာသနာပြုကျောင်းတိုက်၊ ပုပ္ဖဝတီကျေးရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ်

၃၆။ ဘဒ္ဒန္တနန္ဒောဘာသ၊ အဘယရက္ခိတစာသင်တိုက်၊ ရွာကြီးမြောက်ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်

၃၇။ ဘဒ္ဒန္တဝါရိန္ဒ၊ သာသနာ့အလင်းရောင်စာသင်တိုက်၊ အမှတ် (၅) တောင်ရပ်ကွက်၊ ဘူးသီးတောင်မြို့၊ ရခိုင်ပြည်နယ်

၃၈။ ဘဒ္ဒန္တပဏ္ဍဝ၊ ပညာမဏ္ဍိုင်စာသင်တိုက်၊ ဘောင်းဒွတ်သားစုရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်

၃၉။ ဘဒ္ဒန္တတိက္ခဉာဏ၊ မြို့မကျောင်းကြီးစာသင်တိုက်၊ ရန်အောင်မြင်ရပ်ကွက်၊ မာန်အောင်မြို့၊ ရခိုင်ပြည်နယ်

၄၀။ ဘဒ္ဒန္တဝါသေဋ္ဌ၊ သံတံတားရွာဦးစာသင်တိုက်၊ သန္ဓေပင်ကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၁။ ဘဒ္ဒန္တပညာနန္ဒ၊ အလယ်ကျောင်းစာသင်တိုက်၊ ကမာကဆစ်ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၂။ ဘဒ္ဒန္တဣန္ဒာစက္က၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် (၇) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၃။ ဘဒ္ဒန္တဥတ္တမ၊ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အမှတ် (၅) ရပ်ကွက်၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

၄၄။ ဘဒ္ဒန္တဥတ္တမ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် (၇) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၅။ ဘဒ္ဒန္တပုညာစာရာလင်္ကာရ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် (၇) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၆။ ဘဒ္ဒန္တပညာသီဟာလင်္ကာရ၊ ဒဂုံစာသင်တိုက်၊ အမှတ် (၁၅၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၇။ ဘဒ္ဒန္တဝီရိယ၊ မဟာဝိဇ္ဇာစာသင်တိုက်၊ ရှုခင်းသာရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၈။ ဒေါက်တာဘဒ္ဒန္တဝိဇယာဘိပါလ၊ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်၊ ဘုရားဖြူရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

၄၉။ ဘဒ္ဒန္တသုဇာတ၊ အရှေ့ခါးရိုးစာသင်တိုက်၊ အမှတ် (၉) ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

ပွဲချိန် ၁၉ မိနစ်တွင် လီဗာပူးအသင်းမှ ခံစစ်ကစားသမား ကိုနာတေး ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့၍ ဘရန့်ဖို့ဒ်အသင်း ဦးဆောင်ဂိုး ရရှိခဲ့သည်။ ထို့နောက် ပွဲချိန် ၄၂ မိနစ်တွင် ဘရန့်ဖို့ဒ်အသင်း ဒုတိယဂိုးရရှိခဲ့ပြီး ဝစ်ဆာက သွင်းယူပေးခဲ့သည်။ ပွဲချိန် မိနစ် ၅၀ တွင် ချန်ဘာလိန်က လီဗာပူးအသင်းအတွက် ချေပဂိုး သွင်းယူပေးခဲ့သည်။ ကစားကွက်အသာ၊ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ပွဲကို လီဗာပူးအသင်း ထိန်းချုပ်ကစားထားနိုင်သော်လည်း နိုင်ပွဲရသည်အထိ လုံလောက်သော စွမ်းဆောင်မှုမျိုး ပြသနိုင်ခဲ့ခြင်း မရှိချေ။ ဘရန့်ဖို့ဒ်အသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ပွဲချိန် ၈၄ မိနစ်တွင် ရရှိခဲ့ပြီး အမ်ဗျူမိုက သွင်းယူပေးခဲ့သည်။

ယခုအနိုင်ပွဲကြောင့် ဘရန့်ဖို့ဒ်အသင်းက ၁၈ ပွဲကစား ရမှတ် ၂၆ မှတ် ရရှိပြီဖြစ်ပြီး ပြိုင်ဘက် လီဗာပူးအသင်းက ၁၇ ပွဲကစား ရမှတ် ၂၈ မှတ် ရရှိထားသည်။

**အောင်ဇော်**

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၃**



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေး ထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂ ရက်နှင့် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၅၂၇ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၁၉၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲ တတိယလုပွဲ၊ ဗိုလ်လုပွဲနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားများကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃

**အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့ နံနက် ၉ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆု ပေးအပ်ချီးမြှင့်စဉ်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသော ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်နှင့် ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ပြိုင်ပွဲ **တတိယလုပွဲ** ပွဲစဉ်တွင် ရခိုင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ **ဗိုလ်လုပွဲ** ပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် စတုတ္ထဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းကို လည်းကောင်း၊ တတိယဆုရရှိသော ရခိုင်ပြည်နယ်အသင်းကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က တစ်ဦးချင်းဆုဆွဲပြားနှင့် ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသော စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက တစ်ဦးချင်းဆုဆွဲပြားနှင့် ဂုဏ်ပြုဆုငွေကျပ် ၁၅ သိန်းကိုလည်းကောင်း၊ ပထမဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်က တစ်ဦးချင်းဆုဆွဲပြားကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က ဂုဏ်ပြုဆုငွေကျပ်သိန်း ၂၀ နှင့် တံခွန်စိုက်ဆုဖလားကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပလျက်ရှိသည့် **(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး(အလွတ်တန်းဖိတ်ခေါ်) အသက်(၂၅) နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ** ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ အမျိုးသား/အမျိုးသမီး မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ဆုရရှိကြသူများကို အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက လည်းကောင်း၊ အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် ဆုရရှိကြသူများကို မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက လည်းကောင်း။

အမျိုးသား လုံတန်ပစ်ပြိုင်ပွဲတွင် ဆုရရှိကြသူများကို မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသာအောင်ကလည်းကောင်း၊ အမျိုးသားမီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် ဆုရရှိကြသူများကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးကလည်းကောင်း၊ အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲနှင့် လုံတန်ပစ်ပြိုင်ပွဲတွင် ဆုရရှိကြသူများကို မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဉာဏ်ထွန်းက လည်းကောင်း၊ အမျိုးသား/ အမျိုးသမီး မီတာ ၄၀၀ တန်းကျော်ပြေးပြိုင်ပွဲတွင် ဆုရရှိကြသူများကို မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းက လည်းကောင်း၊ အမျိုးသား (သုံးဆင့်ခုန်ပြိုင်ပွဲနှင့် သံလုံးပစ်ပြိုင်ပွဲ)တွင် ဆုရရှိကြသူများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက လည်းကောင်း၊ အမျိုးသား/အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲနှင့် အမျိုးသား+အမျိုးသမီး မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ဆုရရှိကြသူများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်ကလည်းကောင်း တစ်ဦးချင်းဆုဆွဲပြားနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ခဲ့ပြီး အမျိုးသားနှင့် အမျိုးသမီး တံခွန်စိုက်ဆုများရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လည်းကောင်း၊ စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်ကလည်းကောင်း တံခွန်စိုက်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦး (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုမိတ်ဆုံစားပွဲ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၃**



(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဂုဏ်ပြုမိတ်ဆုံစားပွဲနှင့် ကံစမ်းမဲဖောက်ခြင်း အစီအစဉ်များကို ယနေ့တွင် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၆)၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦး တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအားရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စကား ပြောကြားခဲ့ပြီး အရာထမ်း၊ အမှုထမ်းများနှင့်အတူ နေ့လယ်စာကို လက်ရည်တစ်ပြင်တည်း အတူတကွ သုံးဆောင်သည်။ **(အပေါ်ယာပုံ)**

နေ့လယ်စာ သုံးဆောင်အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တက်ရောက်လာသည့် စွမ်းအင်ဝန်ကြီးဌာနမှဝန်ထမ်းများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခြင်း၊ ကံစမ်းမဲများနှိုက်၍ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးသန့်စင်၊ အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်၊ ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် စွမ်းအင်ဝန်ကြီးဌာနမှ အရာထမ်းအမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်ငံတော်က စာပေပညာရှင် ၅၁ ဦးကို အလှူငွေကျပ် ၅ သိန်းစီထောက်ပံ့ချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၃**

နိုင်ငံတော်သည် မြန်မာစာပေဖွံ့ဖြိုးရေးနှင့် ပြည်သူတို့၏ စာပေမျက်စိကို အလင်းဖွင့်ပေးရေးအတွက် ဆောင်ရွက်နေသည့် စာပေဗိမာန်နှင့် မြန်မာစာပေအကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်နေကြသည့် စာပေပညာရှင်ကြီးများ၏ ဂုဏ်ကျေးဇူးကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၂ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် ကျင်းပခဲ့သည့် စာပေဗိမာန် (၇၅)နှစ်ပြည့် စိန်ရတုအခမ်းအနားတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက စာပေရန်ပုံငွေအတွက် ငွေကျပ်သိန်းပေါင်း ၂၂၁၅ သိန်းကို လှူဒါန်းခဲ့သည်။

အဆိုပါ စာပေရန်ပုံငွေကို မြန်မာစာပေဖွံ့ဖြိုးရေးအကျိုးငှာ ဆောင်ရွက်သည့် လုပ်ငန်းများ ပိုမိုသွက်လက်စေရေး၊ စာပေဝန်ကို ထမ်းဆောင်နေသူ စာပေပုဂ္ဂိုလ်များကို အားဖြည့်ကူညီပေးရေးလုပ်ငန်းများတွင် အသုံးပြုသွားရန် ရည်ရွယ်ခဲ့ရာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီတွင် စာပေဗိမာန်၏ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် စာပေပညာရှင် ၅၁ ဦးကို ဖိတ်ကြား၍ နိုင်ငံတော်က လှူဒါန်းသော ငွေကြေးထောက်ပံ့ပွဲ အခမ်းအနားကို စာပေဗိမာန်၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် စာပေပညာရှင် တစ်ဦးလျှင် ငွေကျပ် ၅ သိန်းစီဖြင့် လှူဒါန်းငွေစုစုပေါင်း ၂၅၅ သိန်းကျပ်ကို အမျိုးသားစာပေ တစ်သက်တာဆုရရှိသူများအနက် သက်ရှိထင်ရှားရှိနေသေးသူများ၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်များ၊ စာပေဗိမာန်စာမူဆု ရွေးချယ်ရေးအဖွဲ့ဝင်များ၊ မြန်မာ့ရည်ညွှန်းကျမ်း စီစဉ်ရေးအဖွဲ့ဝင်များ၊ စာပေဗိမာန်မှ သက်ပြည့်၊ နှစ်ပြည့် အငြိမ်းစားယူသွားပြီး စာပေအကျိုး ဆက်လက်ဆောင်ရွက်ပေးနေကြသူ ပညာရှင် ၅၁ ဦးထံ စာပေဗိမာန် စာတည်းမှူးချုပ် ဦးတိုးကျော်က လက်ရောက်ပေးအပ်ခဲ့သည်။ အခမ်းအနားသို့ မတက်ရောက်နိုင်သည့် သက်ကြီးစာပေ ပညာရှင်များကိုလည်း စာပေဗိမာန်က အိမ်တိုင်ရာရောက် လိုက်လံပေးအပ်ခဲ့သည်။

ဆက်လက်၍လည်း ကျန်ရှိသည့် စာပေရန်ပုံငွေကို မြန်မာစာပေလောကအကျိုးအတွက် အသုံးပြုသွားမည်ဖြစ်သည်။ **သတင်းစဉ်**

## (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးရွာမြေနီလမ်းဖွင့်

ပြည် ဇန်နဝါရီ ၃

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွာမအုပ်စုနှင့် ပေါက်ခေါင်းမြို့နယ် ငါးခူအိုင်အုပ်စု ချောင်းကြားကျေးရွာတွင် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ချောင်းကြားကျေးရွာတွင်းလမ်းကျောက်ရောမြေနီလမ်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဗိုလ်မှူးကြီး မျိုးမင်းမင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းက လမ်းစီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာတွင်းလမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါ မြေနီလမ်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် နိုင်ငံတော်မတည်ငွေကျပ်သိန်း ၁၀၀ နှင့် ကျေးရွာနေပြည်သူများ ထည့်ဝင်ငွေကျပ် ငါးသိန်းဖြင့် ဖောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ပါဝင်ဆောင်ရွက်မည့် ဝန်ကြီးဌာနမှဝန်ထမ်းများနှင့်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ပါဝင်ဆောင်ရွက်မည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့တွင် နေပြည်တော် ရုံးအမှတ် (၃၂) အစည်းအဝေးခန်းမ၌ကျင်းပရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်အမှာစကားပြောကြားသည်။ **(ဓာတ်ပုံ)**

ဝန်ထမ်းများနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့သည် ကြံ့ခိုင်ကြံ့ခဲ နေ့ထူးနေ့မြတ်ဖြစ်ပြီး ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခွင့်ရသည့်အတွက် ဂုဏ်ယူဖွယ်ရာကောင်းကြောင်း၊ (၇၅)နှစ်မြောက်စိန်ရတု လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ အောင်မြင်အောင် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ဂုဏ်ပြုအခမ်းအနားတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နေကြသည့် ဝန်ထမ်းအားလုံးကို ကျေးဇူးတင်ရှိကြောင်း၊ ကိုယ်စိတ်နှစ်ပါး ကျန်းမာကြံ့ခိုင်စွာဖြင့် အဖွဲ့အစည်းနှင့် ပါဝင်ဆောင်ရွက်ရာတွင်ရရှိသည့် အတွေ့အကြုံကောင်းများ၊ အလေ့အကျင့်ကောင်းများကို ရယူ၍ နိုင်ငံ့တာဝန်ကို ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနအကြီးအကဲများက ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးအတူတကွ လက်ဖက်ရည်ပွဲ သုံးဆောင်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

## အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့်နယ်စပ်ဝင် / ထွက်ပေါက်များရှိသည့်နေရာများတွင် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၃**

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ခြင်းလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။




အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံဖြတ်ကျော် ဝင်/ထွက်ပေါက် များတည်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားကူးစက်မှုနှင့် ပတ်သက်၍ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအား စည်းမျဉ်းစည်းကမ်းများ တင်းကျပ်ခြင်း၊ ဖြေလျှော့ခြင်း ကိစ္စရပ်များအား စနစ်တကျ အဆင့်ဆင့် ဆောင်ရွက်ခဲ့သည့်အတွက် ဖြစ်ပွားခဲ့သော ကူးစက်မှုလှိုင်းများအား အချိန်နှင့်တစ်ပြေးညီ ထိန်းချုပ်နိုင်ခဲ့ပြီး လုပ်ဆောင်ချက်များအား နိုင်ငံတကာမှလည်း အသိအမှတ်ပြုပါကြောင်း၊ ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အတွက် မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များရှိသည့် နေရာများတွင် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှင့် ဗီဇပြောင်းပိုးများ ကူးစက်ပျံ့နှံ့မှုတို့ကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုပြီး မိမိတို့နိုင်ငံအတွင်း ဝင်ရောက်ကူးစက်နိုင်မည့် အခြေအနေတွင်ရှိပါက လက်ရှိ ကျင့်သုံးလျက်ရှိသော “နိုင်ငံတကာ လေကြောင်းခရီးစဉ်များနှင့် နယ်စပ်ဝင်/ထွက်ဂိတ်များမှ မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် ခရီးသွားများအတွက် ပြည်သူ့ကျန်းမာရေး ဆိုင်ရာ သတ်မှတ်ချက်များ” ကို အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဆောင်ရွက်သွားရန်၊ နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအား ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန်၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများတွင် လူနာများ သီးခြားထားရှိရန် နေရာများနှင့် အထူးကြပ်မတ်ကုသရန် နေရာများအား အသင့်ပြင်ဆင်ထားရှိရန်၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ၊ COVID-19 Antigen RDT နှင့် ဓာတ်ခွဲစစ်ဆေးရေးပစ္စည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကုသရေးအတွက် အောက်ဆီဂျင်၊ ဆေးနှင့် ဆေးပစ္စည်းများ လုံလောက်မှုရှိစေရန်၊ နယ်စပ်ဂိတ်များ တည်ရှိရာ မြို့များတွင် RT-PCR နည်းပညာဖြင့် ဓာတ်ခွဲစစ်ဆေးနိုင်သည့် စက်များအား တပ်ဆင်ပြီးဖြစ်သဖြင့် အချိန်ပြည့် စစ်ဆေးနိုင်ရေးအတွက် ပြင်ဆင်ထားရှိရန်၊ ကိုဗစ် - ၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းပိုးအသစ် ဖြစ်ပွားမှု ကူးစက်ခြင်း ရှိ၊ မရှိအား စောစီးစွာ သိရှိနိုင်ရန်နှင့် မြန်မာနိုင်ငံအတွင်း “ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း” အား အားဖြည့်ဆောင်ရွက်ရန်တို့ လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး (ကူးစက်) ဒေါက်တာ တိုးသီရိအောင်က တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ အမေရိကန် ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားသမ္မတ နိုင်ငံနှင့် ဥရောပနိုင်ငံအချို့ အပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားကူးစက်မှု မြင့်တက်နေသည့် အခြေအနေနှင့် မြန်မာနိုင်ငံတွင် လက်ရှိ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားကူးစက်မှုအခြေအနေများနှင့်ပတ်သက်၍ လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး (ကူးစက်) ဒေါက်တာ မြင့်သိန်းထွန်းက မြန်မာနိုင်ငံတွင် ပြည်ပမှ ဝင်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲစစ်ဆေးမှု သတ်မှတ်ချက် စည်းကမ်းများ ထုတ်ပြန်ထားရှိမှုနှင့် လက်ရှိ ဆောင်ရွက်နေမှု အခြေအနေများအားလည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု၊ ပြည်ပမှဝင်ရောက်လာသူများတွင် ပိုးတွေ့ရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုများ၊ ကာကွယ်ရေးပစ္စည်းများ ပြင်ဆင်ထားရှိမှုနှင့် ဓာတ်ခွဲစစ်ဆေး ဆောင်ရွက်နေမှုတို့အား လည်းကောင်း တင်ပြဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက အိမ်နီးချင်းနိုင်ငံများ အပါအဝင် ပြည်ပနိုင်ငံများတွင် အခြားနိုင်ငံများမှ ဝင်ရောက်လာသူများအတွက် ခရီးသွားလာမှုဆိုင်ရာ သတ်မှတ်ချက်များ ဆောင်ရွက်မှု အခြေအနေနှင့် မြန်မာနိုင်ငံ အနေဖြင့် ဆောင်ရွက်မှုနှင့် ပတ်သက်၍ လည်းကောင်း၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြင့်မြင့်သန်း၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုးတို့က မိမိတို့ သက်ဆိုင်ရာ ဦးစီးဌာနအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၃**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“ဒီးဒုတ်ခင်ကျေးရွာ လူသတ်မှု”** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“KNLA အဖွဲ့ဝင်အချို့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb များ ကြဲချဖောက်ခွဲ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် ဇန်နဝါရီ ၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနေမည်။

**မိုး/ဇလ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ခင်ဦးမြို့နယ် မြကန်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ လက်လုပ်သေနတ်များနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၃

**နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG၊ CRPH နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်၊ စာပေသင်ကြားခြင်း မပြုလုပ်နိုင်ရန်နှင့် ၎င်းတို့အား ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် နည်းလမ်းမျိုးစုံ အသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။**

ထိုသို့ နှောင့်ယှက်ဖျက်ဆီးလျက်ရှိရာ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မြကန်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ KG မှ Grade-5 အထိ ကျောင်းသား ကျောင်းသူ ၁၀၀ ခန့်အား ဆရာ၊ ဆရာမ၁၀ ဦးတို့က ကြိုးကြပ်ပညာသင်ကြားပေးမှုများ ဆောင်ရွက်နေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများသည် ဆရာ၊ ဆရာမများအား နှောင့်ယှက်ခြိမ်းခြောက်မှုများ ပြုလုပ်၍ မောင်းထုတ်ကာ ကျောင်းဝင်းအတွင်း၌ အကြမ်းဖက်အဖွဲ့များ နေထိုင်ကြခြင်း၊ အကြမ်းဖက်သင်တန်းများ ဖွင့်လှစ်ခြင်းများ၊ ကျောင်းဝင်းအတွင်း လက်နက်/ခဲယမ်းများ ထုတ်လုပ်ခြင်း၊ သိုဝှက်သိမ်းဆည်းခြင်းများ လုပ်ဆောင်လျက်ရှိသည်။

သို့ဖြစ်၍ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ ယုတ်မာရိုင်းစိုင်းမှုကို ရွံရှာမုန်းတီးလျက်ရှိပြီး ကျောင်းဖွင့်လှစ်ပေးရန် လိုလားသော ကျောင်းသားမိဘများ၊ အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ လျှို့ဝှက်စွာ သတင်းပေးပို့ချက်အရ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦး

*စာမျက်နှာ ၁၇ သို့*

## ကျောက်ခဲကြီးကျေးရွာအနီးရှိ နာရေးအိမ်၌ လိုအပ်သည့်အုပ်ချုပ်မှုကိစ္စရပ်များ ကူညီဆောင်ရွက်ပေးနေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ကျဆုံး၊ ဒဏ်ရာရရှိခဲ့ပြီး အပြစ်မဲ့ဒေသခံ ပြည်သူ သုံးဦး သေဆုံး

**နေပြည်တော် ဇန်နဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ကျောက်ခဲကြီးကျေးရွာအနီးရှိ နာရေးအိမ်၌ လိုအပ်သည့် အုပ်ချုပ်မှုကိစ္စရပ်များ ကူညီဆောင်ရွက်ပေးနေသည့် လုံခြုံရေးတပ်ဖွဲ့နှင့် ဒေသခံပြည်သူများအား KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံး၊ ဒဏ်ရာရရှိခဲ့ပြီး အပြစ်မဲ့ဒေသခံပြည်သူ သုံးဦးသေဆုံးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂ ရက် နံနက် ၆ နာရီ ၄၅ မိနစ်ခန့်တွင် ကျောက်ကြီးမြို့မှ ကျောက်ခဲကြီးကျေးရွာသွား ကားလမ်းအနီး လူကြီးရောဂါဖြင့် ကွယ်လွန်သည့် နာရေးအိမ်သို့ သွားရောက်၍ လိုအပ်သည့် အုပ်ချုပ်မှုကိစ္စရပ်များ ဆောင်ရွက်ပေးပြီး ပြန်လည်ထွက်ခွာလာစဉ် KNU တပ်မဟာ(၃)အဖွဲ့နှင့် အကြမ်းဖက်သမားများက ၎င်းနေအိမ်၏ အနောက်တောင်ဘက်ရှိ နေအိမ်များအတွင်း အကာအကွယ်ယူ၍ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် အဆိုပါ နာရေးအိမ်တွင် ကူညီလုပ်ကိုင်ဆောင်ရွက်ပေးနေသည့် အပြစ်မဲ့ဒေသခံပြည်သူ သုံးဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်တွင် အကြမ်းဖက်သမားများနှင့် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ၂၃၀ ကေဗွီ ဘီလူးချောင်း(၂)- ရွှေမြို့ ဓာတ်အားလိုင်းနှင့် ၆၆ ကေဗွီ ပိန္နဲတော ဓာတ်အားခွဲရုံတို့အား ဖောက်ခွဲဖျက်ဆီးမှု အခြေအနေများအား သတင်းထုတ်ပြန်ခြင်း

**၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်**

၁။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည် ပြည်သူလူထု၏ လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို နည်းမျိုးစုံဖြင့် တိုးမြှင့်ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ စီမံဆောင်ရွက်နေသော်လည်း ယခုကာလများတွင် ပြည်သူလူထု၏ လိုအပ်ချက်ကို လုံလောက်အောင် ဖြည့်ဆည်းပေးနိုင်မှုမရှိသဖြင့် ထုတ်လုပ်ပေးနိုင်မှုကို အခြေခံ၍ မျှတစွာခွဲဝေခံစားရရှိနိုင်ရန် စီမံဆောင်ရွက်ဖြန့်ဖြူးလျက်ရှိပါသည်။

၂။ ထို့သို့ ဆောင်ရွက်နေသည့်ကာလတွင် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများမှ ပြည်သူများ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးပေးလျက်ရှိသော လျှပ်စစ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှုများ ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်လျက်ရှိရာ ၂-၁-၂၀၂၃ ရက်နေ့တွင် ဘီလူးချောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိသည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော် ဓာတ်အားစနစ်သို့ ပို့လွှတ်ပေး လျက်ရှိသည့် ၂၃၀ ကေဗွီ ဘီလူးချောင်း (၂) - ရွှေမြို့ ဓာတ်အားလိုင်း၏ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဖယ်ခုံမြို့နယ် အတွင်းရှိ တာဝါတိုင် (၂) တိုင်ကို ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တာဝါတိုင် (၂) တိုင်ပြိုလဲ ပျက်စီးခဲ့ပါသည်။ အဆိုပါ ဓာတ်အားလိုင်းမှာ ယခုအကြိမ် အပါအဝင် စုစုပေါင်း (၈) ကြိမ်နှင့် တာဝါတိုင်ပေါင်း (၁၈) တိုင် ဖျက်ဆီးခံခဲ့ရသော်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် အမြန်ဆုံးပြင်ဆင်နိုင်ရေးကို စီမံဆောင်ရွက်လျက်ရှိပါသည်။

၃။ အလားတူ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့သို့ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသော ပိန္နဲတော ၆၆/၁၁ ကေဗွီ ၂၀ အမ်ဗွီအေ ဓာတ်အားခွဲရုံအား ၁-၁-၂၀၂၃ ရက်နေ့၊ ၁၉:၅၃ နာရီအချိန်ခန့်တွင် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများမှ ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့သဖြင့် ဓာတ်အားခွဲရုံရှိ ပင်မထရန်စဖော်မာနှင့် ဗို့အားတိုင်းထရန်စဖော်မာတို့ ထိခိုက်ပျက်စီးခဲ့ရပါသည်။ အဆိုပါ ဓာတ်အားခွဲရုံ ထိခိုက်ပျက်စီးခဲ့သဖြင့် ဒေသခံပြည်သူများ အမြန်ဆုံး ဓာတ်အားရရှိရေးအတွက် ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ရာ ၂-၁-၂၀၂၃ ရက်နေ့ ၁၇:၀၀ နာရီအချိန်၌ ပြင်ဆင်မှုများ ပြီးစီးခဲ့ပြီး ကျောက်ပန်းတောင်းမြို့သို့ ဓာတ်အားပြန်လည်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

၄။ သို့ပါ၍ ယနေ့အချိန်ထိ NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများမှ ရည်ရွယ်ချက်ရှိရှိဖြင့် အများပြည်သူသို့ လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးလျက်ရှိသည့် လျှပ်စစ်ဓာတ်အားပေး စက်ရုံများ၊ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများအား ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြိမ်ပေါင်း (၂၁၇) ကြိမ် ဖောက်ခွဲဖျက်ဆီးခဲ့ရာ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့်လည်း လုံခြုံရေးအဖွဲ့များနှင့် ပူးပေါင်းကာ ပြင်ဆင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**



၂၃၀ ကေဗွီ ဘီလူးချောင်း (၂) – ရွှေမြို့ ဓာတ်အားလိုင်း၊ တာဝါတိုင် ပြိုလဲပျက်စီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။




ကျောက်ပန်းတောင်းမြို့နယ် ၆၆/၁၁ ကေဗွီ ပိန္နဲတောခွဲရုံ ဗုံးပေါက်ကွဲမှု ဖြစ်စဉ် ထိခိုက်ပျက်စီးမှု အခြေအနေများ။

# စိန်ရတုလွတ်လပ်ရေးနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အပြစ်မဲ့ပြည်သူများစုဝေးသည့် နေရာများ၌ ယုတ်မာရက်စက်သောအကြံဖြင့် ဖောက်ခွဲဖျက်ဆီးရေးနှင့် လုပ်ကြံသတ်ဖြတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်လျက်ရှိသည့် တပ်ကုန်း PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များကို အချိန်မီကြိုတင်သတင်းလက်ဦးမှုရယူ ဖမ်းဆီးရမိ


ကျော်မျိုးသူ


လှမိုး(ခ) လှမိုးအောင်


ကျော်ဆန်းအေး(ခ)အရှည်ကြီး





၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် တပ်ကုန်းမြို့နယ် ဆည်ထိပ်ကျေးရွာရှိ တရားခံ လှမိုး(ခ)လှမိုးအောင် နေအိမ်၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းနှင့် ဖောက်ခွဲရေးပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇန်နဝါရီ ၃**

နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက် အဖွဲ့များသည် ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်း၊ လုယက်ခြင်းများကို ဥပဒေမဲ့ ကျူးလွန်လျက်ရှိသည်။ ထို့အပြင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် လွတ်လပ်ရေးနေ့တွင် အပြစ်မဲ့ပြည်သူများအား ထိတ်လန့်ကြောက်ရွံ့စေရန် နေပြည်တော် ကောင်စီ နယ်မြေအတွင်း၌ အများပြည်သူများ စုဝေးလျက်ရှိသည့်နေရာများတွင် ယုတ်မာရက်စက်သောအကြံဖြင့် ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်ရန် စီစဉ်လျက်ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့်ပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာ၌ တပ်ကုန်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ဆက်သွယ်၍ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်လျက်ရှိသော **ကျော်မျိုးသူ** အား ဖမ်းဆီးရမိခဲ့သည်။

## လက်လုပ်မိုင်း ၁၀ လုံး သိမ်းဆည်းရမိ

ဖမ်းဆီးရမိ တရားခံ ကျော်မျိုးသူ၏ ထွက်ဆိုချက်အရ ယင်းနေ့ မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့နယ် ဆည်ထိပ်ကျေးရွာရှိ ဖမ်းဆီးရန်ကျန် တရားခံ **လှမိုး(ခ)လှမိုးအောင်**၏ နေအိမ်၌ ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ကျည်ခြောက်တောင့်၊ PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း ၁၀ လုံး၊ Keypad ဖုန်းဖြင့် ချိတ်ဆက်ဖောက်ခွဲရသည့် ခလုတ် သုံးခု၊ Keypad ဖုန်းတစ်လုံး၊ ရီမုတစ်ခုနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့ပြီး တရားခံပြေး **လှမိုး (ခ) လှမိုးအောင်** အား တပ်ကုန်းမြို့နယ် ဆည်ထိပ်ကျေးရွာနှင့် ရွှေမြို့ကျေးရွာသွားလမ်းပေါ်၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **လှမိုး(ခ) လှမိုးအောင်** ၏ထွက်ဆိုချက်အရ ယင်းနေ့ညပိုင်းတွင် တပ်ကုန်းမြို့နယ်အတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လှုပ်ရှားမှုများအား စောင့်ကြည့်၍ သတင်းပေးပို့နေသည့် **ကျော်ဆန်းအေး (ခ) အရှည်ကြီး** အား တပ်ကုန်းမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံ (ခုတင်-၁၀၀) ရှေ့ရှိ ဆိုင်ကယ်ကယ်ရီဂိတ်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျားသုံးဦး ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ကျည်ခြောက်တောင့်၊ PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း ၁၀ လုံး၊ Keypad ဖုန်းဖြင့် ချိတ်ဆက်ဖောက်ခွဲရသည့် ခလုတ် သုံးခု၊ Keypad ဖုန်း တစ်လုံး၊ ရီမုတစ်ခု၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

## အကြမ်းဖက်သင်တန်းတက်

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **ကျော်မျိုးသူ** သည် တပ်ကုန်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန် တရားခံ **ဗညား(ခ)သီဟ** ၏ ချိတ်ဆက်ပေးမှုဖြင့် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ဖယ်ခုံမြို့နယ် ဆီးဘူးကျေးရွာအနီး၌ အကြမ်းဖက်ဖောက်ခွဲရေး သင်တန်း တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ သိမ်းဆည်းရမိ လက်နက်/ ခဲယမ်းနှင့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများအား တပ်ကုန်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် **ဗညား(ခ)သီဟ** သည် ဖယ်ခုံမြို့နယ်ဘက်မှ ၎င်းတို့နှင့် ဆက်စပ်မှုရှိသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များထံမှ ပေးပို့ခဲ့ခြင်းဖြစ်ပြီး ၎င်းပစ္စည်းများဖြင့် လွတ်လပ်ရေးနေ့တွင် အပြစ်မဲ့ပြည်သူများအား ထိတ်လန့် ကြောက်ရွံ့စေရန် တပ်ကုန်းမြို့နယ်အတွင်း၌ အများပြည်သူများ စုဝေးလျက်ရှိသည့် နေရာများတွင် ယုတ်မာရက်စက်သောအကြံဖြင့် ဖောက်ခွဲဖျက်ဆီးခြင်းနှင့် လုပ်ကြံသတ်ဖြတ်ခြင်းများ လုပ်ဆောင်ရန် ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါအကြမ်းဖက်တိုက်ခိုက်မည့် အစီအစဉ်တွင် **လှမိုး (ခ) လှမိုးအောင်** နှင့် **ကျော်မျိုးသူ** တို့မှ ဖောက်ခွဲဖျက်ဆီးခြင်းနှင့် လုပ်ကြံသတ်ဖြတ်ခြင်း၊ **ကျော်ဆန်းအေး (ခ)အရှည်ကြီး**သည် ဖောက်ခွဲရေးပြုလုပ်မည့် နေရာများနှင့် လုံခြုံရေးအဖွဲ့ဝင်များ၏ လှုပ်ရှားဆောင်ရွက်မှု အခြေအနေများကို စောင့်ကြည့်ခြင်းအား အသီးသီး တာဝန်ခွဲဝေပြုလုပ်သွားရန် စီစဉ်ထားရှိခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

## အပြစ်မဲ့ပြည်သူများ သေကျေစေရန်

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **ကျော်မျိုးသူ၊ လှမိုး (ခ) လှမိုးအောင်** နှင့် **ကျော်ဆန်းအေး(ခ)အရှည်ကြီး** တို့ သုံးဦးသည် တပ်ကုန်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် **ဗညား(ခ)သီဟ** ၏ ခိုင်းစေမှုဖြင့် နေပြည်တော် ကောင်စီနယ်မြေအတွင်း လွတ်လပ်ရေးနေ့တွင် အခမ်းအနား ပြုလုပ်မည့် တပ်ကုန်းမြို့ ဗိုလ်ချုပ်ကြေးရုပ်နှင့် လွတ်လပ်ရေးအထိမ်းအမှတ် ကျောက်တိုင်နေရာအား လည်းကောင်း၊ မြဝတီရပ်ကွက်ရှိ မြို့နယ် အားကစားကွင်းနေရာအား လည်းကောင်း၊ တပ်ကုန်းမြို့မဈေးပတ်ဝန်းကျင်နေရာအား လည်းကောင်း၊ ဗိုလ်မင်းရောင်ရပ်ကွက်ရှိ ဘူတာလမ်းနေရာအား လည်းကောင်း၊ တပ်ကုန်းမြို့ ပြည်သူ့ဆေးရုံ (ခုတင်-၁၀၀) ရှေ့ဝင်ပေါက်နှင့် မြောက်ဘက်ဝင်ပေါက်နေရာများအား လည်းကောင်း၊ ပေါက်ကွဲမှုဖြစ်ပွားပါက လုံခြုံရေးတပ်ဖွဲ့ဝင်များ လာရောက်မည့် နွယ်ရစ်ကျေးရွာအဝင် တံတားထိပ်နေရာအား လည်းကောင်း၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ပျော်ပွဲရွှင်ပွဲပြုလုပ်မည့် လူစည်ကားရာနေရာများအား ယုတ်မာရက်စက်သောအကြံဖြင့် အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးစေရန် ရည်ရွယ်လျက် ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်နေမှုအား အကြမ်းဖက်မှုကို မလိုလားသော တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကွက်ပြည့်နင်းရှာဖွေ စစ်ဆေးဖော်ထုတ်မှုတို့ကြောင့် အကြမ်းဖက်သမားများ ဖောက်ခွဲဖျက်ဆီးရေး မဆောင်ရွက်နိုင်မီ အချိန်မီကြိုတင်သတင်း လက်ဦးမှု ရယူကာ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိ တရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဆက်လက် ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၆ မှ*

မြို့နယ် မြကန်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း (မြကန်)သို့ သွားရောက်ရှင်းလင်းရှာဖွေခဲ့ရာ ကျောင်းဝင်း အတွင်းမှ လက်လုပ်သေနတ် (အရှည်) ခုနစ်လက်၊ လက်လုပ်ပစ္စတို တစ်လက်၊ လက်လုပ် RPG သုံးလက်၊ ၁၂ ဗို့ကျည် ၁၄၃ တောင့်၊ လက်လုပ်ရှေ့ထွက်မိုင်း ခြောက်လုံး၊ လက်လုပ်လက်ပစ်ဗုံး တစ်လုံး၊ ယမ်းမည်း ၂ ပိဿာ၊ ဆားကစ်ပြား နှစ်ခု၊ ဆိုင်ကယ်ဘက်ထရီအိုး ၁၃ လုံး၊ ဝိုင်ယာကြိုးပေ ၃၀၊ နိုင်လွန်ကြိုး ပေ ၃၀၀၊ ကြေးနန်းကြိုး ပေ ၃၀၊ ဆေးထိုးပိုက် ခြောက်ချောင်း၊ ပြောက်ကျားဦးထုပ် ရှစ်လုံး၊ ပြောက်ကျားအင်္ကျီတစ်ထည်၊ ကျည်ကာအင်္ကျီ သုံးထည်၊ ချိန်းဆောတစ်ခု၊ အင်ဗာတာ နှစ်လုံး၊ လမ်းလျှောက်စကားပြောစက် ရှစ်လုံး၊ အားသွင်းခုံ နှစ်ခု၊ ဖောက်ခွဲဖျက်ဆီးရေးတွင် အသုံးပြုမည့် ဆိုင်ကယ်ဘောစွေ အလုံး ၅၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

သို့ဖြစ်ပါ၍ တာဝန်ရှိသူများက ခင်ဦးမြို့နယ် မြကန်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိပြီး ကျောင်းမဖွင့်လှစ်နိုင်ရန် ခြိမ်းခြောက်အကျပ်ကိုင်သူ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့ပတ်သက်သော သတင်းများအား လျှို့ဝှက်စွာ ပေးပို့တိုင်ကြားနိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ခင်ဦးမြို့နယ် မြကန်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း(မြကန်)ကျောင်းဝင်းအတွင်း လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

## နှစ်သစ်ကူးအားလပ်ရက်အတွင်း တရုတ်နိုင်ငံတစ်ဝန်း ခရီးသွားပြည်သူအရေအတွက် ၅၂ ဒသမ ၇၁ သန်းရှိ

**ပေကျင်း ဇန်နဝါရီ ၃**

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုများ မြင့်တက်နေသည့်တိုင် နှစ်ကုန်အားလပ်ရက်နှင့် နှစ်သစ်ကူး အားလပ်ရက်များအတွင်း တရုတ်နိုင်ငံတစ်ဝန်း ခရီးသွားပြည်သူအရေအတွက်မှာ ကပ်ရောဂါ အကြိုအဆင့်၏ ၄၀ ရာခိုင်နှုန်းခန့်ရှိကြောင်း တရုတ်အစိုးရက ပြောသည်။

စနေမှ တနင်္လာနေ့အထိ သုံးရက်တာ အားလပ်ရက်အတွင်း ပြည်တွင်းခရီးသွား ဈေးကွက်တွင် ပြည်တွင်းခရီးသွား ၅၂ ဒသမ ၇၁ သန်းရှိသည်။

ခရီးသွားအရေအတွက်သည် ကိုဗစ်-၁၉ စည်းမျဉ်း စည်းကမ်းများ တင်းကျပ်ထားချိန် လွန်ခဲ့သောနှစ်အစောပိုင်း အလားတူကာလထက် ၀ ဒသမ ၄ ရာခိုင်နှုန်း တိုးလာခဲ့သည်။

သို့သော်လည်း ကိုဗစ်-၁၉ မဖြစ်ခင် လွန်ခဲ့သော လေးနှစ်နှင့် နှိုင်းယှဉ်လျှင် ၄၃ ရာခိုင်နှုန်းသာ ရှိသည်။



နှစ်သစ်ကူး အားလပ်ရက်ရာသီတွင် ပေကျင်းမြို့လယ်ရှိ ကောင်းကင်ဘုံ ဂိတ်တံခါးဟု ထင်ရှားကျော်ကြားသော ထျန်းအန်းမင်နှင့် စီးပွားရေးအချက်အချာနေရာများတွင် ခရီးသွားပြည်သူများ စည်ကားခဲ့သည်။ (ဓာတ်ပုံ)

သို့သော်လည်း ခရီးသွားကဏ္ဍသည် အပြည့်အဝ ပြန်လည်ကောင်းမွန်လာခြင်း မရှိသေးကြောင်းသိရသည်။

**အင်န်အိတ်ချ်ကေ**

## ဖိလစ်ပိုင်နိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် လူပေါင်း ၃၃၀၀၀ ကျော် ယာယီကယ်ဆယ်ရေးစခန်းများ၌ ခိုလှုံလျက်ရှိ

**မနီလာ ဇန်နဝါရီ ၃**

လွန်ခဲ့သည့် သီတင်းပတ်က ဖိလစ်ပိုင်နိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူပေါင်း ၅၁ ဦး သေဆုံးခဲ့သည့်အပြင် လက်ရှိအချိန်အထိ လူပေါင်း ၃၃၀၀၀ ကျော်မှာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး ယာယီကယ်ဆယ်ရေး စခန်းများ၌ ခိုလှုံလျက်ရှိနေသေးကြောင်း ဖိလစ်ပိုင်အစိုးရက ဇန်နဝါရီ ၃ ရက်တွင် ပြောသည်။

အဆိုပါ ရွှေ့ပြောင်းနေထိုင်သူများမှာ ခရစ္စမတ်အကြိုနေ့တွင် ကျွန်းစုနိုင်ငံသို့ ရိုက်ခတ်ခဲ့သော ရေကြီးရေလျှံမှုဒဏ်ကို ပြင်းထန်စွာ ခံစားရသည့် ဒေသငါးခုရှိ မိသားစု ၈၉၃၀ မှ အိုးအိမ်စွန့်ခွာလာကြသူများဖြစ်ကြောင်း လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပြောသည်။

ရေကြီး ရေလျှံမှုကြောင့် သေဆုံးသူ ပေါင်း ၅၁ ဦးအထိ ရှိလာကြောင်းနှင့် ပျောက်ဆုံးနေဆဲဖြစ်သော ၁၉ ဦးကို အာဏာပိုင်များက ရှာဖွေနေဆဲဖြစ်ကြောင်း အမျိုးသားသဘာဝဘေး အန္တရာယ်လျှော့ပါးရေးနှင့် စီမံခန့်ခွဲရေး ကောင်စီက ပြောသည်။

ရေကြီးမှုကြောင့် ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းရှိ ဒေသ ၁၀ ခုမှ လူပေါင်း ၆၀၀၀၀၀ နီးပါးကို ဘေးလွတ်ရာသို့ အစိုးရက ပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။



ကယ်ဆယ်ရေးအဖွဲ့များက ရေကြီးမှုဖြစ်ပွားသောနေရာမှ ကလေးငယ်တစ်ဦးအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးနေစဉ်။

ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာပေါ်တွင် သဘာဝဘေးအန္တရာယ် အခံရဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ပြီး ပျမ်းမျှအားဖြင့် နှစ်စဉ်တိုင်ဖွန်းမုန်တိုင်း အကြိမ် ၂၀ ခန့် တိုက်ခတ်မှု ကြုံတွေ့ရလေ့ရှိပြီး အချို့မှာ ပြင်းထန်ပြီး ပျက်စီးဆုံးရှုံးမှုများစွာကို ဖြစ်ပေါ်စေကြောင်း သိရသည်။

**ဆင်ဟွာ**

## သီရိလင်္ကာ၌ ပြည်တွင်း ကြက်ဥဈေးနှုန်းကျဆင်းရန် ပြည်ပမှ ကြက်ဥတင်သွင်းမည်

**ကိုလံဘို ဇန်နဝါရီ ၃**

သီရိလင်္ကာအစိုးရသည် “ပြည်တွင်းဈေးကွက်စစ်ပွဲ”ကို ရင်ဆိုင်ရန် ကြက်ဥ တင်သွင်းမည့် အစီအစဉ်တစ်ရပ်ကို ဇန်နဝါရီ ၃ ရက်က ကြေညာလိုက်သည်။

ဇန်နဝါရီ ၂ ရက်က ပြုလုပ်ခဲ့သော ဝန်ကြီးအဖွဲ့အစည်းအဝေး၌ ကြက်ဥတင်သွင်းရန် အစိုးရအဖွဲ့ကို အဆိုတင်သွင်းခဲ့ကြောင်းနှင့် အစိုးရအဖွဲ့က အဆိုပါအဆိုတင်သွင်းမှုကို အတည်ပြုခဲ့ကြောင်း အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဗန္ဒုလဂုနာဝါဒီနာက သတင်းထောက်များကို ပြောကြားခဲ့သည်။

ပြည်တွင်း ကြက်ဥဈေးကွက်တွင် ကြက်ဥဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း ဂုနာဝါဒီနာက ပြောကြားလိုက်သည်။ ထို့အပြင် သီရိလင်္ကာကုန်သွယ်ရေးနှင့် စားနပ်ရိက္ခာဖူလုံရေး ဝန်ကြီး နာလင်ဖာနန်ဒိုက ကြက်ဥတင်သွင်းခွင့် အဆိုပြုချက်ကို အတည်ပြုခဲ့သည်။

ကြက်ဥဈေးနှုန်းကို ထိန်းချုပ်ရန် သင့်တော်သောဆောင်ရွက်မှုများလုပ်ဆောင်ရန် သက်ဆိုင်ရာ အာဏာပိုင်များကို သီရိလင်္ကာ သမ္မတ ရာနေးလ်ဝစ်ခရီမီဆင်ဟဲက လမ်းညွှန်မှာကြားထားကြောင်း ဂုနာဝါဒီနာက ပြောကြားလိုက်သည်။

**ဆင်ဟွာ**



## ဗီယက်နမ်နိုင်ငံ၏ ဖုန်းတင်ပို့မှု ပြီးခဲ့သည့်နှစ်က ၃ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့

**ဟနွိုင်း ဇန်နဝါရီ ၃**

ဗီယက်နမ်နိုင်ငံ၏ ဖုန်းနှင့် ဆက်စပ်ပစ္စည်းများတင်ပို့မှုသည် ၂၀၂၂ ခုနှစ်တွင် နှစ်အလိုက် ၃ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့သည့်အတွက် အမေရိကန်ဒေါ်လာ ၅၉ ဒသမ ၃ ဘီလီယံနီးပါးအထိ ရှာဖွေပေးနိုင်ခဲ့ကြောင်း ဇန်နဝါရီ ၃ ရက်က ဗီယက်နမ်အထွေထွေစာရင်းအင်းရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ပမာဏသည် ဗီယက်နမ်နိုင်ငံ၏ စုစုပေါင်း ပို့ကုန်ဝင်ငွေ၏ ၁၅ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ဖုန်းများနှင့် ဆက်စပ်ပစ္စည်းများသည် ဗီယက်နမ်နိုင်ငံ၏ အကြီးမားဆုံးပို့ကုန်အဖြစ် ဆက်လက်ရပ်တည်နေကြောင်း သိရသည်။ ၂၀၂၂ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသည် ဖုန်းနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းမှုအတွက် အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၂ သန်း သုံးစွဲခဲ့ပြီး နှစ်အလိုက် ၁ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

**ဆင်ဟွာ**

## ၂၀၂၂ ခုနှစ်တွင် နိုင်ငံတကာခရီးသွား ခုနစ်သိန်းကျော် သီရိလင်္ကာနိုင်ငံသို့ ဝင်ရောက်ခဲ့ဟုဆို

**ကိုလံဘို ဇန်နဝါရီ ၃**

သီရိလင်္ကာနိုင်ငံသည် နိုင်ငံတွင်း စီးပွားရေးနှင့် နိုင်ငံရေးအကျပ်အတည်း ရိုက်ခတ်မှုများနှင့် ခါးသီးစွာ ကြုံတွေ့ခဲ့ရသော်လည်း နိုင်ငံတကာခရီးသွား ဝင်ရောက်မှု ၇၀၀၀၀၀ ကျော်ရှိသည့်အတွက် အပေါင်းလက္ခဏာဆောင်သော နှစ်တစ်နှစ်အဖြစ် ၂၀၂၂ ခုနှစ်ကို အဆုံးသတ်ခဲ့ပြီဖြစ်ကြောင်း ဇန်နဝါရီ ၃ ရက်တွင် ဒေသတွင်း မီဒီယာများ၌ ဖော်ပြထားသည်။

ဒီဇင်ဘာလတွင် သီရိလင်္ကာနိုင်ငံသို့ နိုင်ငံတကာ ခရီးသွား ဝင်ရောက်မှု စုစုပေါင်း ၉၁၉၆၁ ဦး ရှိသည့်အတွက် ၂၀၂၂ ခုနှစ်တွင် တတိယမြောက်လစဉ် ခရီးသွားဝင်ရောက်မှု အများဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်းနှင့် ၂၀၂၂ ခုနှစ်တွင် နိုင်ငံတကာခရီးသွား ဝင်ရောက်သူပေါင်းမှာ ၇၁၉၉၇၈ ဦးအထိ ရှိကြောင်း တရားဝင် ကိန်းဂဏန်း အချက်အလက်များအရ သိရသည်။

သီရိလင်္ကာနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနသည် နိုင်ငံတကာ ခရီးသွားဝင်ရောက်မှု အနည်းဆုံး ၈၀၀၀၀၀ လက်ခံရရှိရန် မျှော်မှန်းထားခဲ့ကြောင်း သိရသည်။ သီရိလင်္ကာ ခရီးသွားဖွံ့ဖြိုးတိုးတက်မှု အာဏာပိုင်အဖွဲ့က ထုတ်ပြန်သော အချက်အလက်အပေါ် အခြေခံ၍ နိုင်ငံတွင်းသို့ ဝင်ရောက်လာသော စုစုပေါင်း ခရီးသွားများအနက် အိန္ဒိယနိုင်ငံက ၁၇ ရာခိုင်နှုန်း၊ ရုရှားနိုင်ငံက ၁၃ ရာခိုင်နှုန်းနှင့် ဗြိတိန်နိုင်ငံက ၁၂ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

**ဆင်ဟွာ**




သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ဆိပ်ကမ်း၌ ဇိမ်ခံသင်္ဘောဖြင့် ရောက်ရှိလာသော နိုင်ငံတကာခရီးသွားများကို ကြိုဆိုကြစဉ်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၈) ရာခိုင်နှုန်းရှိ

**(၃-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၃၈၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၂၉,၉၂၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၆၉၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၃၂၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင်ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၄၉) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၁-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၉၅ | ၂၁၄၀ | ၂၁၃၅ | ၂၁၀၀ | ၂၁၄၀ | ၂၁၆၀ | ၂၁၄၅ | ၂၁၂၅ | ၂၂၂၀ | ၂၂၃၅ | ၂၁၃၀ | ၂၁၄၀ | ၂၁၇၅ | ၂၁၇၅ | ၂၁၈၀ | ၂၃၉၅ | ၂၇၆၀ |
| 95 Ron | ၂၁၆၀ | ၂၂၁၀ | ၂၂၀၅ | ၂၁၇၀ | ၂၂၀၅ | ၂၂၃၀ | ၂၂၁၅ | ၂၁၉၅ | ၂၂၉၀ | ၂၃၀၅ | ၂၂၀၀ | ၂၂၁၅ | ၂၂၄၅ | ၂၂၄၅ | ၂၂၄၅ | ၂၄၆၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၆၀ | ၂၄၀၅ | ၂၄၀၅ | ၂၃၇၀ | ၂၄၀၅ | ၂၄၂၅ | ၂၄၂၅ | ၂၃၉၀ | ၂၅၀၅ | ၂၅၀၀ | ၂၃၉၅ | ၂၄၁၀ | ၂၄၄၀ | ၂၄၄၀ | ၂၄၄၅ | ၂၆၆၅ | ၃၄၈၅ |
| HSD (50 ppm) | ၂၄၄၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၅၀ | ၂၄၈၅ | ၂၅၀၅ | ၂၅၀၅ | ၂၄၇၀ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၉၀ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၅ | ၂၇၄၅ | ၃၅၁၅ |
| HSD (10 ppm) | ၂၄၄၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၅၀ | ၂၄၈၅ | ၂၅၀၅ | ၂၅၀၅ | ၂၄၇၀ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၉၀ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၅ | ၂၇၄၅ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၂ | ၂၀၆၆ |
| 95 Ron | ၂၀၅၉ | ၂၁၃၄ |
| HSD (500 ppm) | ၂၂၅၅ | ၂၃၃၀ |
| HSD (50 ppm) | ၂၃၂၉ | ၂၄၀၅ |
| HSD (10 ppm) | ၂၃၂၉ | ၂၄၀၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ ပန်းလှိုင်အိမ်ရာ၊ Rose Garden၊ မြေအကျယ်(100'x100')၊ ဂရန်မြေ၊ အနောက်ဘက်ရေကန်စပ်နံဘေး၊ ဂေါက်ကွင်းမျက်စောင်းထိုး၊ အဆင့်မြင့်အိမ်ရာ၊ လုံခြုံရေးကောင်း၊ ပတ်ဝန်းကျင်ကောင်း၊ ပန်းလှိုင်ဆေးရုံအနီး၊ ဘယ်လိုမှ မရနိုင်သောဈေး။

ကျပ်သိန်း (13500)

၂။ နေပြည်တော်ကျောက်မျက်ဇုန်၊ ဟိုတယ်ဇုန်၊ ရွှေပြည်တော်ဝင်လမ်းအနီး၊ ကြေးမုံဆေးရုံအနီး၊ ဝေဒလမ်းမကြီးပေါ်အရှေ့အလှည့် မြေအကျယ် (120'x 120')၊ 2 ထပ်အိမ် Sqft 8000၊ တစ်အိမ်လုံးကျွန်းအပြည့်သုံးထား၊ ကျွန်းပါကေး၊ ကျွန်းမျက်နှာကျက်၊ Master Badroom (၅)ခန်း၊ ဧည့်ခန်းကျယ်(၂)ခန်း၊ Aircon (၁၁)လုံး၊ ဝန်ထမ်းနေအိမ် 2 ထပ်တိုက် (၁)လုံး၊ ကား(၆)စီးဆံ့ ကားဂိုဒေါင်၊ ဂါလန်(၁၆၀၀)ဆံ့ရေစင်၊ ဂရန်မြေ၊ ခြံရှေ့တွင် မြေကွက်လပ်အကျယ် (100'x 120') အပိုပါရှိပါသည်။

ကျပ်သိန်း (12000)

၃။ သန်လျင်အမှတ်(၂)တံတားထိပ်၊ ကုလားဝဲရွာထဲရှိ မြေအကျယ်(20'x50') မြေကွက်များ ရောင်းရန်ရှိသည်။ ခြံခတ်ပြီး ကိုယ်ပိုင်ကွန်ကရစ်လမ်းကျယ်ခင်းထားပါသည်။

၁ ကွက် – ကျပ်သိန်း (200)

၄။ ပဲခူးမြို့၊ VIP ရပ်ကွက်၊ မြေအကျယ် (100'x100')၊ ဂရန်မြေ၊ တစ်ထပ်တိုက်(၁)လုံးပါ၊ အုတ်တံတိုင်းခတ်ပြီး၊ ရုံးပေါင်းစုံအနီး၊ ဆည်မြောင်းဝင်းဘေး အေးအေးချမ်းချမ်းနှင့် ပတ်ဝန်းကျင်ကောင်းကောင်း ခြံကျယ်ကျယ်တွင် နေလိုသူများအတွက်။

ကျပ်သိန်း (900)

၅။ ဆယ်အိမ်တန်းကမ်းခြေ၊ ဘန်ဂလို(၁၅)လုံး၊ စားသောက်ခန်းမ(၁)ခု၊ ဝန်ထမ်းလိုင်းခန်းပါ၊ ဧည့်ရိပ်သာ ရောင်းရန်ရှိသည်။ ကျပ်သိန်း(10000)

**ဖုန်း– 09–5178979, 09–451146685, 09–43022828, 09–776187674, 09–263699715**


## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ရွာမရပ်ကွက်နေသူများဖြစ်သည့် ဖိုးခွား (ခ) ဖိုးသား၊ စိုင်းရဲဝင်းနိုင် (ခ) ဇွဲမာန်၊ ဇော်သန်းထွဋ်နှင့် ဈေးပိုင်းရပ်ကွက်နေ ရဲမာန်အောင်(ခ) ကျောက်ရိုင်း တို့ လေးဦးသည် ၎င်းတို့အသုံးပြုသည့် “Phoe Thar” Facebook အကောင့်၊ “Zwe Man” Face–book အကောင့်၊ “Zaw Than Htut” Face–book အကောင့်နှင့် “Ye Man Aung” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် –၈၀၊ မြေကွက်အမှတ် (၁)၊ ဧရိယာ (၆၄'/၇၅'.၆"x ၆၉'.၂" /၆၃'.၃")၊ မြေကွက်အမှတ်–၂၊ ဧရိယာ (၆၄'/၆၅'x၆၃'.၃"/၆၄')၊ မြေကွက်အမှတ်–၃၊ ဧရိယာ (၆၄'/၆၅'x ၆၄'/၆၃') ရှိ နှစ် ၆၀ ဂရန်မြေကွက် (၃)ကွက်နှင့် ယင်းမြေကွက်များနှင့်စပ်ဆက်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထား အမည်ပေါက်ပိုင်ဆိုင်လျက်ရှိသူ National Land (YGN) Co.,Ltd. (ကုမ္ပဏီကိုယ်စား ဒါရိုက်တာ ဦးဝင်းမြင့် ၁၂/ဒဂန(နိုင်)၀၁၅၃၁၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇော်လတ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၀၃၈)**
**အမှတ်–၃၆၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၂၅၄၁၁၇၈၅၄**

### ဒေါ်နီနီဝင်းနှင့်အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ အင်းလေးမြိုင်ရပ်ကွက်၊ ရွှေပြည်တန်လမ်းနေ (ဘ)ဦးသီးရွှေ၏သားဖြစ်သူ ဦးတင်စိုး ၆/ဘပန(နိုင်) ၀၁၃၁၀၄၏လွှဲအပ်ချက်အရ ဒေါ်နီနီဝင်းနှင့်အများသိစေရန် ကြေညာလိုက်သည်မှာ–

ကျွန်ုပ်မိတ်ဆွေဦးတင်စိုးနှင့် လူကြီးမင်းတို့၏ အိမ်ထောင်သက်တမ်းမှာ ၁၆ နှစ်ကာလကြာမြင့်ပြီဖြစ်ပါသည်။ ထိုကာလအတွင်း မိသားစုပြဿနာတစ်စုံတစ်ရာမရှိခဲ့ဘဲ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြင့် ဖြတ်သန်းခဲ့ကြပါသည်။ (၂၂–၁၂–၂၀၁၂)ရက် ညနေ ၄နာရီခန့်အချိန်၌ နေအိမ်တွင်ရှိသော KTVသုံးစက်(၂)စုံကို ကျွန်ုပ်မိတ်ဆွေအားအသိမပေးဘဲ လူကြီးမင်းမှမိမိ၏ သဘောအတိုင်း မောင်ဖြစ်သူအားပေးလိုက်ရာမှ လင်မယားစကားများကြပြီး လူကြီးမင်းမှနေအိမ်ပေါ်မှဆင်းသွားခဲ့သည်မှာ ယနေ့အထိဖြစ်ပါသည်။ လင်မယားအကြား ယခုကဲ့သို့ သာမန်အကြောင်းကိစ္စတစ်ခုကြောင့် မိသားစုခွဲခြားနေထိုင်၍ မိသားစုပြိုကွဲမည့်အရေးကို ကျွန်ုပ်မိတ်ဆွေမှမလိုလားပါသဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ အမြန်ဆုံးနေအိမ်သို့ ပြန်လာရန်အတွက် ဒေါ်နီနီဝင်းနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းသန်းဇော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၅၉၆)**
**အမှတ်(၃၄၄)၊ ဈေးလမ်း၊ သန်းဖိုရပ်၊ မြိတ်မြို့၊ ဖုန်း–၀၉–၄၁၀၀၄၈၀၆**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/05984 Zhineng 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဝေအောင် ၁၄/လပတ(နိုင်)၂၈၆၃၃၁က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၇ယ/၃၃၆၇၂ Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယမုံဦး ၆/ကစန(နိုင်) ၁၀၈၂၁၇က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2P/7068 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2R/9670 Hyundai Accent Sallon (4x2)(L) ယာဉ်အမည်ပေါက်သူ ဒေါ်ယဉ်ယဉ်ထွန်း ၉/ပဥလ(နိုင်)၀၂၀၀၂၄က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**သွေးသည် အသက်**


## AFF Cup ပြိုင်ပွဲတွင် ဗီယက်နမ်နှင့် မလေးရှားအသင်း ဆီမီးဖိုင်နယ် တက်ရောက်

**ရန်ကုန် ဇန်နဝါရီ ၃**

၂၀၂၂ AFF Cup ပြိုင်ပွဲ အုပ်စု (က) နောက်ဆုံးနေ့ကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ ဗီယက်နမ်နိုင်ငံ ဟန်ွိုင်းမြို့ရှိ မိုင်ဒင်းကွင်း၌ ကျင်းပသည့်ပွဲတွင် ဗီယက်နမ်အသင်းက မြန်မာအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီး အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့သည်။

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ဘူကစ်ဂျာလီကွင်း၌ ကျင်းပသည့်ပွဲတွင် မလေးရှားအသင်းက စင်ကာပူအသင်းကို လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဆီမီးဖိုင်နယ်တက်ရောက်ရန် မဖြစ်မနေအနိုင်ရရန် လိုအပ်နေသည့် မလေးရှားအသင်းသည် အိမ်ကွင်း၌ အမှတ်ပြည့်ရယူပြီး အုပ်စုဒုတိယဖြင့် နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။

**ရဲရင့်လွင်**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
### ဒုတိယဦးစီးမှူးအဆင့် ရာထူး (၁၄၈) နေရာအတွက် ရေးဖြေစာမေးပွဲဖြေဆိုအောင်မြင်သူများ စာရင်းထုတ်ပြန်ကြော်ငြာခြင်း
### ကြော်ငြာစာအမှတ် (၁/၂၀၂၃)
### ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ( ၃ ) ရက်

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်တွင်လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀) တန်း၊ ဒုတိယ ဦးစီးမှူးအဆင့် ရာထူးအနွယ် (၉) မျိုးတွင် အမှုထမ်းဝင်ပေါက် (၁၄၈) နေရာအတွက် ခန့်ထားရန် (၁၂–၁၁–၂၀၂၂) ရက်နေ့တွင် ပြုလုပ်ခဲ့သော ရေးဖြေစာမေးပွဲ၌ အောင်မြင်ခဲ့သူများ၏စာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်–

(က) (၁၆–၁–၂၀၂၃)ရက်၊တနင်္လာနေ့၊ နံနက် (၀၉:၀၀) နာရီအချိန်တွင် လူတွေ့စစ်ဆေးမည့် ဒု–ဦးစီးမှူး (မြို့ပြ) (၇၇) ဦး၏ ခုံနံပါတ်များ

C–3, C–4, C–5, C–6, C–7, C–8, C–9, C–10, C–11, C–12, C–13, C–14, C–15, C–16, C–17, C–18, C–19, C–20, C–21, C–22, C–23, C–24, C–25, C–26, C–29, C–30, C–32, C–33, C–34, C–35, C–36, C–37, C–40, C–42, C–43, C–44, C–45, C–46, C–47, C–48, C–49, C–50, C–51, C–53, C–54, C–56, C–57, C–58, C–59, C–60, C–61, C–62, C–64, C–65, C–68, C–69, C–70, C–72, C–74, C–75, C–76, C–78, C–79, C–81, C–82, C–83, C–86, C–88, C–89, C–90, C–91, C–92, C–96, C–99, C–100, C–104, C–112.

( ခ ) (၁၇–၁–၂၀၂၃)ရက်၊ အင်္ဂါနေ့၊ နံနက် (၀၉:၀၀) နာရီအချိန်တွင် လူတွေ့စစ်ဆေးမည့် စာရင်းကိုင်(၂) ( ၁၄ )ဦး၊ ဒု–ဦးစီးမှူး(စက်မှု) ( ၄၅ ) ဦးနှင့် ဒု–ဦးစီးမှူး (ဘူမိ) ( ၈ ) ဦးတို့၏ ခုံနံပါတ်များ

A–1, A–2, A–3, A–5, A–6, A–7, A–8, A–9, A–10, A–11, A–12, A–13, A–14, A–16. M–2, M–3, M–4, M–5, M–6, M–8, M–9, M–10, M–11, M–12, M–13, M–14, M–15, M–16, M–17, M–18, M–19, M–20, M–21, M–22, M–23, M–24, M–26, M–27, M–28, M–29, M–30, M–32, M–33, M–34, M–36, M–37, M–39, M–40, M–41, M–42,M–43, M–44, M–46, M–48, M–49, M–51, M–52, M–53, M–57.

G–1, G–2, G–5, G–8, G–10, G–11, G–15, G–23.

( ဂ ) (၁၈–၁–၂၀၂၃)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၀၉:၀၀) နာရီအချိန်တွင် လူတွေ့စစ်ဆေးမည့် ဒု–ဦးစီးမှူး (လျှပ်စစ်) ( ၄၅) ဦး၊ ဒု–ဦးစီးမှူး (ပစ္စည်း) ( ၁၈ ) ဦး၊ ဒု–ဦးစီးမှူး( မိုင်း ) ( ၂ ) ဦး၊ ကွန်ပျူတာလုပ်ဆောင်ရေးမှူး ( ၅ ) ဦးနှင့် စာကြည့်တိုက်လက်ထောက် (၂) ( ၁ ) ဦးတို့၏ ခုံနံပါတ်များ

E–1, E–5, E–7, E–8, E–9, E–10, E–11, E–14, E–15, E–18, E–19, E–23, E–24, E–30, E–33, E–34, E–36, E–39, E–40, E–41, E–42, E–43, E–45, E–46, E–47, E–48, E–49, E–50, E–54, E–59, E–61, E–62, E–66, E–67, E–69, E–70, E–71, E–76, E–78, E–80, E–86, E–87, E–88, E–89, E–94.

P–5, P–6, P–14, P–17, P–23, P–26, P–27, P–31, P–36, P–39, P–40, P–50, P–52, P–54, P–61, P–62, P–69, P–73.

MI–1, MI–3.

Com–1, Com–2, Com–3, Com–4, Com–5.

L–1.

၂။ လူတွေ့ဖြေဆိုမည့်သူများသည် ဖြေဆိုမည့်နေ့ရက်တွင် နံနက် (၀၈:၀၀) နာရီအရောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအား လျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနခွဲ (ရုံးချုပ်)၊ နေပြည်တော်သို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ အချိန်မီ သတင်းပို့ရမည်ဖြစ်ပြီး ဆက်သွယ်ရန်ဖုန်းနံပါတ်မှာ (၀၆၇–၈၁၀၄၁၇၆ နှင့် ၀၆၇–၈၁၀၄၁၇၉) တို့ဖြစ်ပါသည်–

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း/မိတ္တူ)
( ခ ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ဒီပလိုမာ/ဘွဲ့လက်မှတ် (မူရင်း/မိတ္တူ)
( ဂ ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းသက်သေခံကတ်ပြား (သို့မဟုတ်) သက်ဆိုင်ရာ တာဝန်ခံအရာရှိ ထောက်ခံချက်
(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြား (မူရင်း)

၃။ လူတွေ့ဖြေဆိုမည့်သူများသည် အထက်ပါ သတ်မှတ်ရက်များတွင် မပျက်မကွက် လာရောက်သတင်းပို့/ဖြေဆိုကြရန်နှင့် ပျက်ကွက်ပါက ခန့်ထားရေးတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၀၂ ဆူ | ၂၁၈ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၆ ခန်း | ၃၈၉ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၉ တိုင် | ၁ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၀ ခု | ၅၃၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၇ ကျင်း | ၂၀၅၂. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၆ ကျင်း | ၁၉၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၂ ကျင်း | ၅၈၈၈. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၃၀၄ ကျင်း | ၁၄၃၂. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၉၇ စုံ | ၂၀၃ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## အမည်ပြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်နေ ဦးမြသန်း (ကွယ်လွန်) ၁၄/ကလန(နိုင်)၀၀၅၄၄၉၏သား ဦးသော်ဇင်ထွန်း ၁၄/မအပ(နိုင်)၀၀၃၀၂၆ အား ဦးဟန်ဇော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ဦးဟန်ဇော်**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်း ဒေသကြီး၊ သာစည်မြို့၊ အမှတ်(၂) မီးရထားဝန်းနေ မအေမီသက် ၉/သစန(နိုင်) ၁၁၇၁၁၄၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၈-၁၉၈၅ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 41W/73305, ယာဉ်လက်ဝယ်ရှိသူ ဦးနေမျိုးလင်း ၇/ညလပ(နိုင်)၀၉၄၆၃၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၆၇၈၂၁ M/C ယာဉ် လက်ဝယ်ရှိသူ ဦးစည်သူရ Honda Dream, M/C က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကော့ကရိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6K/5682,Hino Dytwo ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လင်းထက် ၁၂/ထတပ(နိုင်)၀၉၆၁၅၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံးခွဲ**
**(ရွာသာကြီး)ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6K/6917,Honda Fit GE6, Hatch Back(4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသူအောင် ၈/သရန(နိုင်)၀၄၇၃၅၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**
**ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌**
**၂၀၂၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၅ နှင့်ဆက်နွယ်သည့်**
**၂၀၂၂ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၂**

| | | |
|---|---|---|
| ၁။ ဒေါ်အိဖြူဖြူမြင့် | နှင့် | ၁။ ဦးကျော်ဝင်းသူ |
| ၂။ ဒေါ်တွယ်တာအိချို | | ၂။ ဒေါ်မေရီမြ |
| | | ၃။ ဒေါ်ခိုင်ခိုင်နွယ် |
| **တရားနိုင်များ** | | **တရားရှုံးများ** |

ပြင်ဦးလွင်မြို့၊ အနီးစခန်း၊ ရေခြံစုကျေးရွာ၊ ငွေချိန်စတိုးနှင့်ကုန်စုံဆိုင်၊ (ဝက်မွေးမြူရေးနှင့် စားသောက်ကုန်လုပ်ငန်း)နေ ဦးကျော်ဝင်းသူ၊ ဒေါ်ခိုင်ခိုင်နွယ် (ယခုနေ ရပ်လိပ်စာမသိရှိသူ)သိစေရမည်။

၂၀၂၁ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၅ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်အိဖြူမြင့်နှင့် ဒေါ်တွယ်တာအိချိုတို့က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်(၁၃၈၄ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံး တော်ရှေ့ လာရောက်ရမည်။

၂၀၂၂ခုနှစ် ၊ ဒီဇင်ဘာလ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စန်းသီရိရွှေ)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RA-II) ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ်(၁၀၂-ဋ)၊ မြေယာအမှတ်(193/315-I)မြေရီယာ အကျယ်အဝန်း(၀.၂၀)ဧကမြေနှင့် နေအိမ်ကို ဦးမျိုးသန့် ၉/မကန(နိုင်) ၀၇၁၅၇၆ထံမှ ဦးမြသိုက် ၁၂/မဂတ(နိုင်)၀၀၃၅၀၁က (အရပ်ကတိစာချုပ်)ဖြင့် ဝယ်ယူပြီး စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နေအိမ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးမြသိုက်** | **ဦးနေမျိုးဇော်(LL.B,D.B.L)** |
| **၁၂/မဂတ(နိုင်)၀၀၃၅၀၁** | **တရားလွှတ်တော်ရှေ့နေ** |
| | **"နိုင်"ဥပဒေအကျိုးဆောင်** |
| | **အမှတ်(၆၇)၊ (၅)ကွက်၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့** |

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၂၂၂/ခ၊ မြင်သာ ၅ လမ်း၊ အလျား ၂၀ပေx အနံ ၆၀ပေ၊ ဧရိယာ ၁၂၀၀ စတုရန်းပေရှိသော ဦးကြူအမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်ကြီးအနက်မှ ခြေရင်းခြမ်း၊ အလျား ၁၀ပေ xအနံ ၆၀ပေ ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဦးကြူ၏သားဖြစ်သူ ဦးလှငွေး ၉/မရတ(နိုင်) ၀၇၈၅၄၇ ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ယခုလက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားသည့် ဦးမျိုးသန့် ၁၂/ဥကတ(နိုင်)၁၈၈၈၂၉ဆိုသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းချငွေတန်ဖိုး၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်ကို ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစပြီး ၁၄ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်လွင်လွင်ခိုင်(LL.B,D.B.L,D.I.L)** | **ဒေါ်ဟန်သီတိုး(LL.B, D.B.L)** |
| **အထက်တန်းရှေ့နေ(စဉ်-၂၄၃၄၅)** | **အထက်တန်းရှေ့နေ** |
| **အမှတ်(၆၂၇)၊ ၁၁လမ်း၊ (၇)ရပ်ကွက်၊** | **(စဉ်-၅၀၅၃၂)** |
| **တောင်ဥက္ကလာပမြို့နယ်၊** | **ဖုန်း-၀၉-၄၂၇၂၈၉၈၄၉** |
| **ရန်ကုန်တိုင်းဒေသကြီး** | |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (င)၊ မြေကွက်အမှတ်-၆၄၄၊ ဧရိယာစတုရန်း ပေ ၂၄၀၀ ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ (၁၃) လမ်း၊ အမှတ် (၆၄၄)ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင် လျက်ရှိသူ ဦးအောင်ကျော်ဦး ၁၂/မရက(နိုင်)၀၀၃၂၈၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်လတ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၃၈)**
**အမှတ်-၃၆၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (၂)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၄၁၁၇၈၅၄**

## စာအုပ် စာပေ လှူမိတ်ဆွေ




## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ဘားအံခရိုင်တရားရုံးတော်၌**
**၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၅**

| | | |
|---|---|---|
| ဒေါ်နန်းခင်စိန် (၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်နန်းချစ်ဦး) | နှင့် | ဒေါ်အုံးမြင့် |
| **တရားလို** | | **တရားပြိုင်** |

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၈)ရပ်ကွက်(ထောင်ဝိ)၊ ရတနာသိင်္ဂီလမ်းနေ ဒေါ်အုံးမြင့်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်ဖောက်ဖျက်မှုအတွက် လျော်ကြေးငွေ ၅၅၇၀၀၀၀၀/- (ကျပ်သိန်းငါးရာငါးဆယ်ခုနစ်သိန်း)ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ခုနှစ် ဇန်နဝါရီလ ၁၇ ရက် (၁၃၈၄ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ရက်)မွန်းမတည့်မီ နံနက်၁၀နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာချုပ်စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဒီဇင်ဘာလ ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးအေးမြင့်)**
**ခရိုင်တရားသူကြီး**
**ဘားအံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ဇေယျာဝတီမြို့၊ မြို့မ(၁) ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၂၆၃-ခ၊ ပျဉ်ပုံ၊ တောင်ကွင်း)၊ ဦးပိုင်အမှတ်(၄၅/၁၅)၊ ဧရိယာ၀ဒသမ ၆၆ဧကအား ဒေါ်သီတာဦး အမည်ဖြင့် မြေငှားဂရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအပေါ် ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖြူးမြို့သို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖြူးမြို့**

## အများသိစေရန်

အိမ်မဲမြို့၊ အထက်ပိုင်းရပ်ကွက်၊ ၆လမ်းနေ ဦးပိုင်အမှတ် ၂၇၈၊ မြေပေါ်ရှိ ပျဉ်ထောင် နှစ်ထပ်နေအိမ်(အိမ်အမှတ် ၄၁၄) သည် ဒေါ်ကျင်ဥ အမည်ပေါက်ပိုင်ဆိုင်သည့်နေအိမ်ဖြစ်သည်။ ဒေါ်ကျင်ဥတွင် ဒေါ်ဂေလီလှ၊ ဒေါ်ဂရီးမေလှ၊ ဒေါ်လီလီလှ၊ မန်းဒေါနယ်၊ မန်းနယ်လ်ဆင်၊ ဒေါ်သန်းသန်းဝင်းဟူ၍ သားသမီး (၆)ဦးရှိရာ အဆိုပါနေအိမ်သည် အမွေဆိုင်အိမ်ဖြစ်သဖြင့် အမွေဆိုင်အားလုံး၏ သဘောတူညီချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊လွှဲပြောင်းခြင်း မပြုလုပ်ရန် တားမြစ်လိုက်သည်။

**အမွေဆိုင်များ၏ လွှဲအပ်ချက်အရ**
**ဒေါ်ကြည်ဝင်း B.A,H.G.P**
**အထက်တန်းရှေ့နေ(၁၁-၁၂-၈၄)**
**စာရင်းပါ အမှတ် (၉၇၆၁)**
**(၁)လမ်း၊ စာချွန်ခံရပ်ကွက်၊ အိမ်မဲမြို့၊ ဖုန်း-၀၉-၇၈၅၆၆၄၀၄၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/83510 ယာဉ်လက်ဝယ်ရှိသူ ဦးဟန်မင်းခန့် ၇/ပခန(နိုင်) ၄၂၆၄၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/46429 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်သူ ၁၀/ကထန(နိုင်)၁၁၀၁၀၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ပဲခူးတိုင်းဒေသကြီး၊တောင်ငူမြို့နယ် သမဝါယမအသင်းစု အိတ်ပိတ်လေလံလျှောက်လွှာခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး၊တောင်ငူမြို့နယ် သမဝါယမအသင်းစုပိုင် တောင်ငူမြို့၊ (၁၆)ရပ်ကွက်၊ နဂါးရုံ ဘုရားလမ်းရှိ မြေ ၀ဒသမ ၀၈၃ ဧကနှင့် ယင်းမြေပေါ်ရှိ တစ်ထပ်မြေစိုက် အဆောက်အအုံအား မျက်မြင်အခြေအနေအတိုင်း အိတ်ပိတ်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

| | |
|---|---|
| **လေလံလျှောက်လွှာ ရောင်းချမည့်ရက်** | - ၅-၁-၂၀၂၃ရက်မှ ၁၂-၁-၂၀၂၃ရက်၊ ညနေ ၄နာရီ |
| **လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက်** | - ၁၃-၁-၂၀၂၃ရက်၊ နံနက် ၁၀ နာရီ |
| **လေလံတင်ရောင်းချမည့်ရက်** | - ၁၃-၁-၂၀၂၃ရက်၊ နံနက် ၁၁နာရီ |
| **လေလံတင်လျှောက်လွှာ ရောင်းချမည့်နေရာ** | - တောင်ငူမြို့နယ် သမဝါယမအသင်းစုရုံး၊ နဂါးရုံဘုရားလမ်း၊ (၁၆)ရပ်ကွက်၊ တောင်ငူမြို့ |
| **လေလံတင်လျှောက်လွှာ ထည့်သွင်း/ဖွင့်ဖောက်မည့်နေရာ** | - တောင်ငူမြို့နယ်၊ သမဝါယမ အသင်းစုရုံး၊ နဂါးရုံဘုရားလမ်း၊ (၁၆)ရပ်ကွက်၊ တောင်ငူမြို့ |
| **ဆက်သွယ်ရန်** | - ဖုန်း-၀၉-၄၂၈၁၅၀၁၃၄ |

**လေလံတင်ရောင်းချရေးအဖွဲ့**
**တောင်ငူမြို့နယ် သမဝါယမအသင်းစု**
**ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)**
**တာချီလိတ်ခရိုင်တရားရုံး**
**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၅ နှင့် ဆက်နွယ်သည့်**
**၂၀၂၂ ခုနှစ် တရားမဇာရီမှုအမှတ် -၃၀**

| | | |
|---|---|---|
| ဒေါ်နန်းခမ်းတစ် | နှင့် | ဒေါ်ဝင်းဝင်းအေး |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

တာချီလိတ်မြို့၊ အမှတ် (၁၄)၊ မယ်ခေါင်ရပ်ကွက်၊ အပိုင်း(င)နေ ဒေါ်ဝင်းဝင်းအေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၅ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်နန်းခမ်းတစ်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်ရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၈ရက် (၁၃၈၄ ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စံမြင့်)**
**ခရိုင်တရားသူကြီး**
**တာချီလိတ်ခရိုင်တရားရုံး**

## မိဘအမည်မှန်

ပျော်ဘွယ်မြို့၊ အထက(၂) ပန်းစုံကျောင်း၊ Grade-11(A)မှ မောင်ကောင်းလျှံဦး၏ မိဘအမည်မှန်မှာ ဦးစိုးဝင်း (TAK-၀၃၇၁၈၉) ဒေါ်ခိုင်ခိုင်ဦး ၉/ပဘန(နိုင်)၀၀၂၁၁၃ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးသိန်းအေး ၆/ကသန(နိုင်) ၀၆၂၄၅၅၏သား ကော့သောင်းမြို့၊ အထက (ခွဲ) အဏ္ဏဝါ Grade- 8 မှ မောင်ဘုန်းသီဟနိုင်အား မောင်သီဟလျှံဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်သီဟလျှံ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ် (၄)ရပ်ကွက်၊ မြေနုလမ်း၊ အိမ်အမှတ် (၂၀)နေ ဦးကိုကိုလေး ၁၄/ပသန(နိုင်)၀၄၃၃၄၅နှင့် ဒေါ်မိမိစန်း ၁၄/ပသန(နိုင်)၀၄၃၃၄၆တို့၏သားဖြစ်သူ မောင်နေမျိုးအောင်(ခ)အန်းကူ ၁၄/ပသန(နိုင်)၂၀၂၀၉၆သည် မိဘများ၏ဆိုဆုံးမမှုအား လိုက်နာဆောင်ရွက်ခြင်းမရှိပါသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် မောင်နေမျိုးအောင်(ခ)အန်းကူ ၁၄/ပသန(နိုင်)၂၀၂၀၉၆နှင့် သက်ဆိုင်သော ကိစ္စအဝဝသည် ဦးကိုကိုလေး- ဒေါ်မိမိစန်းတို့နှင့် လုံးဝမသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကိုကိုလေး-ဒေါ်မိမိစန်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်ဝင်း ၁၂/ရကန(နိုင်)၀၀၉၉၂၈၏ နိုင်ငံကူးလက်မှတ် အမှတ်(Old-PP.No M365756)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၅၄၁၄၁၀၀

## ဖောင်းကြွပျောက်ဆုံး လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/9472 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/69507 ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာချစ်ခင် ၇/တငန(နိုင်) ၁၂၆၇၈၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/4923, ACING NAING THU LANT-01 PICKUP (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဖိုးတိုး ၈/မမန(နိုင်) ၀၅၂၁၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5C/8705, Foton Dump Truck (8X4)L ယာဉ်လက်ဝယ်ရှိသူ ဦးလန်ရှန်ပေါင် ၅/ကလထ(နိုင်)၀၅၂၈၀၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ် (၆) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၅/အလင်းရောင်ရပ်)၊ ဦးပိုင်အမှတ် (၈၀)၊ မြေဧရိယာ ၀ဒသမ၀၈၀ကေရှိ အစိုးရ(မြို့မြေ)ကွက်အား ဦးဟရဲ အုပ်ထန်း(ဘ)ဦးဟောက်ဇနန် ၄/ဖလန(နိုင်)၀၄၃၉၂၁မှ အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်းများတင်ပြ၍ အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### အမရပူရခရိုင် တရားရုံးတော်၌
### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၁၆၁

ဒေါ်သိန်းမြင့် — တရားလို
နှင့်
ဒေါ်မြင့်မြင့် — တရားပြိုင်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ ဆိုင်အမှတ်(၃)၊ ၃၈လမ်း၊ ၈၅ X ၈၆လမ်းကြားနေ ဒေါ်မြင့်မြင့်(ဘ)ဦးသိန်းမောင် ၉/အမရ(နိုင်)၀၂၅၆၂၅ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက် (၁၃၈၄ ခုနှစ် ပြာသိုလပြည့်ကျော် ၁၁ရက်) နံနက် ၉:၃၀ နာရီတွင် အထက်ကအမည်ပါ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင်အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်ဝင်းထူး)**
**ဒုတိယခရိုင်တရားသူကြီး**
**အမရပူရခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ်-၂၆၂/ခ၊ သူရ (၉)လမ်း၊ အလျားပေ ၂၀xအနံပေ ၆၀၊ ဧရိယာစတုရန်းပေ ၁၂၀၀ ရှိသော ဒေါ်စမ်းစမ်းဝင်း S/OKA-105950 (၁၂/ဥကတ(နိုင်) ၀၂၂၅၆၂) အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဒေါ်စမ်းစမ်းဝင်းထံမှ ဦးကျော်စိန် CE-037885မှ အိမ်အလဲအလှယ်စာချုပ်ဖြင့် လက်ရောက်ပိုင်ဆိုင်ခဲ့ပြီးနောက် ကွယ်လွန်သူ ဦးကျော်စိန်၏ သားသမီးများဖြစ်ကြသော ဦးဝဏ္ဏဦး ၁၂/ဗဟန(နိုင်)၀၂၂၁၈၀၊ ဒေါ်မာလာဖြူ ၁၂/ဗဟန(နိုင်)၀၁၉၀၇၀၊ ဒေါ်မိုးစပယ် ၁၂/ဗဟန(နိုင်)၀၂၀၈၅၆၊ ဒေါ်နှင်းနှင်းခိုင် ၁၂/ဗဟန(နိုင်)၀၂၀၈၆၅ ဆိုသူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းချငွေတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်ကို ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစပြီး ၁၄ ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်လွင်လွင်ခိုင် (LL.B, D.B.L, D.I.L)** | **ဒေါ်ဟန်သီတိုး (LL.B, D.B.L)** |
| **အထက်တန်းရှေ့နေ (စဉ်-၂၄၃၄၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၀၅၃၂)** |
| **အမှတ် (၆၂၇)၊ (၁၁)လမ်း၊ (၇)ရပ်ကွက်၊** | **ဖုန်း-၀၉-၄၂၇၂၈၉၈၄၉** |
| **တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး** | |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟ (၃၈)လမ်း၊ မြေကွက်အမှတ် (၁၃၈၉) မြေပေါ်တွင် မြေရှင်နှင့် ကန်ထရိုက်တာတို့ အခန်းပေးအခန်းယူဆောက်လုပ်ထားသော (တစ်ခန်းတွဲ) (၃ ၁/၂) ထပ်ခွဲတိုက်ခန်းများအနက်မှ (ဒါဘာခန်း)၊ ၅ လွှာ အကျယ်အဝန်း (၁၈ပေx၅၁ပေ) တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဒေါ်သီတာဝါ ၁၂/ဥကတ(နိုင်) ၁၈၆၃၇၈မှ ၎င်းကိုယ်တိုင်ပိုင်ဆိုင်သည့်တိုက်ခန်းဖြစ်ကြောင်း ကတိပြုရောင်းချသည့် အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသောတရားဝင်ပိုင် ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုအောင် (LL.B)၊ တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၃၄၉၈ (၁၂-၁၀-၂၀၁၇)**
**အမှတ်-၃၃၂၊ ဒုတိယထပ်၊ သီလ (၁၀)လမ်း၊ (၄)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၇၇၈၉၄၀၂၀၆**

## ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်နေ ကျွန်မ ဒေါ်ကေခိုင်ဦး(ဘ)ဦးဘတင် ၈/မလန(နိုင်)၀၇၅၈၇၃ နှင့် ဦးအေးမင်းခိုင်(ဘ)ဦးစန်းလွင် ၇/လပတ(နိုင်)၁၀၁၁၈၅တို့သည် ၅-၁၂-၂၀၂၂ရက်တွင် ပွင့်ဖြူမြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း၊ ဦးအေးမင်းခိုင်နှင့် ကျွန်မ ဒေါ်ကေခိုင်ဦးတို့သည် လင်ခန်းမယားခန်း လုံးဝသက်ဆိုင်ခြင်းမရှိတော့သည့်အပြင် တစ်ဦး၏ ကိုယ်ရေးကိုယ်တာကိစ္စဟူသမျှ ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ပြောဆိုခြင်း၊ နောက်နောင်တွင် ကိုအေးမင်းခိုင်နှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကေခိုင်ဦး ၈/မလန(နိုင်)၀၇၅၈၇၃**
**အမှတ် (၁)ရပ်ကွက်၊ မင်းဘူးမြို့**


မြန်မာရေးရာ MYANMAR AFFAIRS မြန်မာရေးရာ(၂၂) (ဇန်နဝါရီ၊ ၂၀၂၃) ထွက်ပြီ




၂၀၂၃ ဇန်နဝါရီလထုတ် မြန်မာရေးရာ အမှတ်စဉ် - ၂၂ တွင်
- ဗမာ့လွတ်လပ်ရေး အရေးတော်ပုံ
- တစ်ကမ္ဘာလုံး တစ်ယောက်မကျန် ကြားသိစေသတည်း
- စိန်ရတုအတွေး ရှုရှား - မြန်မာချစ်ကြည်ရေး
- ဖဆပလ၏ တစ်နှစ်အတွင်း လွတ်လပ်ရေးကြေညာချက်
- ဒစ်ဂျစ်တယ်၊ မိုဘိုင်း ငွေပေးချေမှုကဏ္ဍမှ အပြောင်းအလဲတစ်ခု
- ဘဝတန်ဖိုး
- ဗဒံမင်းနှင့် မြို့နန်းတည်ခြင်း
- ရာသီဥတုဖောက်ပြန်မှုကို ထိန်းချုပ်လျော့ချပေးသည့် မြန်မာ့အီးဖရီး စဥ့်မီးဖို

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်ပါသည်။

တစ်အုပ် (၅၅၀၀) ကျပ်
စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(လက်ကားဖြန့်ချိရေး)
မြန်မာရေးရာလေ့လာရေးအဖွဲ့
ဖုန်း-၀၁-၈၃၈၇၅၆၈


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၃ ရပ်ကွက်၊ အနော်မာ ၁၁လမ်း၊ တိုက်အမှတ် ၉၀၃/ခ၊ ပထမထပ်(၂လွှာ)၊ အကျယ်(၁၈'x၅၅') ရှိ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံသူ ဦးအောင်ကျော်စိုး ၁၀/ခဆန(နိုင်)၀၈၁၄၇၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးမင်းအောင် ၁၂/မဂဒ(နိုင်)၁၁၀၂၂၀ သည် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေခဲ့ပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးသန့်(LL.B)(C.B.L)**
**အထက်တန်းရှေ့နေ (စဉ် - ၄၅၇၀၅)**
**အမှတ် ၉၁၆/ခ၊ မာဃ ၁၂လမ်း၊ ၁၂ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၇၁၉၇၁၀၆၄၊ ၀၉-၄၅၃၄၃၆၆၀၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၅/အလင်းရောင်ရပ်၊ ဦးပိုင်အမှတ် (၄)၊ မြေဧရိယာ ၀ဒသမ ၀၃၂ ကေရှိ အစိုးရ(မြို့မြေ)ကွက်အား ဦးမျိုးညွန့်(ဘ)ဦးသောင်းညွန့် ၉/ လဝန(နိုင်)၀၃၇၄၄၅ မှ အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်းများတင်ပြ၍ အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ကျွန်းရတနာလမ်း၊ ဝဲကျွန်းထိန်သစ်ရပ်နေ ဦးစိုင်းကျော်ကျော်လင်း ၆/လလန(နိုင်) ၀၇၉၇၆၅ နှင့် ဒေါ်အေးခိုင်မျိုး ၆/ထဝန(နိုင်) ၁၂၈၂၉၅တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်-

ဦးစိုင်းကျော်ကျော်လင်းနှင့် ဒေါ်အေးခိုင်မျိုးတို့ လင်မယား(၂)ဦးသည် ယခုလက်ရှိနေထိုင်သော ထားဝယ်မြို့၊ ကျွန်းရတနာလမ်း၊ ဝဲကျွန်းထိန်သစ်ရပ်၊ အကွက်အမှတ်(၂၁)၊ ဦးပိုင်အမှတ် (၈၀-ခ)၊ အလျား(၆၅)ပေ၊ အနံ(၂၀)ပေရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော ၁ထပ်တိုက်နေအိမ်အား ဦးမျိုးဝင်းသိန်း ၆/လလန(နိုင်) ၀၈၁၈၈၈နှင့် ဒေါ်ပန်းအိအိကျော်(ဘ)ဦးကျော်လွင် ၆/ထဝန(နိုင်) ၁၀၀၇၉၂တို့လင်မယား ၂ဦးထံတွင် ငွေကျပ်သိန်း(၇၀၀)တိတိကျပ်ဖြင့် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်တွင် နှစ်ဦးသဘောတူ နေအိမ်နှင့်မြေ အရောင်းအဝယ်ကတိ စာချုပ်ချုပ်ဆိုကာ အရောင်းအဝယ်ပြုလုပ်ကြပါသည်။

အထက်ဖော်ပြပါ နေအိမ်နှင့်မြေအား အရောင်းအဝယ်ပြုလုပ်ရာတွင် ဒေါ်ပန်းအိအိကျော်မှ ၎င်းပိုင်ဆိုင်ကြောင်းစာချုပ်စာတမ်းမူရင်း၊ နေအိမ်နှင့် မြေအား ဒေါ်အေးခိုင်မျိုးတို့ လင်မယားထံသို့ လက်ရောက်လွှဲပြောင်းပေးအပ်၍ အရောင်းအဝယ်ဖြစ်မြောက်ကာ လက်ရှိအချိန်တွင်လည်း ဒေါ်အေးခိုင်မျိုး တို့မိသားစုမှ ယင်းနေအိမ်နှင့် မြေပေါ်တွင် တရားဝင်နေထိုင်လျက်ရှိပါသည်။

ထို့ကြောင့် ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ အထက်ဖော်ပြပါနေအိမ်နှင့်မြေအား ဒေါ်ပန်းအိအိကျော်မှ ပိုင်ဆိုင်နေထိုင်ခြင်းမရှိဘဲ ဒေါ်အေးခိုင်မျိုးတို့လင်မယားသာလျှင် တရားဝင် ပိုင်ဆိုင်နေထိုင်ကြောင်းနှင့် နောက်နောင် ဒေါ်ပန်းအိအိကျော်နှင့်ပတ်သက်၍ အရှုပ်အရှင်းမှန်သမျှ ၎င်းနေအိမ်တွင်နေထိုင်သော ဒေါ်အေးခိုင်မျိုးနှင့် သက်ဆိုင်ခြင်းမရှိဘဲ ဒေါ်ပန်းအိအိကျော်နှင့်သာ သက်ဆိုင်ဖြေရှင်းပါကြောင်း ဒေါ်အေးခိုင်မျိုးနှင့် သက်ဆိုင်ခြင်းမရှိဘဲ ဒေါ်ပန်းအိအိကျော်နှင့်သာ သက်ဆိုင်ဖြေရှင်းပါကြောင်း သိစေအပ်ပါသည်။ ၎င်းနေအိမ် မြေနှင့်ပတ်သက်၍ အရှုပ်အရှင်းထပ်မံပေါ်ပေါက်လာပါက သက်ဆိုင်သူများအားလုံးကို တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာဦး၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၅၀)**
**အမှတ်(၁၁၄/ခ)၊ဝဲကျွန်းထိန်ဟောင်းရပ်၊ ထားဝယ်မြို့**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ အမှတ်(၂) ရပ်ကွက်နေ ဦးကြည်ဝင်း၏ သား ဦးမျိုးကျော်သက် ၉/သစန(နိုင်) ၁၀၁၀၂၄ ၏ အမည်မှန်မှာ ဦးမျိုးသက်ကျော် ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ပေါင်းတည်မြို့နယ်၊ ပျဉ်းပင်ကန်ရပ်ကွက်၊ အတွင်းလမ်းနေ မရွှေသူခင် ၇/ပတတ(နိုင်)၁၃၄၅၈၇ ၏ဖခင် ဦးအောင်အောင်(ခ) ဦးအောင်ကြီးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်အောင်(ခ)ဦးအောင်ကြီး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်မှ မြေဧရိယာ(၀ဒသမ၁၁၀)ကေရှိ ဦးလှဌေး (ဘ)ဦးခွေးဖြူ ၉/ညဥန(နိုင်) ၀၈၂၆၃၁ အမည်ပေါက် ပါမစ်မြေကွက်အမှတ်(ပ-၂၁၆၀၆)၏ မြေပေးစလစ်(မြေကွက်နေရာချထားပေးခြင်းလက်မှတ်)မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြေပေးစလစ်(မြေကွက်နေရာ ချထားပေးခြင်းလက်မှတ်)မိတ္တူမှန်ထုတ်ပေးပါရန် မြေကွက်အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေဆက်ခံခွင့်ရှိသောဇနီးဖြစ်သူ ဒေါ်စန်းညွန့် ၉/ညဥန(နိုင်) ၀၈၃၄၈၅(ဘ)ဦးအောင်သောင်းမှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက် ၃၀ အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးစလစ်(မြေကွက်နေရာချထားပေးခြင်းလက်မှတ်)မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၃၃/ပေါင်းလောင်း-၃၊ မြေကွက် အမှတ် ၁၇၆၆၊ ဧရိယာ ၀ ဒသမ ၀၅၅ ကေရှိ ဒေါ်ချိုချိုဝင်း အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်မူမူဝင်း ၅/ကလထ(နိုင်) ၁၂၀၉၁၇ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဖက်သဘောတူ ကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှစွန့်လွှတ်ကြောင်းနှင့်အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မိတ္ထီလာမြို့၊အောင်ဆန်းရပ်ကွက်၊ဆရာအတတ်သင်သိပ္ပံကျောင်းရှေ့တွင်နေထိုင်သော ဖခင် ဦးမြင့်ဆွေ ၉/မထလ(နိုင်) ၁၆၈၃၄၉နှင့် မိခင် ဒေါ်ညွန့်ရီ ၉/မထလ(နိုင်) ၁၆၈၃၅၂တို့မှာ အသက်(၈၀)ဖြစ်ပြီး မိဘအိမ်တွင်နေထိုင်သော သမီးမခင်ဆွေရီ MTLA-၀၃၅၅၄၂သည်မိဘများမှ ကျန်းမာရေးမကောင်းဘဲရှိနေစဉ် မိဘများအား ပြုစုစောင့်ရှောက်မှုမရှိ ခြင်း၊ မိဘများအားစိတ်ချမ်းသာအောင်ပြောဆိုခြင်းမရှိဘဲ နေ့စဉ်ကျန်းမာရေးမကောင်းသော မိဘများအား ဆဲရေးတိုင်းထွာခြင်း၊ ညစ်ညမ်းသော စကားများပြောဆိုခြင်း၊ မိခင်၊ ဖခင်တို့အား ထောက်ပံ့ကျွေးမွေးခြင်း မရှိသည့်အပြင် မိခင်၊ ဖခင်တို့အား အမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုလုပ်နေသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့်အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းနိုင်ပါသည်။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မာမာဝေ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၀၂)**
**အမှတ်(၂)၊ ရဲစခန်းမြောက်ဘက်၊ ကန်သာယာရပ်၊ ဈေးအရှေ့ပြင်ရပ်ကွက်၊**
**မိတ္ထီလာမြို့**

## လေလံကြော်ငြာ

၁။ တမူးခရိုင်၊ သစ်တောဦးစီးဌာနမှ ဖမ်းဆီးရမိသည့် အင်/ကညင်/အခြား (သစ်လုံး/ခွဲသား)များ ပထမအကြိမ် လေလံတင်ရောင်းချမည့် (၁၉၅.၂၀၃၈) တန်၊ အခြားဆက်စပ်ပစ္စည်း (၇၁) ခုတို့အား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင် စနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း လေလံတင်ရောင်းချမည် ဖြစ်ပါသည်-

**ရောင်းချမည့်အစီအစဉ်**

(က) **နေ့ရက်** - ၁၆-၁-၂၀၂၃ရက် (တနင်္လာနေ့)

(ခ) **အချိန်** - နံနက် ၁၀နာရီ

(ဂ) **နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ တမူးခရိုင်

၂။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီသည့် မည်သူမဆို လေလံဆွဲဝယ်ယူခွင့် လျှောက်လွှာနှင့်စည်းကမ်းချက်များ တစ်စုံလျှင် (၁၀၀၀၀/-)နှုန်းဖြင့် ၄-၁-၂၀၂၃ရက်မှ ၁၃-၁-၂၀၂၃ရက်အတွင်း တမူးခရိုင်၊ သစ်တောဦးစီးဌာန၌ ဝယ်ယူလျှောက်ထားနိုင်ပါသည်။ လေလံအောင်မြင်သည့်သစ်များအား တိုင်းကျော်သယ်ယူခွင့်မပြုပါ။

၃။အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၆၂၈၄၆၃၄၇၊ ၀၉-၂၅၆၅၃၀၁၀၃တို့သို့ စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်လေလံတင်ရောင်းချရေးကော်မတီ**
**တမူးခရိုင်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၁၈၃

| | | |
|---|---|---|
| ဦးထွန်းကျော်စွာ | **နှင့်** | ဦးလှဖေ |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဘဘ-၇/၁၇)၊ မြရည်နန္ဒာရပ်ကွက်နေ (ဘ)ဦးထွန်းခင်၏သားဖြစ်သူ ဦးလှဖေ (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးထွန်းကျော်စွာက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (၈၈-၁၅)၊ ဦးပိုင်အမှတ် (၃၂)၊ ဧရိယာ ဝဒသမဝ၅၅၁ကေ အကျယ်အဝန်းရှိ ဦးလှဖေ အမည်ပေါက် မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၃ ရက် (၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထွန်းကျော်)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နေ ကျွန်မ ဒေါ်ခင်သန်းဝင်း ၉/ကပတ(နိုင်)၀၂၇၂၆၆မှ ကျောက်ပန်းတောင်းမြို့၊ မြောက်ပြည်တော်သာရပ်ကွက် ကျွန်မ အမည်ပေါက် (ပ/တ ၂၈၉) မြေကွက်အား ကျောက်ပန်းတောင်းမြို့၊ မြို့မြေချထားရေးကော်မတီမှ ချထားပေးခဲ့ပြီး စလစ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် စလစ်မိတ္တူမှန် ပြန်လည်လျှောက်ထားသွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်သန်းဝင်း**
**(ဖုန်း-၀၉-၉၅၂၂၂၀၄၀၈၊ ၀၉-၄၀၁၆၈၁၉၃၀)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် ၉၈၉၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်စန်းမြင့် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၀၈၁/၂၀၁၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးခိုင်ထွန်း (၈/သရန(နိုင်)၀၃၈၄၉၀) မှ နှစ်(၃၀)မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်လှဲ့ဒါလီဆွေငြိမ်း (၉/ပမန(နိုင်)၂၁၇၈၃၃) နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီမြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**

## ရွှေလောင်မိုက်လေလံကြော်ငြာ

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ကျောက်ကာ သမိုင်းဝင်ရွှေဂူနီမြတ်စွာဘုရားကြီးမှ ရွှေလောင်မိုက်နှင့် ဆက်စပ်ပစ္စည်းများကို လေလံတင် ရောင်းချမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများအား လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း ကြော် ငြာအပ်ပါသည်။

| | |
|---|---|
| **လျှောက်လွှာစတင်ရောင်းချမည့်ရက်** | - ၅-၁-၂၀၂၃ရက် |
| **လျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်** | - ၂၄-၁-၂၀၂၃ရက်၊ နံနက် ၁၁ နာရီ |
| **နေရာ** | - ကျောက်ကာရွှေဂူနီ ဘုရားကြီးဓမ္မာရုံအတွင်း |
| **လေလံကျင်းပမည့်ရက်/အချိန်** | - ၂၅-၁-၂၀၂၃ရက် နံနက် ၁၀နာရီ |

**လေလံတင်ရောင်းချရေးအဖွဲ့**
**ကျောက်ကာရွှေဂူနီမြတ်စွာဘုရားကြီး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၅၈

| | | |
|---|---|---|
| ဒေါ်သက်သက်ထူး | **နှင့်** | ဒေါ်ထက်ထက်လင်း |
| **တရားလို** | | **တရားပြိုင်** |

နေပြည်တော် "ထွန်း" စတိုး၊ ဘောဂသီရိကားကွင်းအနီး၊ ပုဗ္ဗသီရိမြို့နယ်နေ ဒေါ်ထက်ထက်လင်း (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သက်သက်ထူး က ယုံကြည်အောင်ပြောဆိုကာ မမှန်မကန် လိမ်လည်ရောင်းချ၍ ရယူသွားသော ရောင်းကြေးငွေကျပ်သိန်း (၂၅၀၀)နှင့် နစ်နာကြေးငွေကျပ် သိန်း(၅၀၀)စုစုပေါင်း ငွေကျပ်သိန်း(၃၀၀၀) ပြန်လည်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ခုနှစ် ဇန်နဝါရီလ ၂၇ရက် (၁၃၈၄ခုနှစ် တပို့တွဲလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် ဇန်နဝါရီလ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီတာစိုး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း၊ ယာဉ်ပြင်အလုပ်ရုံဆိုင်ခန်းအမှတ် (ယ-၅၄)အား ကျွန်ုပ်၏မိတ်ဆွေ ဦးဇေယျာထွေး(နိုင်ငံသားအမှတ် ၁၃/ရငန(နိုင်)၀၄၅၇၉၄) ၏ အမည်ဖြင့် နေပြည်တော်စည် ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှ ချထားပေးခဲ့ရာ ကျသင့်တန်ဖိုးငွေကျပ်သိန်း (၂၀၀)တိတိအား ကျွန်ုပ်၏မိတ်ဆွေ ဦးဇေယျာထွေးက ၁၉-၂-၂၀၁၀ရက်တွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ ချလန်အမှတ် (၄)ဖြင့် တစ်လုံးတစ်ခဲတည်း ပေးသွင်းခဲ့ပြီး၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇေယျာထွေး၏ သံတော်ဦးဆေးနှင့် ဘော်ဒီအလုပ်ရုံအမည်ဖြင့် ယာဉ်ပြင်အလုပ်ရုံဆိုင်ခန်း ဖွင့်လှစ်ခွင့်ပြုသည့် စာရွက်မူရင်းအား ထုတ်ပေးခဲ့ပါသည်။

ယခုအခါ ၎င်းယာဉ်ပြင်အလုပ်ရုံဆိုင်ခန်းဖွင့်လှစ်ခွင့်ပြုသည့် စာရွက်မူရင်းမှာ ပျောက်ဆုံးလျက်ရှိသဖြင့် မိတ္တူမှန်ပြန်လည်ထုတ်ယူခွင့်ရရှိရေးအတွက် ဆောင်ရွက်မည်ဖြစ်ရာ၊ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက နေပြည်တော် စည်ပင်သာယာရေးကော်မတီတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဇေယျာထွေး(ဘ)ဦးမျိုးမောင် ၁၃/ရငန(နိုင်)၀၄၅၇၉၄၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်နိုင်**
**အထက်တန်းရှေ့နေ (စဉ်-၅၀၃၈၁)**
**အမှတ် (၃/၂၁၃)၊ အိုးဘိုရပ်၊ ဥယျာဉ်စုရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊**
**နေပြည်တော်၊ ဖုန်း-၀၉-၇၇၃၅၉၄၂၆၈**

## သမီးအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ မြင်းကကုန်းတိုက်နယ်နေ ဦးရဲထွဋ် ၁၄/ဘကလ(နိုင်) ၂၀၇၃၁၅ နှင့် ဒေါ်ကေသီလှ ၁၄/ဘကလ(နိုင်) ၀၇၉၉၃၅တို့၏အကြီးဆုံးသမီး မမေသူသူခိုင် ၁၄/ဘကလ(နိုင်) ၃၀၆၄၈၂ သည် လွန်ခဲ့သော (၂)နှစ်က မိဘဆိုဆုံးမသည်ကိုမနာခံဘဲ မိမိသဘောအတိုင်း ပြုမူသွားပြီး အိမ်မှထွက်ခွာသွားသဖြင့် မမေသူသူခိုင်အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးရဲထွဋ်၊ ဒေါ်ကေသီလှတို့၏ ညွှန်ကြားချက်အရ-**
**U Myint Aung-B.A, DIP (RUSSIAN)**
**HIGHER GRADE PLEADER (3951)**
**No. 58/60 1st Floor,**
**Mahabandoola Garden Street, Yangon.**
**09-443044564, 09-964044564**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3L/8547 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၁၄၄၂)၊ ဧရိယာ(၀ဒသမ၀၈၂)ကေရှိ ဒေါ်ညိုအမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်အေးသန္တာအောင် (ဘ)ဦးတင်အောင် ၁/မညန(နိုင်)၀၀၅၁၂၀မှ မြေပေးမိန့်၊အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်း ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၂၉)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ် ၉၈၉၊(၂)ခန်းတွဲ၊ RC (၈)ထပ်ခွဲတိုက် အဆောက်အအုံ၏ (၈)လွှာ ခေါင်းရင်းခန်း(7-A)၊ ဧရိယာ (၉၇၂)၊ စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းမီနီကွန်ဒို တိုက်ခန်း၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချ ပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးသိန်းတန် (၁၀/မလမ(နိုင်)၀၂၇၄၁၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဦးဘိုဘို (၁၂/ကမရ(နိုင်)၀၅၆၈၄၃)၊ ဒေါ်ဝါဝါလွင် (၁၂/ဒဂရ(နိုင်)၀၀၈၂၂၀)တို့က အပြီးအပြတ်ဝယ်ယူမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထား မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးဘိုဘိုနှင့် ဒေါ်ဝါဝါလွင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ(စဉ်-၄၇၆၂၂)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်း၊ ကျိုက်ခေါက်ဘုရားလမ်း၊ တိုက်အမှတ်(A-5)၊ RC (၈) ထပ်တိုက်အဆောက်အအုံ၏ အခန်းအမှတ် (၇၂၃)၊ (၇)လွှာ၊ ဧရိယာ ၁၁၈၅ စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချ ပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဦးအောင်ကျော်မြင့် (၈/မသန(နိုင်)၀၆၄၇၆၈)၊ ဒေါ်မေယမုံ (၁၂/အစန(နိုင်)၀၆၄၆၇၇) တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဦးစိုင်းလုံဝမ်း (၁၃/တကန(နိုင်)၁၃၁၅၅၆) က အပြီးအပြတ်ဝယ်ယူရန် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထား မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးစိုင်းလုံဝမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ(စဉ်-၄၇၆၂၂)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ပျောက်ဆုံးကြောင်း

ကျွန်မ မသန့်ရွှေဇင် ၁၂/ဒဂရ(နိုင်)၀၁၂၈၀၅၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၅၂၉၆၉၄၁၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၄ယ/၄၈၄၉ Honda Click 125 M/C ယာဉ် လက်ဝယ်ရှိသူ မနီနီမြင့် ၅/မရန(နိုင်) ၁၄၇၄၆၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ရယ/၃၇၆၃၂ Honda Scoopyi 110 M/C ယာဉ် လက်ဝယ်ရှိသူ ဒေါ်ဝင်းယုယုဇော် ၅/မရန(နိုင်)၁၈၉၅၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(မုံရွာ)**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ဖောင်းပြင်မြို့နယ်၊ တုံကောင်းမှူးကျေးရွာနေ ဦးကံလှ၏သမီး မကေဂျာနူး၏ အမည်မှန်မှာ မခင်မြဒွေး ဖြစ်ပြီး ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ်အရ (၅-၁၂-၁၉၈၉) ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပုလဲမြို့နယ်၊ သေတ္တာရာ ကျေးရွာနေ မောင်စိုင်းနေမျိုး နှင့် မဝေဝေခိုင်တို့၏ ဖခင် ဦးပိုနှင့် ဦးမောင်ပို ၅/ယမပ (နိုင်)၀၄၄၀၈၆မှာတစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ ရာဇာဓိရာဇ်လမ်း၊ မြေကွက်အမှတ် (ထ/၁၇၅+ထ/၁၇၆) အကျယ်အဝန်း (၈၀ပေ× ၁၀၀ပေ)ရှိ ဒေါ်ဝါဝါနွယ် (၁/မကတ(နိုင်)၀၆၀၆၁၁) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်ဝါဝါနွယ် (၁/မကတ(နိုင်)၀၆၀၆၁၁)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက် လိုပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်လှိုင် LL.B,**
**အထက်တန်းရှေ့နေ (စဉ်-၄၃၆၈၈)**
**Ph,09421746974**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ၊ သဃ်န်းကျွန်းမြို့နယ် ၊ ( ၁၆/၁ )ရပ်ကွက် ၊ ဇဋိလ(၄)လမ်း ၊ တိုက်အမှတ် (၈၁၃/က) ၊ အခန်းအမှတ် (မြေညီထပ်) ၊ အကျယ်အဝန်း (၁၈ပေ×၅၄ပေ) ရှိ တိုက်ခန်း နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ခင်သူဇာထွေး ( ၁၂ / သဃက (နိုင်) ၀၀၃၃၂၁ ) ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိမ့်သိမ့်ယမင်း**
**LL.B,**
**အထက်တန်းရှေ့နေ (စဉ်-၄၀၈၉၄)**
**Ph-09254332312, 09798721076**

## ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သမဝါယမအသင်းစု
## လေလံတင်ဒါလျှောက်လွှာ ခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ် သမဝါယမအသင်းစုပိုင်၊ အမှတ် (၉)၊ မြို့မလမ်း၊ မြို့မမြောက်ရပ်ကွက်ရှိ ခြံမြေ (၃၅'x၉၀')အား လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

၁။ **လေလံလျှောက်လွှာရောင်းချမည့်ရက်** - ၄-၁-၂၀၂၃ ရက်မှ ၁၀-၁-၂၀၂၃ရက်ထိ
၂။ **လျှောက်လွှာပိတ်မည့်ရက်** - ၁၀-၁-၂၀၂၃ရက်၊ ညနေ ၁၆:၀၀နာရီ
၃။ **လေလံတင်ရောင်းချမည့်ရက်** - ထပ်မံဆက်သွယ်အကြောင်းကြားပါမည်။
၄။ **လေလံတင်ဖွင့်လှစ်ရောင်းချမည့်နေရာ** - ထပ်မံဆက်သွယ်အကြောင်းကြားပါမည်။

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ မေးမြန်းစုံစမ်းနိုင်ပါသည်-

ဖုန်း-၀၉-၇၉၉၄၂၅၈၄၄၊ ၀၉-၂၆၁၇၃၀၁၈၂

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**
**သန်လျင်မြို့နယ်၊ သမဝါယမအသင်းစု**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅ နည်းဥပဒေ-၂၀)
## ပဲခူးခရိုင်တရားရုံး
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၀၇

ဒေါ်ညွန့်ညွန့်ကြည် **နှင့်** ၁။ ဒေါက်တာခင်မောင်ဝင်း
၂။ ဦးမြင့်လွင်(၄င်းတို့၏အထူးကိုယ်စားလှယ်စာရသူ ဦးသန်းလွင်)

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ်(၉၉)နေ (၁) ဒေါက်တာခင်မောင်ဝင်း၊ (၂) ဦးမြင့်လွင် (၄င်းတို့၏အထူးကိုယ်စားလှယ်စာရသူ ဦးသန်းလွင်) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ခြံမြေကွက် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ခုနှစ် ဇန်နဝါရီ ၁၆ရက် (၁၃၈၄ခုနှစ် ပြာသိုလပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဒီဇင်ဘာ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြူကြူဝင်း)**
**ခရိုင်တရားသူကြီး**
**ပဲခူးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
## မရမ်းကုန်းခရိုင် တရားရုံးတော်
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်- ၉၀၀

၁။ ဒေါ်ခိုင်ခိုင်ဝင်း **နှင့်** ၁။ ဦးတင်ဌေး
၂။ ဒေါ်ဆွေဇင်ဝင်း ၂။ ဒေါ်သန်းသန်းအေး
၃။ ဦးကျော်သူရဝင်း ၃။ ဒေါ်ဇင်မြင့်မာ
၄။ ဒေါ်သက်လျာဝင်း ၄။ ဦးတင်မောင်အေး
၅။ ဒေါ်ခင်ယုဇန

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်(တောင်)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၈၁/၈၅) နေ ဦးတင်ဌေး (ယခုနေရပ်လိပ်စာမသိ) နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (၁)လမ်း၊ တိုက်(အေ)၊ အခန်း(၀၀၄)နေ ဒေါ်ဇင်မြင့်မာ(ယခုနေရပ်လိပ်စာမသိ) သူတို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုတို့က မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ခုနှစ် ဇန်နဝါရီ ၂၃ရက် (၁၃၈၄ခုနှစ် တပို့တွဲလဆန်း ၃ရက်) နံနက် ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းပြင် အထက်ပါရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့်စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် ဇန်နဝါရီ ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းနိုင်ထွေး)**
**တွဲဖက်ခရိုင်တရားသူကြီး**
**မရမ်းကုန်းခရိုင်တရားရုံး**

## ဂိုဒေါင်၊ စက်များနှင့် မြေရောင်းမည်

ပေ ၁၀၀ x ပေ ၅၀စီရှိသော ပျဉ်းကတိုးနှင့် တည်ဆောက်ထားသည့် သွပ်ဂိုဒေါင် (၃)လုံးတွဲ၊ ၄၇ပေx၃၆ပေ စပါးခွံသွပ်ဂိုဒေါင်(၁)လုံး၊ ၃၁ပေx၂၁ပေ နံကပ်မီးစက်ခန်း(၁)ခု၊ ၁၇ပေx၁၁ပေ စပါးခွံပေါင်းဖိုထည့်နံကပ်(၁)ခု၊ ပျဉ်ထောင်နှစ်ထပ်အိမ်လေး (၁)လုံး၊ ငါးပုံ (၆)လုံးပါ တန်(၅၀)ကျ ကုလားပဲခြမ်းခွဲစက်တစ်စုံ၊ မလေးရှားမှ မှာယူထားသော တန်(၆၀)ကျ ဆန်စက်တစ်စုံ၊ ဆန်ကွဲဖယ်စက် (၂)လုံး၊ ဆန်မှစပါးလုံးဖယ်စက် Colour Sorter (၁) စုံ၊ ပဲသန့်စင်စက် (၂)စုံ၊ စပါးခွံခုတ်ငွေ့သုံး အပူပေးစက် (၄) လုံး၊ စပါးခွံခုတ်ငွေ့ထုတ် ပေါင်းဖိုကြီး (၂)စုံ၊ 300 KVA ဒီဇယ်မီးစက်ကြီး (၂)လုံး ဖော်ပြပါ အဆောက်အအုံများနှင့် စက်များကို မြေမပါ (သိန်း ၂၀၀၀ိ/-) (သိန်းနှစ်ထောင်ကျပ်)နှင့် ရောင်းမည်။ ကိုယ့်စရိတ်နှင့်ကိုယ် အားလုံးဖြုတ်ယူရမည်။ မြေသီးသန့် (၁.၅) ဧက နှင့် (315 KVA Transformer) သိန်း ၂၅၀၀ိ/-(ကျပ်သိန်းနှစ်သောင်းငါးထောင်ကျပ် တိတိ)ဖြင့် ရောင်းမည်။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၅၀၁၃၂၂၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/ရန်ပြေ၊ မြေကွက်အမှတ်-၁၀၇၄/ခ၊ ဧရိယာ(၁၉ပေx၆၀ပေ)၊ မြေကွက်တည်နေရာအမှတ်(၁၈)၊ ရန်ပြေ(၁၈)လမ်း အနောက်၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးထွန်းမောင် ၁၂/သကတ(နိုင်)၀၄၁၄၄၆အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဒေါ်သန်းခင် ၁၂/သကတ(နိုင်)၀၄၀၆၁၀ အမည်ပေါက် ဦးထွန်းမောင်၊ ဒေါ်သန်းခင် (တရားရှုံး)ကိုယ်စား ဘီလစ်မှချုပ်ဆိုပေးသော အရောင်းအဝယ်စာချုပ်အမှတ်-၅၈၃၃/၂၀၂၂(၅-၈-၂၀၂၂)ဖြင့် ဝယ်ယူသူ ဒေါ်အိအိလွင် ၁၂/ဒပန(နိုင်)၀၄၆၈၁၂ မှ ဂရန်မူရင်းမှာ အသိမ်းလွန်အထားမှားကာ ပျောက်ဆုံးနေသည်မှာ မှန်ကန်ကြောင်းနှင့် ဂရန်မူရင်းအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ရုံးဌာနများတွင် အာမခံတင်သွင်းခြင်းတို့ကို လုံးဝ(လုံးဝ)မရှိသည်မှာ မှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ထောက်ခံချက်၊ သာကေတမြို့မ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမြတ်ခွန်ချုလန်၊ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၂)ရပ်ကွက်၊ (၁၀/တောင်)၊ ဇေယျဝတီ(၃)လမ်း၊ အမှတ်(၂၄၀၇)၊ ဒုတိယထပ်(၃လွှာ)၊ အကျယ်အဝန်း (အလျား ၁၈ ပေနှင့်အနံ၅၅ပေ)ရှိ တိုက်ခန်းအား တရားဝင်ပိုင်ဆိုင်မှု စာရွက်စာတမ်းများ၊ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူနေထိုင်ပိုင်ဆိုင်သူ ဒေါ်သဲစုမွန် ၁၂/သဃက(နိုင်)၁၃၄၈၆၁ မှ မိမိတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်း အပေါင်အနှံကင်းရှင်းကြောင်း တာဝန်ယူဝန်ခံကတိပြုပြီး ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်နူးနိုင် ၁၂/ဥကတ(နိုင်)၁၇၉၆၇၃ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် ခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်ရက်အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုမိုကို(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၄၉/၄-၁၀-၂၀၂၁)**
**အမှတ်(၂၃)၊ ဘုရင့်နောင်(၁၃)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း-၀၉-၇၈၁၆၈၅၀၄၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ (၁၀) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်-၂၈+၃၃-ဗိုလ်ကုန်းရပ်၊ ဦးပိုင်အမှတ်-၃/၁ က+၃/၅ က၊ မြေကွက်အမှတ်-၄/၁၆+၃၂/၉၄)၊ ဧရိယာ ၀ ဒသမ ၀၉၈ ဧကရှိ မြို့မြေ နှစ်(၃၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှုတွဲအမှတ်-၂၄၇/၂၀၂၀ ၏ နှစ်(၃၀)မြေငှားဂရန်မြေကွက်တွင် ဦးငြိမ်းကိုကိုတင် ၁၄/ပသန(နိုင်)၁၇၉၇၄၄ အမည်ဖြင့် မှတ်သားထားပါသည်။ ၄င်းထံမှ ကလောမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၃၄/၂၀၂၂(၈-၈-၂၀၂၂) ရသူ ဒေါ်ဖြူဖြူဌေး ၁၃/ကလန(နိုင်)၀၅၄၇၄၅ မှ အထူးကိုယ်စားလှယ်လွှဲအပ်သူ ဦးငြိမ်းကိုကိုတင်ကိုယ်စား တရားဝင်အမည်ပေါက် လက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုသည်ကို ယုံကြည်သဖြင့် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီကြပြီး ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှု၊ အကျိုးခံစားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်တင့်(ခ)ဦးခင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၅၁/ ၁၉၉၁)**
**အမှတ်-၃၃/၄၉၊ အခန်း(၂)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့**
**ဖုန်း-၀၉- ၅၁၃၉၃၀၆**

## ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗဟန်းလမ်း၊ အမှတ် (၅၂)၊ (၄)လွှာ၊ အလျား ၂၅' × အနံ ၅၀' ရှိသော ခြောက်ထပ်တိုက် အဆောက်အဦမှ တိုက်ခန်းတစ်ခန်းကို ဝယ်ယူမည်ဖြစ်ကြောင်း ကြေညာချက်။

ကျွန်ုပ်၏မိတ်ဆွေအား အထက်ဖော်ပြပါ တိုက်ခန်းကို ရောင်းချရန် ဦးအေးသွင် ဂရန်အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်ပေါ်တွင် ကန်ထရိုက်တာ ဦးအောင်သန်းမြင့် (၁၂/စခန(နိုင်)၀၅၅၉၃၃) ဟီးတားဆောက်လုပ်ရေးမှ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းပါကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ဝယ်ယူရန် စရံငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ထားသောရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်လဲ့လဲ့ဝင်းဟန် (LL.B)** | **ဒေါ်ချစ်ချစ်လွင် (LL.B)** |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၆၃) | အထက်တန်းရှေ့နေ (စဉ်-၄၉၉၄၀) |
| ဖုန်း ၀၉ ၅၀၀၆၀၄၃ | ဖုန်း ၀၉ ၂၅၉၃၃၀၀၅၉ |

တိုက်(၉/၁၁)၊ အခန်း(၁၀၁-A)၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ အောင်နန်းရပ်ကွက်၊ ကွင်းအမှတ်(၂၃)၊ ဦးပိုင်အမှတ် (၄၃/ခ)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိမြေဂရန်သည် ဦးအောင်မြင့်အမည်ဖြင့် ၃၀-၆-၂၀၂၀ရက်ထိ မြေငှားဂရန်သက်တမ်း ရရှိခဲ့ပြီး၊ ဖခင်ဦးအောင်မြင့်သည် ၂၄-၁၂-၂၀၀၂ ရက်တွင်လည်းကောင်း၊ မိခင်ဒေါ်မြရင်သည် ၉-၆-၁၉၈၁ရက် တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ကြပြီး၊ (၁၄.၁၀.၂၀၂၀)ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၃၈၉/၂၀၂၀)အရ သား/သမီးဒေါ်မေသက်နိုင်၊ ဦးဝင်းမြင့်အောင်၊ ဒေါ်အေးအေးမြင့်၊ ဒေါ်မြင့်သီတာ၊ ဒေါ်ဥမ္မာမြင့်တို့ (၅)ဦးမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာခဲ့ပြီး၊ (၂၈-၁၀-၂၀၂၀) ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၄၂၇/၂၀၂၀)အရ ဦးဝင်းမြင့်အောင်မှ ဒေါ်မေသက်နိုင်၊ ဒေါ်အေးအေးမြင့်၊ ဒေါ်မြင့်သီတာ၊ ဒေါ်ဥမ္မာမြင့်တို့(၄)ဦး အမည်သို့ အိမ်ခြံမြေကွက်အပြီးအပိုင် စွန့်လွှတ်စာချုပ်ဖြင့် စွန့်လွှတ်ခဲ့ပြီး၊ ဒေါ်မေသက်နိုင် ၁/မကန(နိုင်)၀၂၁၃၉၄၊ ဒေါ်အေးအေးမြင့် ၁/မကန(နိုင်)၀၂၁၃၉၆၊ ဒေါ်မြင့်သီတာ ၁/မကန(နိုင်)၀၂၁၃၉၇ နှင့် ဒေါ်ဥမ္မာမြင့် ၁/မကန(နိုင်)၀၂၁၃၉၈တို့ (၄)ဦး အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း၊ အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်း၊ အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၇-ရွှေပေါက်ကံ၊ မြေကွက်အမှတ်-၂၃၃၊ ၂၄၀၀စတုရန်းပေ၊ မြေကွက်တည်နေရာ-အမှတ်(၂၃၃)၊ ခတ္တာလမ်းနှင့် နှင်းဆီ(၂)လမ်းထောင့်၊ ၁၇/ရွှေပေါက်ကံ၊ ဗကသိန်းနိုင်(ငြိမ်း) (RGN-၀၁၅၄၆၉) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဦးသိန်းနိုင်(ခင်ပွန်း)သည် ၁၉-၄-၂၀၁၉ ရက်တွင် ကွယ်လွန်သဖြင့် ဒေါ်ခင်ထွေး ၁၂/ရကန (နိုင်)၀၁၀၅၈၈ မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့်တစ်ဦးတည်းသော ဇနီးဖြစ်ကြောင်း၊ ၄င်းမှလွဲ၍ အခြားသောဇနီးမယားတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကျမ်းကျိန်လွှာအမှတ်-၉၈၃/၁၈-၇-၂၀၂၂၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းနှင့် ဂရန်မူရင်းတို့တင်ပြ၍ ဒေါ်ခင်ထွေးထံမှ GP No-၂၀၆၉/၂၅-၅-၂၀၂၂ ဖြင့်ရရှိသူ ဒေါ်စောသိင်္ဂီဘက်မှ ကိုယ်စားလှယ်လွှဲစာ၊ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၉၈၂/၁၈-၇-၂၀၂၂နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ပူးတွဲ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ စ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကိုဟိန်းသူရစိုး ၁၂/မရက(နိုင်) ၁၅၀၁၄၂ သဘော်သား လုပ်သက်မှတ်တမ်း (All IN ONE)လက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၀၂၂၀၁၆**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2B/8119 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2B/4453 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၃၄၁)၊ ဧရိယာ ၀ ဒသမ ၀၈၂ဧကရှိ ဦးမျိုးအမည်ပေါက်ပါမစ်မြေကွက်အား ဦးရဲမြင့်သန်း (ဘ)ဦးကျော်ဌေး ၉/မရမ(နိုင်) ၀၈၆၁၉၇ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ အကွက်အမှတ် (မန်ဆူတိုးချဲ့-၂)၊ ဦးပိုင်အမှတ် ၂၄၊ ဧရိယာ ၀ ဒသမ ၀၉၆ ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၁၁၁၂-၅/၂၀၁၈-၂၀၁၉ (အေ)၊ ဦးဆေထင် ၁၃/လရန(နိုင်)၀၁၄၈၈၆ အမည်ပေါက် မြေကွက်အားငင်း၏ အထူးကိုယ်စားလှယ် ဒေါ်နန်းခမ်းဖောင် ၁၃/လရန(နိုင်)၀၂၆၀၅၂ မှ ဒေါ်အားကြူ ၁၃/တယန(နိုင်)၀၁၉၀၇၂သို့ လားရှိုးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် ၅၀၃၊/၂၀၂၁ ဖြင့် ရောင်းချပြီးဖြစ်၍ ဒေါ်အားကြူအမည်ဖြင့် အမည်ပြောင်းမြေငှားဂရန်လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ အကွက်အမှတ် (အောင်သစ္စာတိုးချဲ့)၊ ဦးပိုင်အမှတ် ၁၁၃၀၊ ဧရိယာ ၀ ဒသမ ၀၈၂ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၁၄၆၀-၅/၂၀၀၈-၂၀၀၉ (စီ)၊ ဦးသက်စိုး အမည်ပေါက် မြေကွက်အားငင်း၏ အထူးကိုယ်စားလှယ် ဦးလောက်ဆန်း ၁၃/လရန(နိုင်)၀၆၈၁၁၃ မှ ဦးရန်ကွမ်းလွေ ၁၃/လရန(နိုင်)၂၀၈၁၂၅ သို့ လားရှိုးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် ၄၄၈၊/၂၀၂၂ ဖြင့် ရောင်းချပြီးဖြစ်၍ ဦးရန်ကွမ်းလွေ အမည်ဖြင့် အမည်ပြောင်း ထပ်မံ အသစ် မြေငှားဂရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ အကွက်အမှတ် (အောင်သစ္စာတိုးချဲ့)၊ ဦးပိုင်အမှတ် ၁၁၃၃၊ ဧရိယာ ၀ ဒသမ ၀၈၂ဧက၊ မြေငှားဂရန် အမှုတွဲအမှတ် ၉၂၁-၅/၂၀၀၈-၂၀၀၉ (စီ)၊ ဦးမြဝင်း အမည်ပေါက် မြေကွက်အား ၄င်း၏အထူးကိုယ်စားလှယ် ဦးလောက်ဆန်း ၁၃/လရန(နိုင်)၀၆၈၁၁၃ မှ ဦးရန်ကွမ်းလွေ ၁၃/လရန(နိုင်)၂၀၈၁၂၅ သို့ လားရှိုးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် ၄၄၉၊/၂၀၂၂ ဖြင့် ရောင်းချပြီးဖြစ်၍ ဦးရန်ကွမ်းလွေ အမည်ဖြင့် အမည်ပြောင်း ထပ်မံအသစ် မြေငှားဂရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကျေးလက်လမ်းလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် အောက်ပါစက်ယန္တရား(၃)မျိုးကို မြန်မာကျပ်ငွေဖြင့် ဌာနအရောက် အိတ်ဖွင့်တင်ဒါခေါ်၍ ဝယ်ယူလိုပါသည်–

| | | | | |
|---|---|---|---|---|
| (က) | Motor Grader(14)Ton | (1)No | Europe/USA/ Japan/Korea/China | Lot–1 |
| (ခ) | Excavator(Crawler)(20 Ton) with Hydraulic Breaker Line | (1) No | ။ | Lot–2 |
| (ဂ) | Mini Excavator(8)Ton | (2) Nos | ။ | Lot–3 |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** – ၅–၁–၂၀၂၃ရက်မှ ၁၇–၁–၂၀၂၃ရက်အထိ

၃။ **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန်** – ၂၀–၁–၂၀၂၃ရက်၊ (၁၄:၀၀)နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** – အကြောင်းကြားဆက်သွယ်ပါမည်။

၅။ **တင်ဒါဖွင့်မည့်နေရာ** – ရုံးအမှတ်(၁၁)၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရုံးချုပ်၊ အစည်းအဝေးခန်းမဆောင်

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖြည့်တင်းရေးဌာနခွဲ–၀၆၇–၃၄၀၇၈၄၅၊**
**စက်မှုဌာနခွဲ–၀၆၇–၃၄၀၇၈၃၁၊ ၀၉–၄၅၂၆၄၄၃၀၄**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/ 6050 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ငြိမ်းကိုကို CDC–97848, MYANMAR MERCANTILE MARINE COLLEGE (CD–39, CE–37) ၏ Workshop Skill Training Certificate မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

**ဖုန်း–၀၉–၇၈၅၂၂၇၇၄၀**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေနံနှင့် ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာနမှ အောက်ဖော်ပြပါအတိုင်း ရေနံစိမ်းတွဲ(၆)တွဲရှိ ရေနံစိမ်းများအား မျက်မြင်အခြေအနေအတိုင်း အပြောင်းရှင်းစနစ်ဖြင့် တပေါင်းတည်း တင်ဒါ ခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်–

| စဉ် | တည်နေရာ | ပစ္စည်း အမျိုးအမည် | ပမာဏ (ဂါလန်) | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|---|---|
| | | | | နေ့ရက် | နာရီ | နေ့ရက်၊ | နာရီ |
| ၁ | သံပုရာကန် | ရေနံစိမ်း | ၁၀၀,၈၀၇ | ၁၇–၁–၂၀၂၃ | ၁၂:၀၀ | ၁၇–၁–၂၀၂၃ | ၁၄:၀၀ |

၂။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း–၀၆၇–၃၄၁၁၀၈၂သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/ 15829 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Shwe Aung Myaing Co.,Ltd ၃၈လမ်း၊ ၈၀x၈၁ကြား၊ မဟာအောင်မြေမြို့နယ် က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17W/ 85356 Zong Shen 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆွေဆွေယု ၉/မနတ (နိုင်)၀၀၃၁၄၀ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/၂)၊ (၁)ရပ်ကွက်၊ (၁၄)လမ်း၊ မြေကွက်အမှတ် (၉၂)၊ (၉၃)၊ (၉၄)၊ (၉၅) နှင့် (၉၆) အကျယ်အဝန်း တစ်ကွက်လျှင် (၂၅ပေ× ၅၀ပေ)ရှိ ဒေါ်စန္ဒီမိုးသဲဖြူ (၁၂/တမန (နိုင်) ၁၀၄၁၂၉) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်(၅)ကွက်နှင့် ယင်းမြေကွက်(၅)ကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်စန္ဒီမိုးသဲဖြူ ၏အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် (၂၀၀၀၁/၂၀၁၂)အရ ရောင်းချပိုင်ခွင့်ရှိသူ ဦးတင်မြင့် (၁၂/တမန (နိုင်) ၀၂၂၇၄၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
**တရားလွှတ်တော်ရှေ့နေ(စဉ်– ၈၈၅၂)**
**Hein Htet San Law Firm**

**ဒေါ်လင်းလင်းထက်**
**LL.B,**
**အထက်တန်းရှေ့နေ(စဉ်– ၄၈၃၃၈)**
**၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ ဇောတိကအိမ်ရာ၊ တိုက်အမှတ်(A3)၊ အခန်းအမှတ်(၃၀၂)၊ လေးလွှာ၊ အလျား၂၅xအနံ ၂၅ပေ အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးသန်းဝင်း ၁၂/သဃက(နိုင်)၀၃၇၂၄၆ မှ အရပ်ကတိစာချုပ်ဖြင့် အဆက်စပ် ရောင်းချခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုဝန်ခံသူ ဒေါ်စိုးစိုးနွယ် ၁၂/သဃက(နိုင်)၀၂၄၄၅၀ မှ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်သန္တာ ၁၂/သဃက(နိုင်) ၁၄၂၁၇၃ မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့တစ်ဝက်ပေးချေပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ချိုချိုသက်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၆၄၁)**
**ဖုန်း–၀၉–၈၈၄၃၀၀၄၃၃**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ပတ္တမြားရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇၈၀/တောင်ညို့ကွင်း)၊ မြေကွက်အမှတ်(ည/၁၇–ခ)၊ မြေဧရိယာ ၂ ဒသမ ၀၀ဧကရှိ မြေသည် ဦးအောင်မြတ်သူအမည်ဖြင့် မြေငှားဂရန် အမှုတွဲအမှတ် RP No 46 of 2009–2010 မြေငှားဂရန်သက်တမ်းမှာ ၅–၄–၂၀၁၀ရက်မှ ၄–၄–၂၀၄၀ရက်အထိ ဖြစ်ကြောင်း၊ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်–၆၃ (ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး)၏ ၂၀၂၀ပြည့်နှစ် တရားမဇာရီမှု အမှတ်–၆အရ ဦးဝင်းတီ (ဘ)ဦးပေါက်တူး ၇/ပခန(နိုင်)၁၄၀၅၄၉မှ အနိုင်ဒီကရီ ရရှိခဲ့ပါသည်။ ၁၃–၉–၂၀၂၂ရက်တွင် ကာလီဖိုးနီးယားမြို့၊ မြန်မာသံရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (98/47 3–1–2022)ဖြင့် ဦးဝင်းတီ(ဘ)ဦးပေါက်တူး ၇/ပခန(နိုင်)၁၄၀၅၄၉ မှ လက်မှတ်ရေးထိုး၍ ဦးမြင့်လွင် (ဘ)ဦးအားရှင်း (ခ)ဦးရွှင်ရီကျုံး ၁၃/လရန(နိုင်)၀၀၅၄၉၃ထံသို့ အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားကြောင်း၊ ၁၁–၁၀–၂၀၂၂ရက်တွင် ဦးဝင်းတီမှ (အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးမြင့်လွင်မှ လက်မှတ်ရေးထိုးသည်) WEI TAI Co.,Ltd (ကိုယ်စား) ဒါရိုက်တာ ဒေါ်သက်ဝေမွန် (ဘ)ဦးဝင်းကြည် ၁၄/မမက(နိုင်)၂၁၂၄၉၄ထံသို့ တရားဝင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုခဲ့၍ စစ်ကိုင်းမြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားကြောင်း၊ ယခုအခါ လက်ရှိပိုင်ဆိုင်သူ WEI TAI Co,.Ltd (ကိုယ်စား) ဒါရိုက်တာဒေါ်သက်ဝေမွန်မှ WEI TAI Co.,Ltd အမည်ဖြင့် စက်မှု/စီးပွား မြေငှားဂရန် အမည်ပြောင်း လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆိုယင်းမြေကွက်နှင့် ပတ်သက်ပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း)တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊လူနေရပ်ကွက်အမှတ် (၂၄)၊ သိင်္ဂီ(၆)လမ်း၊ မြေကွက်အမှတ်(၄၅၆)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧက၊ ၂၄၀၀စတုရန်းပေ၊ ပေ(အလျား ၄၀xအနံ ၆၀) ရှိ ဦးနိုင်နိုင်အောင် ၁၂/တမန(နိုင်)၀၄၆၄၇၉ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် နေအိမ်တစ်လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဇော်ထူးအောင် ၁၂/ဒဂဆ(နိုင်)၁၉၉၈၁၉ က တရားဝင်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုကာ အဆိုပြုကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးမင်းသက် ၇/လပတ (နိုင်)၁၅၃၂၁၀ မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသည်များရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ ၁၀ရက် အတွင်း တိကျခိုင်လုံသည့် စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်နိုင်ဖြိုး(စဉ်–၁၁၉၈၂) တရားလွှတ်တော်ရှေ့နေ(LL.B)**
**အမှတ်(၃၆၁/ခ)၊ ရွက်လှလမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း–၀၉–၄၃၁၉၆၄၄၇**

## သားအရင်းဖြစ်ပါကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ ကျွန်းကလေးအုပ်စု၊ သာလိကာကျေးရွာနေ ကိုခင်မောင်အေး ၇/လပတ(နိုင်)၁၀၉၁၅၉ သည် ဦးအေးသိန်း–ဒေါ်ခင်ညို့တို့၏ သားအရင်းဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးသိန်း–ဒေါ်ခင်ညို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ ပေါင်မြို့၊ အလုပ်ကျေးရွာနေ ဒေါ်မြသန်း ၁၀/မလမ(နိုင်)၁၀၄၅၇၆ ၏သား မောင်ပြည့်ဖြိုးဟိန်း ၁၂/တမန(နိုင်)၁၁၅၂၃၇သည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုမူများကြောင့် ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ (လုံး၀)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်–ဒေါ်မြသန်း**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် –၅၊ နည်းဥပဒေ၂၀)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် –၈၆၆

| | | |
|---|---|---|
| ရွေဝတီဘဏ်လီမိတက် မန္တလေးဘဏ်ခွဲ(၁၂) (၎င်း၏လက်ထောက်အထွေထွေ မန်နေဂျာ ဒေါ်ဝင်းစန္ဒာ) | **နှင့်** | "ထွန်းရတနာခင်" ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်(၎င်း၏ကိုယ်စား တာဝန်ရှိသူ ဦးဒီပါမိုး(ဒါရိုက်တာ)၊ ဦးမင်းခိုင်(ဒါရိုက်တာ) |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၉၉၅)၊ ကာယ(၁၂)၊ မြရတနာမြို့သစ်နေ ဦးမင်းခိုင် (ယခုနေရပ်လိပ်စာမသိသူ) အားသိစေရမည်။

သင့်အပေါ်၌ တရားလိုက "ဘဏ်မှချေးယူငွေအရင်းအတိုးငွေကျပ် (၁၈၅၁၈၁၈၃၀ ကျပ် ၅၀ ပြား)အား ပြန်လည်ရလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၀ရက် (၁၃၈၄ ခုနှစ် ပြာသိုလကွယ်နေ့) မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက် ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးမင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ဦးမြင့်ဇော် (ဘ) ဦးသန်းဖေ ၁၁/မအန(နိုင်)၀၀၀၈၄၇နှင့် အများသိစေရန် ကြေညာခြင်း

ရခိုင်ပြည်နယ်၊ တောင်ကုတ်ခရိုင်၊ မာန်အောင်မြို့၊ မြို့သစ်ရပ်ကွက်၊ စည်ပင်သာယာလမ်း၊ အိမ်အမှတ်(၄၀)နေ ဒေါ်ခင်သီတာဝင်း၏ တာဝန်ပေးလွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအကြောင်းကြား အပ်ပါသည်–

ရခိုင်ပြည်နယ်၊ တောင်ကုတ်ခရိုင်၊ မာန်အောင်မြို့နယ်၊ ကွင်းအမှတ်(၈၆၀/ ခ)၊ ကွင်းအမည် ဘုရားကြီးကွင်း၊ ဦးပိုင်အမှတ် ၁၉၂/၂၊ မြေအမျိုးအစား မြို့မြေ၊ ဧရိယာ ၀ ဒသမ ၀၉၁ ဧကအနက်မှ အရှေ့မျက်နှာစာ အနံ ၁၅တောင်၊ အလျား ၂၅တောင် တစ်ထွာပေါ်ရှိ မြေမှာ ဦးမြင့်ဇော်အနေဖြင့် လွှန်ခဲ့သော ၃၁–၈–၂၀၂၁ ရက်ကပင် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ၎င်းမှမိမိသာတရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါခြံမြေကွက်အား ကျွန်ုပ်အမှုသည်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။ အဆိုပါမြေအရောင်းအဝယ် စာချုပ်၏ ဝန်ခံကတိပြုချက်အရ ကျန်ငွေ ၁၃၁ သိန်းကျပ်တိတိအား ဦးမြင့်ဇော်မှ လက်ခံရယူရန်နှင့် မှတ်ပုံတင်စာချုပ်ပြုလုပ်ပေးပါရန်ကို ဤကြော်ငြာပါသည့် ခုနစ်ရက်အတွင်း ကျွန်ုပ်အမှုသည်ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့ထံသို့ဖြစ်စေ လာရောက်လက်ခံဆက်သွယ်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်သည်အထိ လူကြီးမင်းမှ ကျွန်ုပ်အမှုသည်ထံသို့ ကျန်ငွေအား လက်ခံရယူခြင်း၊ မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် ပျက်ကွက်ခြင်းများရှိပါက အဆိုပါမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်သိင်္ဂီမောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၃၃၅)**
**အမှတ်(၆၄)၊ ဥက္ကလမ်း၊**
**သိမ်တောင်ရပ်ကွက်၊ တောင်ကုတ်မြို့**
**ဖုန်း–၀၉–၂၅၀၃၂၉၁၁၅**

**ဒေါ်တင်ရတနာစိုး**
**အထက်တန်းရှေ့နေ(စဉ်–၄၆၈၆၆)**
**အမှတ်(၅၆၃)၊ ပညာသုခလမ်း၊**
**ကံပိုင်ရပ်ကွက်၊ တောင်ကုတ်မြို့**
**ဖုန်း–၀၉–၄၂၁၇၂၄၄၇၆**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မုဒုံမြို့နယ်၊ ကော့လှကျေးရွာ၊ မိုန်ကနိမ်းကျေးရွာအုပ်စုနေ (ဦးဇာလီ)–ဒေါ်ကျင်လှိုင်(ခ)ဒေါ်သင်းလှိုင်တို့၏သားဖြစ်သူ ဦးဝင်းလှိုင် ၁၀/မဒန(နိုင်)၁၄၂၆၆၃ သည် မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘနှင့် မောင်နှမသားချင်းတို့အပေါ်တွင် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်ပတ်သက်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကျင်လှိုင်(ခ) ဒေါ်သင်းလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးမြတ်ထွန်း**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၁၅၉၈၀)**
**ဖုန်း–၀၉–၂၅၇၉၈၈၁၃၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/94848 YUNDE–110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းပို ၉/ပသက(နိုင်)၁၃၀၇၆၅ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6P/4919 DAF Tractor Head (6x2)R ယာဉ်လက်ဝယ်ရှိသူ SEA GREEN SEAFOOD TR CO.,LTD က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်9K/ 3435 Mitsubishi Fuso FV50LH Tractor Head (6x4) ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်လှ ၁၂/လမတ(နိုင်)၀၁၁၇၉၃က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၁၃)၊ (၁၆)ရပ်ကွက်၊ သူရိယလမ်း၊ မြေကွက်အမှတ် (၁၃/၀၁၉၄-က)၊ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ)ရှိ ဦးတင်လှိုင် (ISN- ၄၄၆၃၁၄) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန္ဒာဝင်း (၁၄/မအန (နိုင်) ၁၂၆၇၁၉) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၈၅၂)
Hein Htet San Law Firm

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်- ၄၈၃၃၈)
၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆

## မန္တလေးမြို့၊ မလွန်ဈေးဆန်လှူအသင်းကြီး ၁၃၈၅-ခုနှစ်၊ (၁၂၇) နှစ်မြောက် ဆွမ်းဆန်တော်များ လှူဒါန်းနိုင်ရန် နှိုးဆော်လွှာ

စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်း တောင်ရိုးကြီး(၃)ရပ်နှင့် မန္တလေး(၇)မြို့နယ်တို့တွင် သီတင်းသုံး နေထိုင်တော်မူကြကုန်သော ရဟန်း၊ သာမဏေ၊ သူတော်၊ သီလရှင် အလှူခံ ပုဂ္ဂိုလ်ပေါင်း (၆၀၀၀၀)ကျော်တို့အား မန္တလေးမြို့၊ မလွန်ဈေးဆန်လှူအသင်းကြီးမှ ၁၃၈၄-၈၅ ခုနှစ်၊ (၁၂၇)နှစ်မြောက်အတွက် မဟာသံဃိကတဏ္ဍုလဒါန ဆွမ်းဆန်တော်များ လှူဒါန်းနိုင်ရန်အတွက် အလှူရှင်များ၊ သင်းထောက်အဖွဲ့များမှ ပေးပို့လှူဒါန်းလျက်ရှိရာ ရောက်ရှိလာသော ဆွမ်းဆန်တော်များကိုလည်း ကြိုတင်လှူဒါန်းလျက်ရှိပါသည်။

၅-၁-၂၀၂၃ ရက်မှစ၍ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မလွန်ဆန်လှူသင်းထောက်အဖွဲ့များအသီးသီးသို့ အလှူခံခရီးစဉ် စတင်ထွက်ခွာပါမည်။

ဥက္ကဋ္ဌကြီးနှင့်အမှုဆောင်အဖွဲ့
မလွန်ဈေးဆန်လှူအသင်းကြီး၊ မန္တလေးမြို့။
ဖုန်း-၀၂-၄၀၃၉၂၄၀၊ ၀၉-၇၈၀၆၆၈၄၀၀

## ဖခင်အမည်မှန်

ဟင်္သာတမြို့နယ်၊ တလုတ္တော် အထက၊ Grade-10 မှ မနန်းအိန္ဒြာလှိုင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်း ၁၄/ဟသတ(နိုင်) ၂၄၈၁၀၃ ဖြစ်ပါသည်။

ဦးမျိုးမင်း

## ပတ်စ်ပို့ပျောက်

ကျွန်မ မယဉ်မာစိုး ၅/ပလန (နိုင်)၀၉၇၃၆၃ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၈၈၅၅၂၄၈၉၉

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9V/43374 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1D/4782 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

## အမည်ပြောင်း

မိုးညှင်းခရိုင်၊ ဟိုပင်မြို့နေ ဦးခင်မောင်ဝင်း ၁/မညန(နိုင်) ၀၂၈၉၆၄ ၏သားဖြစ်သူ အထက (မြသီတာ) စတုတ္ထတန်းမှ မောင်ရှိန်းထက်အား ယနေ့မှစ၍ မောင်ရှိန်းတေဇာထက်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ရှိန်းတေဇာထက်

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/40644 ယာဉ်လက်ဝယ်ရှိသူNCX MYANMAR CO.,LTD က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မြင်းခြံ)

## ၂၀၂၀ ခုနှစ် လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေ အရ ရရှိရန်ရှိသည့် ကြွေးမြီများတောင်းခံရန် သတိပေးခြင်း

THEMIS TRAVELS & TOURS CO.,LTD.

(အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)

(လူမွဲခံယူခြင်းဆိုင်ရာဥပဒေ၏ ပုဒ်မ ၂၀၁ နှင့် လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၈၇ အရ)

THEMISTRAVELS&TOURS CO.,LTD. ၏ တရားဝင်စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ ဖြစ်သော ကျွန်ုပ်ထံသို့ (၂၉. ၁. ၂၀၂၃) နေ့နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း သတ်မှတ်ပုံစံဖြင့် ခိုင်လုံသော သက်သေခံ အထောက်အထားများနှင့်အတူ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်၊ အထက်ဖော်ပြပါနေ့ရက်နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများ အတွက် တာဝန်ယူမည် မဟုတ်ကြောင်း အသိပေးအပ်ပါသည်၊

ဒေါ်စဝရယ်စီး
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
BIZ LAW CONSULT (MYANMAR) CO.,LTD

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၁/၂၊ ရွှေပေါက်ကံ၊ ပျူစောထီးလမ်း၊ မြေကွက်အမှတ် ၁၉၁၊ အလျားပေ (၄၀)x အနံ(၆၀)မြေနှင့်၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် ဒေါ်စံရွှေနု ၁၁/ကဖန(နိုင်)၀၃၉၉၃၄ အမည်ဖြင့် နှစ်(၆၀)ဂရန်အမည်ပေါက်လျက် တည်ရှိကြောင်း ၎င်းကိုယ်တိုင်တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချခဲ့ခြင်းအပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်ငြိမ်း ၈/မကန(နိုင်) ၁၈၀၅၂၁ မှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေပြီး ဖြစ်ပါသည်။

သို့ဖြစ်ရာ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား သတ်မှတ်ရက်တွင် ပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သန္တာလွင်(LL.B)
တရားလွှတ်တော်ရှေ့နေ
စဉ်-၇၈၆၇(၂၈-၁၀-၂၀၁၀)
အမှတ် ၆၄၈၊ ဦးပုည (၁)လမ်း၊ ၁၇ရပ်ကွက်၊
ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၅၄၁၂၅၆၇

## ဦးစွမ်းထက်အောင် ၈/ဂဂန(နိုင်)၀၈၆၁၁၁နှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ ၃၅ လမ်း x ၅၃ လမ်းထောင့်ရှိ မန်းမေတ္တာ Trading Co.,Ltd ၏မန်နေဂျင်းဒါရိုက်တာ ဒေါ်အေးကြည်စမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီဖြစ်သော မန်းမေတ္တာ Trading Co.,Ltdမှ ၁၉-၃-၂၀၁၉ ရက်ကတည်းက လူကြီးမင်း အရစ်ကျဝယ်ယူသွားခဲ့သော ယာဉ်အမှတ် 5Q-2113 (JINBEI x 30L 2 Colour Simple)နှင့် 3Q-20109 (JINBEI x 30L 2 White Simple) ကား(၂)စီးနှင့် ပတ်သက်၍ ကျွန်ုပ်တို့မိတ်ဆွေကုမ္ပဏီသို့ အရစ်ကျငွေများပေးသွင်းရန် ပျက်ကွက်နေပါသည်။ အဆိုပါ ကား(၂)စီးအား အရစ်ကျဝယ်ယူခဲ့စဉ်အခါက ကျွန်ုပ်တို့မိတ်ဆွေကုမ္ပဏီနှင့် လူကြီးမင်းတို့ နှစ်ဦးသဘောတူ ကားအရောင်းအဝယ်ကတိပဋိညာဉ်စာချုပ်အား ချုပ်ဆို၍ ဝယ်ယူခဲ့သည့် ကား(၂)စီး၏ အရစ်ကျငွေပေးသွင်းရန် နောက်ဆုံးသတ်မှတ်ရက်မှာ ၁၉-၃-၂၀၂၁ရက် ဖြစ်သော်လည်း ယနေ့အချိန်ထိ ကားများ၏ အရစ်ကျကျန်ငွေများအား အပြေအကျေပေးသွင်းခဲ့ခြင်းမရှိဘဲ ပျက်ကွက်နေပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့မိတ်ဆွေကုမ္ပဏီမှ လူကြီးမင်းအရစ်ကျ ဝယ်ယူခဲ့သော အထက်ပါ ကား(၂)စီးနှင့်ပတ်သက်၍ စာချုပ်ပါကတိပဋိညာဉ်အတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် လူကြီးမင်းကိုယ်တိုင် ကျွန်ုပ်တို့မိတ်ဆွေကုမ္ပဏီသို့ ဤကြေညာပါသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက် ဆက်သွယ်ကာ ဖြေရှင်းပေးရန်နှင့် အဆိုပါ ကားများအား အခြားသူများသို့ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန် ဦးစွမ်းထက်အောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လင်းသီရိကျော်(LL.B) (စဉ်-၁၄၈၀၉)
ဒေါ်နွယ်နွယ်သန်း(LL.B ) (စဉ်-၁၀၈၃၇)
တရားလွှတ်တော်ရှေ့နေများ
အကွက်(၈၅၂)၊ ချမ်း/တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့
ဖုန်း-၀၉-၅၀၄၁၁၃၉၊ ၀၉-၄၃၁၇၁၂၅၃

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3R/8392 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ မင်းလမ်းရပ်ကွက်၊ ထူပါရုံလမ်းနေ ဦးရဲရင့်အောင်ဆန်း ၅/စကန(နိုင်)၂၄၉၃၇၉ (ဘ)ဦးအောင်ဆန်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာ(မြောက်)ရပ်ရှိအရှေ့လားသော် - ဒေါ်လုံးတင်၏အိမ်ဝိုင်းမြေ၊ အနောက်လားသော်-ဦးပိုင်အမှတ်-၅၇-က၊ တောင်လားသော်-ဦးပိုင်အမှတ်-၅၈၊ မြောက်လားသော်-လမ်း၊ အလားလေးရပ်အတွင်းရှိ (ဦးပိုင်အမှတ်-၅၇(ဃ)၏ အနောက်ဘက်ပိုင်း) အရှေ့အနောက်-(၂၆) ပေ၊ တောင်မြောက်-(၃၁) ပေ (ဧရိယာ-.၀၁၉၁ ဧက)ရှိ အိမ်ဝိုင်းမြေနှင့် မြေပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက် အဆောက်အအုံ(၁)လုံးအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်စာချုပ် အဆက်ဆက်ဖြင့် တရားဝင်ဝယ်ယူလက်ရှိထားပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချခွင့်ရှိကြောင်း ပြောဆို ဝန်ခံကတိပြုသူ ဦးဇော်ဦး ၉/မကန(နိုင်) ၀၈၅၀၈၄ (ဘ) ဦးလီပေါက်ခွမ်း-ဒေါ်ရမ်ပီဖိန်း (ခ)မသီတာဝင်း ၁၃/ကခန(နိုင်)၀၃၈၅၅၇ (ဘ)ဦးရန်ကြားလင့် တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက် အတွင်း ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးရဲရင့်အောင်ဆန်း၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သင်းနုထွေး (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၈၃)
မင်းလမ်းရပ်၊ စစ်ကိုင်းမြို့။
ဖုန်း-၀၉-၉၇၄၄၈၆၄၁၁

ဒေါ်သင်းသင်းဦး(LL.B)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၅၃၆၅)
ဈေးချိုရပ်၊ အမရပူရမြို့။
ဖုန်း-၀၉-၇၈၉၇၅၂၈၅၂

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့် ၅)

### လားရှိုးခရိုင်တရားမရုံး၌

### ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂

| | | |
|---|---|---|
| ကေအေအိုင်ကုမ္ပဏီလီမိတက် (၎င်းမှတာဝန်ပေးအပ်ခြင်းခံရသူ ဦးဆက်ဝေထူး) | နှင့် | ၁။ ဦးယဉ်ထွေး<br>၂။ ဦးမောင်မောင်ကြီး<br>၃။ ဦးဆာအောင် |
| တရားလို | | တရားပြိုင်များ |

ဦးယဉ်ထွေး၊ မန်ဆန်ရေကျကျေးရွာ၊ လားရှိုးမြို့နယ် (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ ကေအေအိုင်ကုမ္ပဏီလီမိတက်(၎င်းမှတာဝန်ပေးအပ်ခြင်းခံရသူ ဦးဆက်ဝေထူး)က ချေးငွေအရင်းကျပ် ၁၂၇၈၀၀၀၀၀ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက် (၁၃၈၄ခုနှစ် တပို့တွဲ လဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဒီဇင်ဘာ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍၊ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းကိုကို)
ခရိုင်တရားသူကြီး
လားရှိုးခရိုင်တရားရုံး

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8I/7250 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ရှမ်းကုန်းလမ်း၊ တိုက်(၉)၊ (၄-လွှာ)နေ ဒေါ်ယမင်းရွှေဇင်မိုး ၇/ပခန(နိုင်)၂၃၁၁၅၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်-

**စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၁၀၃၂၈/၂၀၂၂)(၉-၁၂-၂၀၂၂)**

အထက်ပါ "THAM BU LA'S" Choice အမည်နှင့် အမှတ်အသားကို ကုမ္ပဏီပိုင်အဖြစ် အသုံးပြုရန်အတွက် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ပူးတွဲပါစာချုပ်နံပါတ်ဖြင့် တရားဝင်မှတ်ပုံတင်သွင်းထား ခဲ့ပြီးဖြစ်ပါသည်။

အထက်ပါ "THAM BU LA'S" Choice အမည်နှင့်အမှတ်အသားကို အသုံးပြု၍ အဝတ်အထည်အမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည် ဖြစ်ပြီး အဆိုပါ ကုန်အမှတ်တံဆိပ်ကို အသုံးပြု၍ ဆိုင်းဘုတ်အမှတ်အသားများ၊ လုပ်ငန်းသုံးယာဉ်များ ပါကင်ပိတ်မျိုးစုံနှင့် ပါကင်ဘူးမျိုးစုံတို့၌ လည်းကောင်း၊ ပြေစာများ၊ Letter head၊ ဘောက်ချာများ၊ မီဒီယာ ကြော်ငြာအမျိုးမျိုး၊ အင်တာနက် အွန်လိုင်းနှင့် လူမှုကွန်ရက် စာမျက်နှာများ၌ လည်းကောင်း၊ ဘလောက်တုံးများ၊ တံဆိပ်တုံးများ၊ လက်ကမ်းစာစောင်များ၊ လုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ၊ ရုံးခန်းများ၊ အလုပ်ရုံများ၊ ဂိုဒေါင်များ၌ ဖော်ပြပါ ကုန်တံဆိပ်အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကို ပြုလုပ်ပြီးလျှင် ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိအသုံးပြုနေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအမှတ်တံဆိပ်၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူပုံပွားများ၊ အင်တာနက်၊ အွန်လိုင်းနှင့် လူမှုကွန်ရက် စာမျက်နှာများ၊ မီဒီယာလုပ်ငန်းများတွင် တုပပြုလုပ်သုံးစွဲခြင်းများ လုံးဝ မပြုလုပ်ရန်နှင့် ပြုလုပ်ကြောင်း တွေ့ရှိက တည်ဆဲတရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဗိုလ်ဗိုလ်ဇော် LL.B. D.B.L., D.M.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၉၈/၂၀၁၈)
အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၉-၄၅၀၀၃၅၀၇၀

## ငြင်းချက်ထုတ်ရန်သမ္မန်စာအား အသိပေးကြော်ငြာခြင်း

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးတော်၌ တရားမကြီးမှုအမှတ် (၂/၂၀၂၂)၊ တရားလို ဒေါ်ရှောက်စေးနှင့် တရားပြိုင် ဦးယီရှောက်ဟော် (ခ)ယီရှောက်ဟော် ၁၄-၁၂-၂၀၁၉ ရက်စွဲပါ အိမ်ခြံမြေ အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု အမှုတွင် တရားပြိုင် ဦးယီရှောက်ဟော် (ခ)ယီရှောက်ဟော်အား ရုံးရှေ့လာရောက်ဆိုင်ပြိုင်နိုင်ရန် အတွက် အသိပေးကြော်ငြာအပ်ပါသည်။

ဉာဏ်မိုးအောင်
ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၂၉၁၈၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်ဇာမိုး ၁၀/ကမရ(နိုင်) ၁၈၁၃၉၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၆၄၅၇၄ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်နိုင် ၁၀/သဖရ(နိုင်)၁၀၅၁၆၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေရေိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်နန်းခမ်းဝုန် ၉/ပမန(နိုင်)၀၈၅၂၄၁ (ဘ) ဦးလာလ်ငိုင်း အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၂၂၆၅)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၆၄၅/၂၀၁၉)၊ (၁၁-၇-၂၀၁၉)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူဒေါ်မြင့်မြင့်သူ ၁၄/ပသန(နိုင်)၁၈၂၃၄၇ (ဘ) ဦးငွေစိန်အောင်မှ ဦးကိုကိုဝင်း ၁၄/ငပတ(နိုင်)၁၆၇၃၉၁၊ ဒေါ်မြင့်မြင့်သူ ၁၄/ပသန(နိုင်)၁၈၂၃၄၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေရေိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်မာမာအေး ၉/တကန(နိုင်)၀၀၇၅၀၇ (ဘ) ဦးကျော်ညွန့် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၂၂၃၄)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၂၆၇/၂၀၂၁)၊ (၂၀-၉-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူဒေါ်ကြည်ကြည်မာ ၈/တတက(နိုင်)၀၆၈၄၂၇ (ဘ) ဦးညွန့်သိမ်း မှ ဒေါ်နေဇာလှိုင် ၁၂/သကတ(နိုင်)၁၆၁၆၇၆ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ အနောက်ပိုင်းရပ်ကွက်၊ တံတားဦးလမ်း၊ အမှတ်-(၄၃၃)နေ ဒေါ်နီလာ ၁၂/ကတန(နိုင်)၀၇၇၀၀၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဒေါ်နီလာသည် "နီလာပင်ရင်း ငါးခြောက်မျိုးစုံနှင့် ရေထွက်ကုန်ပစ္စည်း အရောင်းဆိုင်" အမည်ဖြင့် လုပ်ငန်းလုပ်ကိုင်လျက်ရှိပြီး ထိုလုပ်ငန်းနှင့် ပတ်သက်သော အသိုင်းအဝိုင်း ပတ်ဝန်းကျင်နှင့် လူမှုကွန်ရက်စာမျက်နှာများ၊ Social media များပေါ်တွင် ၎င်းမိသားစုနှင့် ဆွေမျိုးများ၏ ဂုဏ်သိက္ခာကိုသော်လည်းကောင်း၊ လုပ်ငန်းကိုသော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်နစ်နာစေရန် အမျိုးမျိုးပြောဆိုခြင်း၊ ရေးသားခြင်းများ ပြုလုပ်နေကြောင်းတွေ့ရှိရပါသဖြင့် ထိုသို့ဆက်လက် မပြုလုပ်ကြပါရန်နှင့် ဆက်လက်ပြုလုပ်နေမည်ဆိုပါက တည်ဆဲတရားဥပဒေများအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ဖြစ်ပေါ်လာသည့် တာဝန်အရပ်ရပ်နှင့်တကွ နစ်နာအောင်ပြုလုပ်ခဲ့သည့်ကိစ္စအရပ်ရပ်အတွက် နစ်နာအောင်ပြုလုပ်သူများဘက်မှ တာဝန်ယူဖြေရှင်းရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်

**ဒေါ်မျိုးသိမ့်သိမ့်ဇော်(LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၅၄၇)**
**ကည-၁၉၊ စိတ္တသုခလမ်း၊ တိုးချဲ့-၄ရပ်ကွက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၄၅၂၆၇၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 23W/7092 YAMAHA DT 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ဝင်း ၅/မလန(နိုင်)၀၁၂၉၅၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၂၉၁၁၁ Honda Click 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ထွေး ၅/မရန(နိုင်)၁၂၅၉၂၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/77744 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ Shwe Aung Myaing Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် -၅၊ နည်းဥပဒေ-၂၀)
## ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၈၁

ဦးအောင်နိုင်ဆွေ **တရားလို** နှင့် ဦးစိုးမောင်မောင်ဦး **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ် ၊ ကျွဲနွားထောက်ကျေးရွာအုပ်စု၊ ရေခြံစုကျေးရွာ၊ လမ်းသွယ်(၁)နေ ဦးစိုးမောင်မောင်ဦး (ယခုနေရပ်လိပ်စာမသိရှိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်နိုင်ဆွေက မြေကြီးသယ်ယူခြင်းလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမတည်ငွေကျပ် (၁၇၅)သိန်းနှင့် နစ်နာကြေးငွေကျပ် (၁၂၅) သိန်း၊ စုစုပေါင်း ငွေကျပ်သိန်း (၃၀၀) ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့မဟုတ်)၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက် (၁၃၈၄ ခုနှစ် ပြာသိုလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဒီဇင်ဘာ ၂၆ရက် တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန်းသီရိရွှေ)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## အများသိစေရန်ကြော်ငြာခြင်း

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ ကင်းတောင် စံပြကျေးရွာ၊ ဆက်သွယ်ရေးလမ်း၊ အိမ်အမှတ်-၁၇၄ရှိ နေအိမ်နှင့် ခြံမြေအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ကျွန်မ ဒေါ်ခင်လှ တစ်ဦးတည်းသာ ပိုင်ဆိုင်ပြီး အထက်ဖော်ပြပါ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်မ ဒေါ်ခင်လှ၏ ခွင့်ပြုချက်မရှိဘဲ ရွှေ့ပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်းများ မပြုလုပ်ရပါ။ ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်းအသိပေး ကြော်ငြာအပ်ပါသည်။

**ဒေါ်ခင်လှ**
**၁၁/တကန(နိုင်) ၀၂၃၀၁**
**ဆက်သွယ်ရေးလမ်း၊**
**ကင်းတောင်စံပြကျေးရွာ၊**
**တောင်ကုတ်မြို့**

## အများသိစေရန်ကြေညာခြင်း

ရမည်းသင်းမြို့နယ်၊ အလယ်ကုန်းအုပ်စု၊ ပေါက်ကုန်းကျေးရွာနေ (ဦးဝင်းလှိုင်-ဒေါ်ဇော်ထက်ဦး) တို့သည် လွန်ခဲ့သော(၁၀)နှစ်ခန့်က ကွယ်လွန်သွားပြီး ၎င်းတို့မှမွေးဖွားသော သမီးမစန္ဒီလှိုင်အား အဒေါ်ဖြစ်သူ ရမည်းသင်းမြို့၊ ဝါတိုးရပ်ကွက်၊ သီလဝ-၁ရပ်နေ ဒေါ်တင်တင်လှမှ ခေါ်ယူစောင့်ရှောက်ထားရာ မစန္ဒီလှိုင်သည် ၁၇-၄-၂၀၂၂ရက်တွင် မိမိသဘောဆန္ဒအလျောက် အဒေါ်နေအိမ်မှ ထွက်သွားပြီး ဆွေမျိုးများကို စိတ်အနှောင့်အယှက်ဖြစ်အောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သူမနှင့် ပတ်သက်သည့် ကိစ္စအဝဝအား မိသားစုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်လှ**
**၉/ရမသ(နိုင်)၀၅၆၉၉၁**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## အငယ်တန်းအင်ဂျင်နီယာ(၂)ရာထူးနေရာများအတွက် လျှောက်လွှာပိတ်ရက် ထပ်မံတိုးမြှင့်ခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ်(၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)တန်း အငယ်တန်းအင်ဂျင်နီယာ(၂)(၂၀၀)နေရာအတွက် အောက်ဖော်ပြပါ ပညာအရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ကြောင်း ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၁၂ရက်ထုတ် သတင်းစာများတွင် ကြော်ငြာခေါ်ယူခဲ့ခြင်းနှင့်ပတ်သက်၍ လျှောက်လွှာပိတ်ရက်အား ၂၅-၁-၂၀၂၃ရက်ထိ ထပ်မံတိုးမြှင့်ကြောင်းကြော်ငြာပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး | အနိမ့်ဆုံး ပညာအရည်အချင်း | ခန့်ထားမည့်ဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း |
| ၁ | အငယ်တန်းအင်ဂျင်နီယာ(၂) (လျှပ်/စက်) | A.G.T.I(EP) | ၁၅၀ | ၁၀ | ၁၆၀ |
| | | A.G.T.I(EC) | ၁၀ | ၆ | ၁၆ |
| | | A.G.T.I(IT) | ၁၀ | ၁၀ | ၂၀ |
| ၂ | အငယ်တန်းအင်ဂျင်နီယာ(၂) (မြို့ပြ) | A.G.T.I(Civil) | ၃ | ၁ | ၄ |
| | | စုစုပေါင်း | ၁၇၃ | ၂၇ | ၂၀၀ |

၂။ အသေးစိတ်သိရှိလိုပါက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ရုံးချုပ်၊ နေပြည်တော် ဖုန်း-၀၆၇-၈၁၀၄၂၂၁၊ ၀၆၇-၈၁၀၄၂၁၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**

## အမြန်ဆက်သွယ်ပါရန်

ဦးစိုးနိုင် ၉/ဥတသ(နိုင်)၀၀၄၂၉၀ ကိုင်ဆောင်သူ အမြန်ခုနစ်ရက်အတွင်း ဆက်သွယ်ပါရန်။ **ဒေါ်ဥမ္မာမြင့်**

**၁၄/ကခန(နိုင်)၀၀၀၁၉၂**
**ဖုန်း-၀၉-၉၆၅၅၇၃၆၄၈**

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗိုလ်ရွာမရပ်ကွက်၊ ဈေးလမ်း၊ အခန်းအမှတ် (၁၀)၊ ပထမထပ်နေ ဦးသိန်းထွန်းဦး (ဘ)ဦးငွေရောင် ၁၀/မလမ(နိုင်)၀၄၇၄၄၉ မှ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ မြသီတာအိမ်ရာ၊ အမှတ် (၁-အေ/၅၆)နေ (ဘ) ဦးလီချင်ရှင်း၏သားဖြစ်သူ ဦးကြည်အောင်ဇင် ၉/ပဥလ(နိုင်)၀၁၈၂၇၄အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၂၃-၁၁-၂၀၂၂ ရက်တွင် အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၁၉၀၈/၂၀၂၂ကို လွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ အထူးကိုယ်စားလှယ်လွှဲစာလွှဲအပ်သူ ဦးသိန်းထွန်းဦးမှ အထက်ပါ ကိုယ်စားလှယ်လွှဲစာအား ဆက်လက်လွှဲအပ်ရန်ဆန္ဒမရှိတော့ပါသဖြင့် ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးချမ်းမွန်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၄၇)**
**အမှတ် (၄၀၆) ၊ သုနန္ဒာ (၁၀) လမ်း၊ (ဆ) ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၇/ဒက္ခိဏသီရိအရှေ့ရပ်၊ မြေကွက်အမှတ် (ဒ-၂၂၉၉)၊ မြေရေိယာ ၀ ဒသမ ၂၂၇ ဧကရှိ ဒေါ်နန်းမတ် (ဘ) ဦးလုံးဆန်ဆော ၁၃/နစန(နိုင်)၀၃၁၇၈၀ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်နန်းမတ်ထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၁၉၅၆/၂၀၂၂)၊ (၁၇-၅-၂၀၂၂)ရရှိထားသူ ဦးသန်းစိုး (ဘ) ဦးအောင်ဆန်းဦး ၉/ပမန(နိုင်)၁၂၂၉၉၇ မှ ဦးထွန်းထွန်းဦး (ဘ) ဦးလှဖေ ၁၃/လလန(နိုင်)၀၃၅၃၄၂ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ဒက္ခိဏသီရိရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ်၇/ဒက္ခိဏသီရိအရှေ့ရပ်၊ မြေကွက်အမှတ် (ဒ-၂၂၉၈) ၊ မြေရေိယာ ၀ ဒသမ ၂၂၉ ဧကရှိ ဒေါ်နန်းမတ် (ဘ) ဦးလုံးဆန်ဆော ၁၃/နစန(နိုင်)၀၃၁၇၈၀ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်နန်းမတ် ထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၁၉၅၇/၂၀၂၂)၊ (၁၇-၅-၂၀၂၂)ရရှိထားသူ ဦးသန်းစိုး (ဘ) ဦးအောင်ဆန်းဦး ၉/ပမန(နိုင်)၁၂၂၉၉၇ မှ ဦးထွန်းထွန်းဦး (ဘ) ဦးလှဖေ ၁၃/လလန(နိုင်)၀၃၅၃၄၂ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်ခင်
### အသက်(၈၉)နှစ်
### ဦးပန်းဖြူလမ်း၊ တောင်ငူမြို့

တောင်ငူမြို့၊ ဗိုလ်မှူးဖိုးကွန်းလမ်းနေ (ဦးကြည်ဟုတ်)-(ဒေါ်စိန်ခဲ)တို့၏ သမီးချွေးမ၊ ခေမာလမ်းနေ (ဦးဘွဲ့နာ)-(ဒေါ်ကျင်)၊ (ဦးအုန်း)-(ဒေါ်ထွေး)တို့၏ သမီး၊ ဦးပန်းဖြူလမ်းနေ ကျောင်းအုပ်ဆရာကြီး(ဦးလှမြင့်)၏ ချစ်လှစွာသော ဇနီး၊ ဦးသောင်းလွင်၊ ဒေါ်နှင်းနှင်းလွင်၊ ဦးမျိုးမင်း-ဒေါ်ခင်ဝင်းကြည်၊ ဦးမင်းကြည်-ဒေါ်ခိုင်ခိုင်စိုး၊ ဦးကျော်လင်း(Executive Vice Chairman & CEO – CB Bank) -ဒေါ်ခိုင်ရွှေဝါတို့၏ ချစ်လှစွာသောမွေးသမိခင်ကြီး၊ ကိုငြိမ်းကြည်နိုင်၊ ကိုသက်ပိုင်ဖြိုး၊ ကိုစီစဉ်ကျော်လင်း၊ ကိုအခရာကျော်လင်းတို့၏ ချစ်လှစွာသော ဘွားဘွားကြီး၊ ဦးဉာဏ်လင်း-ဒေါ်ခင်ထွေး၊ (ဦးသိန်းတန်)တို့၏အဒေါ်၊ ဒေါက်တာအောင်ကိုမွန်၊ ကိုထက်လင်းနိုင်-မယမင်းသူ၊ မမေသက်မွန်တို့၏ အဘွားလေး(ဒေါ်ခင်ခင်)သည် ၃၁-၁၂-၂၀၂၂ ရက် နံနက် ၇နာရီခန့်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာကျော်ဝင်းတင်-ဒေါ်လှလှဝေ**
**အကြံပေး**
**CB Bank**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/ ၈၈၇၇၇ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ Thiri Tay Za Min Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1Q/8688 LEXUS RX200T STATION WAGON (4x4)L ယာဉ်လက်ဝယ်ရှိသူ FULL HOUSE TRADING CO.,LTDက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်3M/4372 TOYOTA HIACE TRH 223 MINI BUS (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သိန်းမြင့် ၁၂/ဥကမ(နိုင်) ၁၄၃၀၇၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/ 23306 Yunde 110 M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7J/ 2673 (Mitsubishi Canter) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆွေဆွေချော၁၃/တကန(နိုင်)၁၄၁၂၇၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကလေးမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/ ၇၀၆၇၄ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/ 4964 Honda Click 150 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရန်နောင်မိုး ၇/ရတန(နိုင်)၁၄၂၈၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9L/6302 Nissan Vanette Pickup (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေသန္တာစိုး ၁၄/မမက(နိုင်)၁၁၄၇၆၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

❖ မြေပေါ်မြေအောက် သယံဇာတ ပစ္စည်းများကိုလည်း ကုန်ကြမ်း အတိုင်း ရောင်းချခြင်း မဟုတ်ဘဲ ကုန်ချောပစ္စည်းများအဖြစ် ထုတ်ကုန်များ ထုတ်လုပ်၍ တင်ပို့ရောင်းချပြီး အကျိုးရှိရှိ အသုံးချနိုင်ရန်လို…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၇/၂၀၂၂) တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆင်နွှဲကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေး

**နေပြည်တော် ဇန်နဝါရီ ၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ ညနေပိုင်းတွင် (၇၅) နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆင်နွှဲကြမည့် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း၌ တည်းခိုနေထိုင်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ရွာတော်)၌

*စာမျက်နှာ ၁၃ ကော်လံ ၁* ■





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆင်နွှဲကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ယိမ်းအဖွဲ့များအား တွေ့ဆုံအားပေးစကား ပြောကြားစဉ်။

## ပရီမီယာလိဂ်ပွဲစဉ် (၁၉)တွင် လီဗာပူးကို ဂိုးပြတ်အနိုင်ရရှိခဲ့သည့် ဘရန့်ဖို့ဒ်



ဘရန့်ဖို့ဒ်နှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ် (၁၉) မှ ဘရန့်ဖို့ဒ်နှင့် လီဗာပူးအသင်းတို့ ပွဲစဉ်တွင် ဘရန့်ဖို့ဒ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဘရန့်ဖို့ဒ်အသင်း၏ အဆိုပါနိုင်ပွဲသည် ၁၉၃၈ ခုနှစ်နောက်ပိုင်း လီဗာပူးအသင်းကို ပထမဆုံးအကြိမ် နိုင်ပွဲရရှိခဲ့ခြင်းလည်းဖြစ်သည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ❍

**ယနေ့ သတင်းအညွှန်း**

စိန်ရတုလွတ်လပ်ရေးနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အပြစ်မဲ့ပြည်သူများစုဝေးသည့် နေရာများ၌ ယုတ်မာရက်စက်သောအကြံဖြင့် ဖောက်ခွဲဖျက်ဆီးရေးနှင့် လုပ်ကြံသတ်ဖြတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်လျက်ရှိသည့် တပ်ကုန်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များကို အချိန်မီကြိုတင်သတင်းလက်ဦးမှု ရယူဖမ်းဆီးရမိ

ပြည်တွင်းသတင်း စာ ၁၇

# မြန်မာ့အလင်း

၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ ဗုဒ္ဓဟူးနေ့





# ၇၅

# နှစ်မြောက်
# စိန်ရတုလွတ်လပ်ရေးနေ့ကို
# ဂုဏ်ပြုပါ၏။







၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့က အစိုးရအိမ်တော်ကြီးတွင် နိုင်ငံတော်သမ္မတကြီးက တရားဝန်ကြီးများအား ခန့်အပ်လွှာ ပေးအပ်သော အခမ်းအနား ကျင်းပစဉ်။

*ကျောဖုံးမှ*

ယင်း သစ္စာအဓိဋ္ဌာန် ကိုးချက် အနက် နံပါတ် ၄ တွင် **"ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လုံ့လ ဥဿာဟဖြင့် ရရှိပြီးသောအမျိုးသား ညီညွတ်ရေးကို ကျောက်စိုင်ကျောက်ခဲကဲ့သို့ ခိုင်မြဲအောင် ထိန်းသိမ်းမည်"** ဟု လည်းကောင်း၊ **နံပါတ် ၉ တွင် "လုံးဝ လွတ်လပ်သော ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်ကြီး ကမ္ဘာအရှည် တည်မြဲရေး တာဝန်သည် ငါတို့နှင့်တကွ ငါတို့သားမြေး နောင်လာ အဆက်ဆက်တို့အပေါ်၌ တည်စေမည်"** ဟုလည်းကောင်း ရေးထိုးထားပါ၏။ လွတ်လပ်ရေး၏ အနှစ်သာရများအနက်မှ အချို့ဖြစ်ပါသည်။

အလားတူပင် လွတ်လပ်ရေးကြေညာစာတမ်းတွင်လည်း လွတ်လပ်ရေး၏ အနှစ်သာရများကို ဖော်ပြထားပါသည်။ လွတ်လပ်ရေးအတွက် သန္နိဋ္ဌာန်ပြုခဲ့ကြသော သစ္စာအဓိဋ္ဌာန် ကိုးချက်၊ လွတ်လပ်ရေးကြေညာစာတမ်းတို့မှာ ယခုဆိုလျှင် နှစ်ပေါင်း ၇၅ နှစ်ပင် ရှိချေပြီ။

## နယ်ချဲ့တို့၏မျိုးစေ့

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၄ နာရီမိနစ် ၂၀ တွင် တိုင်းပြုပြည်ပြုလွှတ်တော်ရှေ့၌ ကျင်းပသော မြန်မာနိုင်ငံလွတ်လပ်ရေး လွှဲပြောင်းပေးသည့် အခမ်းအနားတွင် ဗြိတိသျှယူနီယံဂျက် အလံအားဖြုတ်ချ၍ မြန်မာနိုင်ငံအလံကို လွှင့်ထူခဲ့သည်။ ဆက်လက်၍ လွှတ်တော် အစည်းအဝေးခန်းမအတွင်း နိုင်ငံတော်အာဏာလွှဲပြောင်းပေးသည့် အခမ်းအနား ကျင်းပခဲ့သည်။ ယင်းနေ့ နံနက် ၈ နာရီ မိနစ် ၂၀ တွင် အင်္ဂလိပ်ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်သည် ဘာမင်ဟန်သင်္ဘောဖြင့် မြန်မာနိုင်ငံမှ ထွက်ခွာသွားခဲ့ရာ မြန်မာနိုင်ငံအတွင်း နယ်ချဲ့စနစ်ကို အဆုံးသတ် နိုင်ခဲ့ပါသည်။ သို့သော် နယ်ချဲ့တို့ မြန်မာနိုင်ငံအတွင်းမှ ထွက်ခွာသွားခဲ့သော်လည်း ၎င်းတို့ နည်းလမ်းအမျိုးမျိုးဖြင့် မျိုးစေ့ချခဲ့သည့် သွေးခွဲမှုများမှ တစ်ဆင့် ပြည်တွင်းလက်နက်ကိုင် တိုက်ခိုက်မှုများမှာ လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာခဲ့တော့သည်။ ထိုပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ သည် နှစ်ပေါင်းများစွာ ကြာသည့်တိုင် ဖြေရှင်းရန် ကျန်ရှိနေဆဲ ဖြစ်သည်။ ပြည်တွင်းပဋိပက္ခများကြောင့် လွတ်လပ်ရေး၏ အနှစ်သာရများနှင့် ရည်မှန်းချက်များကို ထိခိုက်စေလျက် ရှိပါသည်။ မြန်မာနိုင်ငံကဲ့သို့ပင် နယ်ချဲ့တို့လက်အောက် ကျရောက်၍ သွေးခွဲ အုပ်ချုပ်မှုကြောင့် ပြိုကွဲနေသည့် နိုင်ငံများကို ယနေ့ထက်တိုင် တွေ့မြင်နေကြရသည်။

## မတူကွဲပြားမှုများဖြင့်

လူသားတိုင်းသည် တစ်ဦးနှင့်တစ်ဦး အားလုံးထပ်တူညီရန် မလွယ်ကူပါ။ တစ်အူထုံ့ဆင်း မွေးချင်းများပင် အားလုံးထပ်တူမညီတတ်ကြပါ။ အလားတူပင် တစ်မိသားစုအတွင်းမှ ညီအစ်ကိုမောင်နှမများပင် တစ်ဦးနှင့်တစ်ဦး ရုပ်သွင်ပြင်၊ စိတ်နေစိတ်ထား၊ အပြုအမူ၊ စရိုက်များ ကွဲပြားတတ်ကြပါသည်။ ယင်းမှာ သဘာဝပင်ဖြစ်ပါ၏။

**လူ့သဘာဝအရ မတူညီတတ်သည့်သဘောကို နားလည်လက်ခံ၍ ယင်းမတူကွဲပြားမှုဖြင့် ညီညွတ်စွာ ပေါင်းစည်းခြင်း၊ လက်တွဲခြင်း၊ ယှဉ်တွဲနေထိုင်ခြင်းသည် ယနေ့လျှောက်လှမ်းနေဆဲ ဒီမိုကရေစီ၏ အနှစ်သာရတစ်ခုပင် မဟုတ်ပါလား။ တိုင်းရင်းသားအားလုံးဖြင့် ပြည်ထောင်စုကြီး တည်ဆောက်ရန်ဆိုပါက မတူကွဲပြားမှုများဖြင့် စည်းလုံးမှသာ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်း တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်နေကြသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့် လွတ်လပ်ရေးကြီးကို စည်းလုံးညီညွတ်စွာ ရယူခဲ့သည့်နည်းတူ မိမိတို့နိုင်ငံအား နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန်ဆိုပါက ညီညွတ်စွာ တည်ဆောက်ကြရမည် ဖြစ်ပါသည်။**

**အထူးသဖြင့် ကမ္ဘာတွင် မရေရာမသေချာမှုများ မြင့်တက်နေခြင်း၊ နိုင်ငံရေး၊ စီးပွားရေး စိန်ခေါ်မှုများရှိနေခြင်း၊ ကျန်းမာရေးဆိုင်ရာ အကျပ်အတည်းများရှိနေခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များ တိုးမြင့်လာနေခြင်း စသည့် ကမ္ဘာ့ရေးရာများသည် မိမိတို့နိုင်ငံသို့လည်း အကျိုးသက်ရောက်လျက်ရှိသည်။ ထိုသို့သောအချိန်တွင် အရေးကြီးက သွေးနီးသည့်စကားနှင့်အညီ တိုင်းရင်းသားအားလုံး သွေးနီးကြရန် ကြိုးစားကြရမည်ဖြစ်သည်။**


တိုင်းရင်းသားများအကြား မတူကွဲပြားခြင်းသည် ဆန့်ကျင်ဘက်ဖြစ်ခြင်းဟု ဆိုလိုသည်မဟုတ်ပါ။ မတူကွဲပြားမှုသည် လွတ်လပ်စွာ အတူတကွတွေးခေါ်ခြင်း အနုပညာဟု အမေရိကန်စွန့်ဦးတီထွင်သူလည်းဖြစ်၊ Forbes မဂ္ဂဇင်းထုတ်ဝေသူလည်းဖြစ်သူ Malcolm Forbes က ဆိုပါသည်။ သို့ဖြစ်ရာ မိမိတို့လူ့အဖွဲ့အစည်းအတွင်း ရုပ်သွင်ပြင်လက္ခဏာ၊ ယဉ်ကျေးမှု၊ ဘာသာစကား၊ လူမှုရေး၊ ကိုးကွယ်ယုံကြည်မှု၊ နိုင်ငံရေး၊ အတွေးအခေါ်နှင့် သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ မတူကွဲပြားမှုများကို နားလည်လက်ခံထားခြင်းဖြင့် လူ့အဖွဲ့အစည်းအတွင်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆက်ဆံမှုကို တိုးတက်ကောင်းမွန်စေပြီး ပိုမိုညီညွတ်မှုကို ရရှိစေပါမည်။

## ညီညွတ်ရေး


သမိုင်းတစ်လျှောက် လွတ်လပ်သောနိုင်ငံအဖြစ်မှ နယ်ချဲ့လက်အောက် ကျရောက်ပြီးနောက် လွတ်လပ်ရေး၏ အနှစ်သာရကို တမ်းတခဲ့ကြပါသည်။ ပေးဆပ်မှုအမျိုးမျိုးဖြင့် ကြိုးပမ်းခဲ့ကြပါသည်။ အစားထိုးမရသည့် ဆုံးရှုံးမှုများ ကြီးမားခဲ့ကြသည်။ ***အချုပ်ပို (၇) သို့***



ဇန်နဝါရီလ ၄ ရက်နေ့က လယ်ဝေးမြို့တွင်ကျင်းပသော လွတ်လပ်ရေးအောင်ပွဲ အခမ်းအနား၌ မြို့ပိုင် ဦးစောလွင်က လွတ်လပ်ရေးကြေညာစာတမ်း ဖတ်ကြားစဉ်။



လက်ပံတန်းမြို့
လွတ်လပ်ရေး
အောင်ပွဲ
အခမ်းအနား
လှည့်လည်ပွဲတွင်
ပြည်သူ့ရဲတပ်ဖွဲ့
တပ်ဦးတီးဝိုင်းကို
ဤသို့ တွေ့မြင်ရပုံ။



သထုံမြို့တွင်
လွတ်လပ်ရေး
အောင်ပွဲအတွက်
မြို့တွင်းသို့လှည့်လည်ရန်
အသင်း၊ အဖွဲ့၊
ပေါင်းစုံတို့ကို နံနက်
၇ နာရီအချိန်တွင်
တွေ့မြင်ရပုံ။

*အချပ်ပို (ခ) မှ*

ယနေ့ထက်တိုင်လည်း ကိုလိုနီစနစ်၏ ဒဏ်ရာဒဏ်ချက်များက အကင်းမသေသေးပါ။ လွတ်လပ်ရေးကြီးကို ပြန်လည်ရယူလိုခဲ့သည့် အန္တိမရည်မှန်းချက်မှာ လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုး ဖြစ်လိုသည့် ဆန္ဒတစ်ခုတည်း မဟုတ်ပါ။ အခြားသူများနှင့် တန်းတူညီမျှမှုရရှိ၍ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်သည့် တိုးတက်သောနိုင်ငံအဖြစ် တည်ဆောက်ရန်လည်း ပါဝင်ပါသည်။

လွတ်လပ်ရေးနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် ကျင်းပသည့် တိုင်းပြုပြည်ပြုလွှတ်တော် အစည်းအဝေးတွင် ပြောကြားခဲ့ဖူးပါသည်။ ယင်းမိန့်ခွန်း တွင် **“ဒီတော့ ကျွန်တော်တို့က တကယ်ပဲ သုညကစပြီး အကုန်လုံးပြန်ပြီးတော့ အုတ်မြစ်ချပြီး အလုပ်လုပ်ရမှာဆိုတော့ အခြားနိုင်ငံတွေက ခြေလှမ်းတစ်လှမ်း လှမ်းရင်၊ တခြားလွတ်လပ်တဲ့ နိုင်ငံတွေက ခြေလှမ်းတစ်လှမ်း လှမ်းရင် ကျွန်တော်တို့က ခြေလှမ်း ၄၊ ၅၊ ၁၀ လှမ်း လှမ်းလိုက်နိုင်မှ၊ အဲဒီလို လိုက်နိုင်တဲ့အခါမှ နောက် ၁၀ နှစ်၊ အနှစ် ၂၀ တန်သည်အားဖြင့် အဲဒီလို တန်းတူညီတူ ဖြစ်သွားမယ်။ တန်းတူညီတူမဖြစ်သမျှကာလ ပတ်လုံး ဒီတိုင်းပြည်ကြီးဟာ လွတ်လပ်တယ်ဆိုပေမဲ့ ဟိုလူ့မြင်တဲ့ အခါမှာ မျက်နှာချိုသွေးရ၊ ဒီလူ့မြင်တဲ့အခါ မျက်နှာချိုသွေးရနဲ့ – သည်လိုနိုင်ငံမျိုး ဖြစ်နေမှာပဲဆိုတာ ခင်ဗျားတို့ အတိအလင်းနားလည်ထားစေချင်တယ်။ အားမှမရှိသေးတော့ အဲဒီလိုပဲဖြစ်နေမှာပဲ။ အဲဒီတော့ကာ အင်မတန်မှကို ကျွန်တော်တို့ တစ်ခါတည်း ကျွန်တော်တို့ တိုင်းပြည်မှာရှိတဲ့လူတွေ စည်းစည်းရုံးရုံးနဲ့ရှိပါမှ – သည်သဘောမျိုး၊ နိုင်ငံမျိုးမဖြစ်ဘဲနေမှ၊ အဲဒီတော့ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းရင်းသားလူထုညီညွတ်ရေး။ စားဖားသမားတွေ ညီညွတ်တာ ကျွန်တော် မလိုချင်ပါဘူး။ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းသူပြည်သား လူထုညီညွတ်ရေး၊ အဲဒီညီညွတ်ရေးနှစ်ခု မရှိသမျှကာလပတ်လုံး ဒီတိုင်းပြည်ဟာ လွတ်လပ်ပင် လွတ်လပ်ငြားသော်လည်း ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရ လုပ်လုပ်၊ – သည်တိုင်းပြည် ဖြစ်နေမှာပဲ လို့ ကျွန်တော်ပြောချင်တယ်။ အဲဒီတော့ကာ ဒီနှစ်ခုကို ခင်ဗျားတို့ မပျက်ပြားပါစေနဲ့။ ဘယ်သူက ဘာလုပ်လုပ် မပျက်ပါစေနဲ့။ အဲဒါ အင်မတန်အရေးကြီးပါတယ်”** ဟု ပြတ်သားစွာ ပြောကြားခဲ့ပါသည်။

**မြန်မာနိုင်ငံအတွင်း တစ်မြေတည်းနေ၊
တစ်ရေတည်းသောက်နေကြသည့်
တိုင်းရင်းသားညီအစ်ကို
မောင်နှမများအနေဖြင့် လွတ်လပ်ရေးကြီးကို
စည်းလုံးညီညွတ်စွာ ရယူခဲ့သည့်နည်းတူ
မိမိတို့နိုင်ငံအား နိုင်ငံတကာနှင့်
ရင်ပေါင်တန်းနိုင်စေရန်ဆိုပါက
ညီညွတ်စွာ တည်ဆောက်ကြရမည်ဖြစ်**

## အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်နိုင်မည်

ယနေ့ဆိုလျှင် လွတ်လပ်ရေးရရှိခဲ့သည်မှာ စိန်ရတုသို့ပင်ရောက်ရှိပြီ ဖြစ်ပါသည်။ ဆက်လက်ကြိုးပမ်းစရာများ ကျန်ရှိနေဆဲဖြစ်ပါသည်။ နိုင်ငံတကာနှင့် တန်းတူညီတူဖြစ်ရန်အတွက် ကြိုးပမ်းရာတွင် စိန်ခေါ်မှုများ၊ အခက်အခဲများကို ဖြတ်ကျော်ကြရပါဦးမည်။ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့ တိုင်းရင်းသားလူမျိုး များပြားသည့်နိုင်ငံတွင် မတူကွဲပြားမှုများကို စည်းလုံးညီညွတ်မှုအဖြစ်သို့ အသွင်ပြောင်း အသုံးပြုနိုင်ရေးသည် မိမိတို့လူ့အဖွဲ့အစည်းအတွက် ဦးစားပေးလိုအပ်ချက် ဖြစ်နေပါသည်။

မတူကွဲပြားမှုများကို ပေါင်းစည်းမှုအဖြစ် ပြောင်းလဲနိုင်ခြင်းဖြင့် တည်ငြိမ်မှု၊ ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးရေးတို့ကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ရာ လူ့အဖွဲ့အစည်းကို မထိခိုက်စေဘဲ ယင်း မတူကွဲပြားမှုများကို အသိအမှတ်ပြုရန်နှင့် ကွဲပြားခြားနားမှုများကို ညှိနှိုင်းအဖြေရှာရေး နည်းလမ်းများ ရှာဖွေဖြေရှင်းကြရမည် ဖြစ်ပါသည်။ သို့မှသာ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ကမ္ဘာအရှည် တည်မြဲရေး မျိုးဆက်အဆင့်ဆင့် အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်နိုင်မည် ဖြစ်ပါသည်။** ။

**ကိုးကား
ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းများ၊
၁၇.၃.၄၅ မှ ၁၉.၇.၄၇ အထိ၊ စာပေဗိမာန်
ခေတ်ပုံမှတ်တမ်း – ၁၉၄၈ ခုနှစ် သတင်းစာများ။**

# လွတ်လပ်ရေးဆိုသည်မှာ


★ လွတ်လပ်ရေးဆိုသည်မှာ . . . ။
ရှိနေစဉ် မသိသာလှပေမယ့်
မရှိလေလျှင် သိသာလှ
ဒုက္ခကွန်ချာ။
ကျွန်အဖြစ် နှံ့နှစ်ပါ
အသည်းနာစရာ အလွန်ကောင်း။
ကိုယ့်ဆန်ကို ကိုယ်မစားရပေဘူး
ကိုယ်ခြံမှာ ကိုယ်မနားရပေဘူး
တစ်ပါးသူပြုသမျှ
နုရပေကြောင်း။

★ လွတ်လပ်ရေးဆိုသည်မှာ . . . ။
အမှုမဲ့ မနေလိုက်ပါနဲ့
အမှတ်မဲ့ မနေလိုက်ပါနဲ့
နေလိုက်လျှင် မထင်မှတ်ပါပဲ
ဖျတ်ခနဲဆို သူ့လက်တွင်း
သက်ဆင်းရပါ။
ပြန်ရဖို့ အချိန်မှာ
ရှည်ကြာလှ နှစ်ပေါင်း။
မြောက်မြားစွာ အသက် သွေးတွေ
ပေးဆပ်ရကြောင်း။

★ လွတ်လပ်ရေးဆိုသည်မှာ . . . ။
နိုင်ငံသူ နိုင်ငံသားတို့
နိုးကြားအတွေး ရှင်သန်လို့
အမျိုးသားရေး အမြင်မှန်လို့
တစ်ကြော့ပြန် တစ်ဖန်မပျောက်အောင်
စောင့်ရှောက်ရမှာ။
မြန်မာ့ရဲ့ အချုပ်အခြာ အာဏာ
မြန်မာသာ ပိုင်စေဖို့။
တိုင်းရင်းသား ပြည်သူတို့
ရိုင်းပင်းအား ညီတူလို့
ရှေ့တူရှု ခရီးဆက်မယ်
တွဲလက် ခိုင်စို့။ ။

မြင်းမူမောင်နိုင်မိုး


လွတ်လပ်ရေး နေ့တွင် လှည်းကူးမြို့၌ စီတန်း လှည့်လည်စဉ်။


ဖီးကုန်းမြို့၌ လွတ်လပ်ရေးအောင်ပွဲ အလံတော်ကို ပရိသတ် တစ်သောင်းကျော် အလေးပြုနေကြစဉ်။

# စိန်ရတုလွတ်လပ်ရေးနေ့ နှင့် လွတ်လပ်ရေး သစ္စာအဓိဋ္ဌာန်

မျိုးငြိမ်းငယ်

တစ်နှစ်နှင့် တစ်နှစ်သည် ကြာသည်မထင်လိုက်ရ။ ယခင်နှစ်မှ အဖြစ်အပျက်တို့ ပြက်ပြက်ထင်ထင် ရှိနေဆဲမှာပင် တစ်နှစ်ကူးပြောင်းသွားပြန်လေပြီ။ အချိန်တို့က မြန်နေသည်တော့ မဖြစ်နိုင်။ ကိုယ့်စိတ်အလျဉ်ကပဲ မြန်နေခြင်းလား၊ အဖြစ်အပျက်တို့ကပဲ မြန်နေခြင်းလား မသဲကွဲ။ ထို့ကြောင့်ပင် အချို့အဖြစ်အပျက်များအား မနေ့တစ်နေ့ကကဲ့သို့ပင် မြင်နေဆဲ၊ ထင်နေဆဲပင်။ လွတ်လပ်ရေးနေ့ကိုကြည့်.. ယခုဆို စိန်ရတုသို့ပင် ရောက်ချေပြီ။ နည်းနည်းနောနောနှစ် မဟုတ်။ ၇၅ နှစ်ပြည့်။ လွန်ခဲ့သည့် ၇၅ နှစ်က နယ်ချဲ့တို့ လက်အောက်မှ လွတ်မြောက်ခဲ့သည့်နေ့။ မြန်မာပြည်သူအားလုံးအတွက် ကြီးကျယ်ခမ်းနားသည့် နေ့တစ်နေ့ဖြစ်သည်။

ပြန်တွေးကြည့်လျှင် ကိုယ့်မင်းကိုယ့်ချင်း အုပ်ချုပ်၍ နှစ်ပေါင်းများစွာ ရပ်တည်နိုင်ခဲ့သည့် မြန်မာနိုင်ငံ။ အရင်းရှင်စနစ်၊ နယ်ချဲ့ကိုလိုနီစနစ်၊ သိမ်းပိုက်ခံနိုင်ငံများနှင့် ပြည်သူလူထု၊ လူကိုလူချင်း ကုပ်သွေးစုပ်မှု၊ နယ်ချဲ့တော်လှန်ရေးများနှင့် နောက်ဆုံးတွင် ကမ္ဘာစစ်ကြီး နှစ်ကြိမ်.. စသည့် ဖြစ်စဉ်တို့ကို ကျိုးကြောင်းဆက်စပ်စွာ တွေ့မြင်ရသည်။

လူကိုလူချင်း အမြတ်ထုတ်သွေးစုပ်ခဲ့ကြသည့် သမိုင်းဖြစ်စဉ်များမှာ နှစ်ပေါင်းများစွာကြာမြင့်နေသည့်တိုင် မေ့ပျောက်ရန် ခက်ခဲလှပါသည်။ ထိုလူ့သမိုင်းဖြစ်စဉ်များထဲတွင် မြန်မာနိုင်ငံသည်လည်း နယ်ချဲ့တို့၏ ကျူးကျော်သိမ်းပိုက်မှုကို ခံစားခဲ့ရသည်။ ယင်း၏အကျိုးဆက်သည် ပြည်သူလူထုအပေါ် များစွာအကျိုးသက်ရောက်စေခဲ့ပါသည်။ အထူးသဖြင့် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်ဖြင့် စုစည်းနေထိုင်ကြသည့် မြန်မာနိုင်ငံအတွက် နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုသည် သက်ရောက်မှုကြီးမားစွာ ဖြစ်ပေါ်စေခဲ့ပါသည်။

## နယ်ချဲ့တို့၏သွေးခွဲအုပ်ချုပ်မှု

နယ်ချဲ့အင်္ဂလိပ်တို့သည် ကမ္ဘာတွင် နေမဝင်အင်ပါယာကို ပိုင်ဆိုင်ခဲ့သူဖြစ်သည်။ နယ်ချဲ့အင်္ဂလိပ်တို့သည် ၎င်းတို့၏ အာဏာနှင့် နယ်မြေများကို လွယ်ကူစွာ ထိန်းသိမ်းနိုင်ရန်နှင့် ၎င်းတို့၏အကျိုးစီးပွားများအတွက်၊ အစွမ်းကုန် အမြတ်ထုတ်ယူရန်အတွက် သွေးခွဲအုပ်ချုပ်ရေးမူဝါဒကို တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့ကြပါသည်။

**သွေးခွဲမှုနှင့် အောင်နိုင်မှုမဟာဗျူဟာ (Divide and Conqure) ဟုခေါ်ဆိုသည့် သွေးခွဲအုပ်ချုပ်မှုမူဝါဒ (Divide and Rule) သည် နယ်ချဲ့ဗြိတိသျှတို့က ၎င်းတို့၏ ကိုလိုနီနယ်များအပေါ် လက်ကိုင်တုတ်အဖြစ်အသုံးပြုခဲ့သော မူဝါဒတစ်ခုဖြစ်ပါသည်။ နယ်ချဲ့တို့သည် မြန်မာနိုင်ငံတွင်သာမက အိန္ဒိယနိုင်ငံနှင့် အခြားကိုလိုနီနယ်မြေများတွင်လည်း အလားတူ အသုံးပြုခဲ့ကြသည်။ ရည်ရွယ်ချက်မှာ ၎င်းတို့၏အာဏာနှင့် ထိန်းချုပ်မှုကို နှစ်ပေါင်းများစွာ ထိန်းသိမ်းနိုင်ရန်ပင်ဖြစ်သည်။**

သို့ဖြစ်ရာ နယ်ချဲ့တို့သည် မြန်မာနိုင်ငံအား နှစ်ပေါင်းများစွာ အုပ်ချုပ်နိုင်ရန်အတွက် နိုင်ငံကို စတင်သိမ်းပိုက်ကတည်းကပင် မတူညီသော နယ်မြေများ၊ လူမျိုးစုများ၊ ဘာသာရေးများအကြား ခွဲခြားအုပ်ချုပ်မှုများကို စနစ်တကျ ဖန်တီးပေးခဲ့ကြသည်။ မြန်မာနိုင်ငံအား နယ်ချဲ့တို့ သိမ်းပိုက်ပြီးနောက် သဘာဝရင်းမြစ်များနှင့် လုပ်အားကို ခေါင်းပုံဖြတ် အမြတ်ထုတ်၍ စီးပွားရေးကို ထိန်းချုပ်ခဲ့ကြသည်။ နိုင်ငံအတွင်းရှိ ဝေးလံခေါင်ဖျားသည့် ဒေသများတွင် ဘာသာရေးမစ်ရှင်များ စေလွှတ်၍ ဘာသာရေးအရ လွှမ်းမိုးမှုများနှင့် ခွဲခြားမှုများ ပြုလုပ်ခဲ့ကြသည်။ မြန်မာနိုင်ငံအား အုပ်ချုပ်ရာတွင် တစ်နိုင်ငံလုံးကို တစ်ပြေးညီ အုပ်ချုပ်ခြင်းမပြုဘဲ မြေပြန့်ဒေသ၊ တောင်ပေါ်ဒေသ၊ နယ်ခြားဒေသများ အဖြစ် ခွဲခြားအုပ်ချုပ်ခဲ့သည်။

ထိုသို့အုပ်ချုပ်ရာတွင် မြန်မာတစ်နိုင်ငံလုံးရှိ တိုင်းရင်းသားတို့၏ မျိုးချစ်စိတ်နှင့် နယ်ချဲ့ဆန့်ကျင်လိုစိတ်ကို ဖြိုခွဲလိုခြင်း၊ နိုင်ငံရေးအင်အားစုများအား အစိတ်စိတ်အမွှာမွှာဖြစ်စေလိုခြင်း၊ ၎င်းတို့အကျိုးအမြတ်အတွက် ဒေသခံများ၏ တွေးခေါ်မှုနှင့် ယုံကြည်မှုကို ထိန်းချုပ်လိုခြင်း၊ အုပ်စုတစ်ခုကို အခြားအုပ်စု တစ်ခုထက် ပိုမိုဦးစားပေးဆက်ဆံခြင်းဖြင့် အုပ်စုများကြားတွင် မနာလိုမှုနှင့် နာကြည်းမှုများ ဖြစ်ပေါ်စေခြင်း၊ ဒေသတစ်ခုနှင့်တစ်ခုအကြား မညီမျှသောတိုးတက်မှုကြောင့် မတည်ငြိမ်မှုနှင့် ပဋိပက္ခများ ဖြစ်ပွားစေခြင်း၊ ပညာရေးစနစ်ကို ထိန်းချုပ်ခြင်းဖြင့် လူထုအကြား ပညာတတ်မြောက်မှုမညီမျှစေခြင်း စသည့် နည်းလမ်းအမျိုးမျိုးကို အသုံးပြု၍ သွေးခွဲခဲ့ကြသည်။ နောက်ဆုံး မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးသည့်အချိန်အထိ မြှောက်ပင့်ပေးခြင်း၊ သွေးခွဲခြင်း၊ သပ်လျှိုခြင်းနည်းလမ်းများဖြင့် နိုင်ငံပြိုကွဲပျက်စီးစေရန် လုပ်ဆောင်ခဲ့ကြသည်။

## အကျိုးဆက်များ

နယ်ချဲ့တို့၏ စနစ်တကျ သွေးခွဲအုပ်ချုပ်မှုကြောင့် ကိုလိုနီနိုင်ငံများမှာ အများအားဖြင့် သွေးကွဲခြင်း၊ ခွဲထွက်သွားခြင်း၊ ပျက်စီးသွားခြင်းများ ဖြစ်ခဲ့ကြသည်။ ထို့အပြင် မြန်မာနိုင်ငံအတွင်းသို့ အိမ်နီးချင်းနိုင်ငံများမှ ရွှေ့ပြောင်းလုပ်သားများ တင်သွင်းခဲ့ခြင်းကြောင့် မြန်မာနိုင်ငံအတွင်း လူမျိုးရေးအဓိကရုဏ်းများ၊ ဘာသာရေးနှင့် လူမျိုးရေးဆိုင်ရာ ပဋိပက္ခများကိုလည်း ဖြစ်ပေါ်စေခဲ့သည်။

အထူးသဖြင့် မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားများကို နိုင်ငံရေးအရ သွေးခွဲအုပ်ချုပ်ခြင်းနှင့် နယ်မြေပိုင်းခြား အုပ်ချုပ်ခြင်းတို့သည် နိုင်ငံ၏ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေခဲ့ပါသည်။ နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်သည့် မူဝါဒကြောင့် အချို့ကိုလိုနီနိုင်ငံများသည် လွတ်လပ်ရေးရရှိပြီးနောက် ခွဲထွက်မှုများ ဖြစ်ပေါ်ခဲ့သည်။ နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှုသည် လွတ်လပ်ရေးရပြီး ဆယ်စုနှစ်ပေါင်းများစွာကြာသည့်တိုင် အမြစ်မပြတ်နိုင်ဘဲ ရှိနေဆဲဖြစ်ပါသည်။

## လွတ်လပ်ရေး သစ္စာအဓိဋ္ဌာန်

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နယ်ချဲ့တို့ထံမှ လွတ်လပ်ရေး ရရှိခဲ့ပါသည်။ နှစ်ပေါင်း ၁၀၀ ကျော် နယ်ချဲ့တို့အုပ်ချုပ်ခဲ့မှု အဆုံးသတ်ပြီး လွတ်လပ်၍ အချုပ်အခြာအာဏာပိုင် သောနိုင်ငံအဖြစ်သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

လွတ်လပ်ရေး ရသည့်နေ့တွင်ပင် လွတ်လပ်ရေးမော်ကွန်းကျောက်တိုင်ကို အုတ်မြစ်ချခဲ့သည်။ မော်ကွန်းကျောက်တိုင်တွင် လွတ်လပ်ရေးသစ္စာအဓိဋ္ဌာန် ကိုးချက်ကို ရေးထိုးထားသည်။

*အချုပ်ပို (ခ) သို့*

**လွတ်လပ်ရေးကြီးအား ပြန်လည်ရယူလိုခဲ့သည့် အန္တိမရည်မှန်းချက်မှာ လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုး ဖြစ်လိုသည့်ဆန္ဒ တစ်ခုတည်းမဟုတ်ပါ။ အခြားသူများနှင့် တန်းတူညီမျှမှုရရှိ၍ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သည့် တိုးတက်သောနိုင်ငံအဖြစ် တည်ဆောက်ရန်လည်းပါဝင်**